


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရှင်မိုး (ဆေးတက္ကသိုလ်)

# နေခြည်သစ်နှင့်တေဝါခြင်း

စာမူခွင့်ပြုချက်အမှတ် - ၁၀၄၅/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၁၂/၂၀၀၂ (၁၂)
၂၀၀၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/-

ပုံနှိပ်သူ ... ဦးကျော်လှိုင် (၅၅၇၃) ငွေတာရာ (OFFSET
အမှတ်(၅၉)၊ (၁၉)ရပ်ကွက်၊ ရန်ကုန်။

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင် (မြို့တော်စာပေ-၁၆၉၂)
ရွှေနံ့သာတော့ရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး

(ဆေး တ က္က သိုလ်)

## နေ ခြည် သစ် နှင့် စ တင် ခြင်း

မောင် ကျော် လှိုင်
စေတနာစာပေ
မှ
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံသစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် [၄] ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် [၄] ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com


# နိဒါန်း


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


သွင်သည် စောင့်ရတာ ပျင်းလာတာနဲ့ အနီးအနားကို လမ်းလျှောက်ကြည့်လိုက်ရင်း စာအုပ်ဆိုင်အသေးလေးတွေ့သဖြင့် ဝင်ရပ်နေလိုက်ပါသည်။

သွင်က လစဉ်ထုတ် မဂ္ဂဇင်းထဲက ကောင်းနိုးရာရာကို အစွဲထားပြီး ရွေးချယ်ဝယ်ယူတတ်သလို အပတ်စဉ် နေ့စဉ်ထုတ် ဂျာနယ်များထဲမှ နှစ်သက်သည်တို့ကိုလည်း ရွေးချယ်ဝယ်လေ့ရှိသူပင်...။

“အစ်မဘာလိုချင်လို့လဲ”

“အင်း...ကြည့်တာပါ၊ ဒီနေ့ဂျာနယ်ထဲက ဘာဝယ်ရမလဲလို့”

“ဒါ...ဒီနေ့ ထွက်တာတွေ...”

စာအုပ်ရောင်းသော ကောင်မလေးက ဂျာနယ်တစ်ထပ်ကို လက်ဖြင့် ပုတ်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


သွင်သည် အားကစားဂျာနယ်တွေဆိုလျှင် ကို ထိပ်က ဝယ်ပြီးသား ဖြစ်နေတတ်လေရာ သူ့အတွက် လိုက်ဝယ်ပေးထားလည်း အလကားဖြစ်မလားရယ်လို့ တွေးပြီး ဟိုလှန်ဒီလှန် လုပ်နေပါသည်။

ထိုအချိန်တွင် သွင်ရွေးနေသော ဂျာနယ်တစ်ထပ်ထဲမှ တစ်စောင်ကို လာဆွဲယူခြင်းခံရလျှင် ဂျာနယ်တစ်ထပ်က လျှောခနဲ အကုန်ပြုတ်ကျသွားသည်။

"ဟာ...ဆောရီး..."

ထိုသူက ပြောပြောဆိုဆို ဂျာနယ်တွေကို ကိုင်ကောက်ရင်း အသေအချာ ပြန်စီတင်ပေးသည်။

"ရပါပြီအစ်ကို...ပြန်ကောက်ပေးတာ ကျေးဇူးတင်ပါတယ်"

ရောင်းသူ ကောင်မလေးက ထိုသူ့ကို လှမ်း၍ ကျေးဇူးတင်စကား ပြောပါသည်။

ထိုသူက သူ့ဘေးတွင်ရပ်နေဆဲဖြစ်သည့် သွင့်ကို လှည့်ကြည့်ပြီး...

"ဩော်...ဒီက ရွေးနေတာလား မသိဘူး...ဆောရီးဗျာ... ကျွန်တော် အလျင်လိုပြီး လှမ်းဆွဲ ယူလိုက်တာဗျာ လုသူသလို ဖြစ်သွားတယ်"


www.burmeseclassic.com

www.burmeseclassic.com


“ရပါတယ်…ကျွန်မ အားကစားဂျာနယ် ဝယ်ဖို့ရွေးနေတာတော့ မဟုတ်ပါဘူး…ဘာဖတ်ရင် ကောင်းမလဲလို့ လျှောက်ရှာနေတော့ တခြားရွေးမယ့်သူကို ပိတ်ကွယ်ထားသလိုတောင် ဖြစ်နေတာပါ”

“အားကစားဂျာနယ် မဖတ်ဘူးလား”

“ဖတ်တယ်”

“ဩော်…ဟုတ်လား…ထူးဆန်းလိုက်တာ…မိန်းကလေးတွေက အားကစားဂျာနယ် ဖတ်ခဲတယ်ဗျ”

“ကျွန်မက ဘောလုံးအကြောင်းပါရင် ဖတ်တယ်”

“အဟား…”

“မိန်းကလေးဖြစ်ပြီး ဘောလုံးပွဲ ဝါသနာပါနေလို့ ရယ်တာလား”

“သဘောကျလို့ဗျ”

“ဘယ်လို”

“ဩော်…အထင်မလွဲပါနဲ့ဗျာ…မိန်းကလေးတော်တော်များများက ဘောလုံးပွဲကို သိပ်စိတ်မဝင်စားကြတော့ အံ့ဩပြီး သဘောကျတာပါ”


www.burmeseclassic.com

www.burmeseclassic.com


"ဖေဖေ့ကြောင့်လေ... ဖေဖေက ဘောလုံးသိပ်ဝါသနာပါ တာပေါ့...ဖေဖေသွင်းပေးခဲ့တဲ့ ပိုးက အခုထိ ခေါင်းထောင် တုန်းပဲ"

သွင်သည် ဖော်ရွေပြီး သဘောကောင်းပုံရသော ကောင်လေး နှင့် မထင်မှတ်ဘဲ စကားလက်ဆုံကျသွားမိပါသည်။

အဲဒီမှာ သွင်က ကိုထိပ်နဲ့ချိန်းထားရာ နေရာကိုပြန်သွားဖို့ အချိန်မမီ ဖြစ်သွားခဲ့ပါသည်။

သွင့်မြင်ကွင်းထဲကို ကိုထိပ် ဝင်လာတော့မှပဲ သတိရကာ...

"ဟော..."

ဟု စကားပြောနေရင်း အသံပြုလိုက်မိလျှင် သွင်နှင့် စကား ကောင်းနေပုံရသော ကောင်လေးက သွင်ကြည့်ရာကို လိုက်၍ လှည့် ကြည့်ပါသည်။

"သွင်ကလည်းကွာ...ပြောထားတဲ့နေရာမှာ ရောက်မနေဘူး၊ ကိုယ် မှန်းပြီး ဒီဘက်ကို လျှောက်လာမိပေလို့ပဲ...နောက် မို့ လွဲနေဦးမယ်"

ကိုထိပ်သည် ချစ်သူကို အလကားနေရင်း သဝန်တိုတတ်သူ မဟုတ်သော်လည်း ချိန်းထားသောနေရာမှာအဆင်သင့် ရောက်မနေဘဲ


www.burmeseclassic.com

www.burmeseclassic.com


တခြားတစ်နေရာမှာ ကောင်လေးတစ်ယောက်နှင့် ရယ်ရယ်မောမော စကားလက်ဆုံကျနေသော အခြေအနေကို မြင်ရသောအခါမှာတော့ စိတ်တိုသလိုလို ဖြစ်သွားသည်။

ဒါကို သွင်က ချက်ချင်းရိပ်မိသည်။ မသိဘဲ နေပါ့မလား။ ချစ်သူမဖြစ်ခင် သူငယ်ချင်းသက်တမ်းက ငါးနှစ်၊ ချစ်သူဖြစ်တာ နှစ်နှစ်နဲ့၊ ဒီလူ့ မျက်နှာရိပ် မျက်နှာကဲမှ မခတ်တတ်ရင် သွင်ဟာ အဲဒီလူရဲ့ချစ်သူအဖြစ် နာမည်ခံနေဖို့ မကောင်းတော့ဘူးပေါ့။

"သွင်က စောင့်ရတာပျင်းလို့ ဒီဘက် ခဏလျှောက်လာရင်း ဂျာနယ် ရွေးနေတာ"

"ဝယ်ပြီးပြီလား"

"ကိုထိပ် ဘာဝယ်ထားလဲ"

"ဒီနေ့ တစ်နေကုန် အပြင်ထွက်ဖို့ အချိန်တောင်မရှိဘူး... အလုပ်ထဲမှာ ပိနေတာကွာ...**F.A Cup** (အက်ဖ်အေကပ်) အကြောင်းရေးထားတဲ့ ဂျာနယ်ပါရင် ဝယ်ချင်တာတောင် ထွက်မဝယ်ရဘူး...**Boss** (ဘော့စ်)က ဒီနေ့ ဇာတ်ရှိန် တင်နေလို့ကွာ"

"ဒါဆို သွင်ဝယ်လိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com


သွင်သည် အခုထိ ဆိုင်ထဲက ထွက်မသွားသေးသော ကောင်လေးကို လှည့်ကြည့်ပြီး စကားပြောမနေတော့ပါ။

သွင်တို့က အခုမှ မတော်တဆ တွေ့ပြီး သာမန်ကာလျှံကာ စကားပြောဖြစ်ကြသူ ခရီးသွားဟန်လွဲ တွေ့ကြသူတွေမို့ သွင်ကတော့ ပြတ်သားစွာပင် စကားဆက်ပြောဖို့ စိတ်ကူးမနေတော့ပါ။

"သွင်...ရော့...ကိုယ့်ဆီက ပေးလိုက်"

"ရပါတယ်...သွင် ပေးလိုက်ပြီပဲ"

ကောင်လေးက စာအုပ်တစ်အုပ်ကို ခေါင်းငုံ့ပြီး လှန်လှောနေရင်း ဆံပင်ပျော့များ ကွယ်ထားသော မျက်လုံးတွေနှင့် သွင်တို့ကို ခိုးကြည့်နေမှန်း သွင် ရိပ်မိလေသည်။

ဩော်...ဖြစ်မှဖြစ်ရလေ။

မတော်တဆလေး စကားပြောမိတာကို ပါးပါးလေး မခံစားဘဲ ထူထူထဲထဲကြီး ခံစားချင်ပြီထင်ပါ့။

ကိုထိပ်ကား ဘယ်တုန်းကမှ ချစ်သူလက်ကို ဆွဲပြီး လမ်းလျှောက်လေ့ သိပ်မရှိသလို ဆယ်ခါမှာ တစ်ခါလောက်ပဲ လက်တွဲပြီး လမ်းလျှောက်ကျင့်ရှိသူ ဖြစ်ပေမယ့် ဒီတစ်ခါတော့ သူလည်း အခြေအနေကို ရိပ်မိသည်ထင့်...။



www.burmeseclassic.com

www.burmeseclassic.com


ကောင်လေးရှေ့မှာ သွင့်လက်ကို ခပ်ပိုင်ပိုင် ဆွဲကာ ဖြတ်လျှောက်ခဲ့လေသည်။

*　*　*


www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


(၁)

တသွင်သွင်သည် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီးသောအခါ အရင်က မိဘတွေနှင့် အတူနေခဲ့သော နှစ်ခန်းတွဲ တိုက်ခန်းကျယ်ကြီးမှာ နေလို့ မဖြစ်တော့ပါ။

ဆွေမျိုးညာတကာ နည်းပါးသူတွေဟု ကဲ့ရဲ့လျှင်လည်း ခေါင်းငုံ့ခံရမည်သာပင် တသွင်သွင်တို့ မိဘနှစ်ပါးဘက်မှ ဆွေမျိုးတွေနှင့် အဆက်အသွယ်လည်း သိပ်မရှိလှသလို တချို့က နိုင်ငံခြားမှာ နေနေကြတာများတာလည်း ပါသည်။

ဒါနဲ့ပဲ မိဘနှစ်ပါး ရောဂါကိုယ်စီဖြင့် ရှေ့ဆင့်နောက်ဆင့်ဆုံးသောအခါ နီးစပ်ရာ ဆွေမျိုးအနည်းငယ်တို့က သူ့အိမ်လာနေ ငါ့အိမ်လာနေဟူ၍သာ ခေါ်ဖို့ စိတ်ကူးကြပြီး သွင်နှင့်အတူ လာနေပေးနိုင်ကြသူ တစ်ဦးမှ မမြင်။


www.burmeseclassic.com

www.burmeseclassic.com


"သွင်က သွင်နဲ့ အဖော်နေပေးနိုင်မယ့် ဒွေးတော်မိကြီး တစ်ယောက်ယောက်လောက် လိုချင်တာ...ကိုထိပ်ရယ်... ဘယ်နှစ်ဝမ်းကွဲကွဲပေါ့...ဆွေမျိုးစပ်လို့ တော်နေရင် ပြီးတာပဲ...ပြီးတော့ သွင်တစ်ယောက်တည်းနဲ့ အတူတူ အဖော်နေ ပေးလို့ရအောင် မုဆိုးမပဲဖြစ်ဖြစ်၊ အပျိုကြီးပဲဖြစ်ဖြစ် လိုချင် တာလေ...အဲဒါမျိုးကလည်း တစ်ယောက်မှ မရှိကြဘူး... အားလုံးက မိသားစုတွေနဲ့..."

"သွင်တို့ အမျိုးတွေကလည်း ဘယ်သူကမှ ဆင်းရဲတဲ့သူ မရှိကြတော့ တူမအိမ်ကို လာကပ်မနေချင်ကြဘူးပေါ့...ဒါ ကြောင့် သူတို့ အိမ်ပဲ လာနေဆိုပြီး လေသံထွက်တာ"

"သွင်ကလည်း တစ်သက်လုံးမှာ မိဘအိမ်ကလွဲရင် ဘယ် သူ့အိမ်မှာမှ မနေခဲ့ဘူးတော့...အခုကျမှဆိုတော့ ဘယ်သွား နေချင်မလဲ...အားလုံးမှာလည်း သားသမီးတွေနဲ့...သွင်သွား နေရင် တည့်ပါ့မလား စဉ်းစားရသေးတယ်"

"သွင်နဲ့က ဘယ်သူမဆို တည့်ပါတယ်ကွာ... သူတို့က ဒါကို ရိပ်မိလို့ လာနေဖို့ခေါ်တာပေါ့"

"ဒါပေမယ့် သွင် မနေချင်ဘူး...ခက်လိုက်တာနော်...မိန်း


www.burmeseclassic.com

www.burmeseclassic.com


ကလေး အပျိုအရွယ်တစ်ယောက်တည်း အိမ်ခန်းကြီးတစ်ခန်းမှာ နေဖို့ကျတော့လည်း မသင့်တော်ပြန်ဘူး”

“ဟုတ်တယ်ကွ…ကိုယ်လာလည်ချင်ရင်တောင် ဘယ်သူကမှ ရိုးရိုးသားသား မျက်လုံးတွေနဲ့ ကြည့်ကြမှာ မဟုတ်ဘူး…ကိုယ်ကလည်း အဲဒီလို အကြည့်မခံချင်ဘူး”

“နောက်ဆုံးတော့လည်း သွင် စဉ်းစားသလို အဆောင်မှာ သွားနေဖို့ပဲ ရှိတော့တယ်…ကိုထိပ်ရယ်…ဒီအိမ်ခန်းကိုတော့ ငှားထားရမှာပေါ့”

“အကြာကြီးနေရမှာ မဟုတ်ပါဘူးကွာ…ကိုယ်တို့ လက်ထပ်ကြရင် သွင် တစ်ယောက်တည်း ဒီလို အဖော်မဲ့ မနေရတော့ပါဘူး”

“သွင်တို့ ငယ်သေးတယ်နော်…လက်မထပ်ကြသေးရင် ကောင်းမယ်”

“ကိုယ်လည်း မေမေ့ကို ကတိပေးထားပါတယ်…အသက်အစိတ်ကျော်မှ အိမ်ထောင်ပြုမယ်လို့…”

သွင်သည် အသက်နှစ်ဆယ့်သုံးနှစ်အရွယ်မှာပင် မိဘမဲ့ဆွေမျိုးမဲ့သော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


သို့သော် သွင့်တွင် မိဘချန်ရစ်ခဲ့သော ပိုင်ဆိုင်ပစ္စည်းများက တော့ ဒီတစ်သက်စာ မပူမပင် နေနေနိုင်ပေမယ့် သွင်သည် အပျင်း လည်းပြေ၊ ပညာလည်းရအောင် အပေါင်းအသင်းလည်း ဆန့်အောင် ဟု ဆုံးဖြတ်ကာ အလှကုန် ဖြန့်ဖြူးသော ကုမ္ပဏီတစ်ခုမှာ အလုပ် ဝင်လုပ်ခဲ့ပါသည်။

ကျောင်းအားတိုင်း အပျော်လျှောက်တတ်ထားသမျှ သင်တန်း ပေါင်းစုံတို့၏ လက်မှတ်များကြောင့် အလှကုန်ကုမ္ပဏီကြီးတွင် သွင် သည် သင့်တော်သော နေရာတစ်ခုကိုတော့ ရခဲ့ပါသည်။

ထိုလခ ထိုဝင်ငွေက သွင့်အတွက် ဘာမှ မပြောပလောက် ပေမယ့် သွင်တစ်ယောက်တည်း နေရသော အချိန်တွေနည်းသွားပြီး အလုပ်ထဲမှာ မိတ်ဆွေသစ်များနှင့် ကျင်လည်ရခြင်းဖြင့် အချိန်ကုန်စေ သည်။

ကိုထိပ်ကတော့ အမေနှင့်သားနှစ်ယောက်တည်း နေကြသော ဘဝပေမယ့် သိပ်ပြီး ပြည့်ပြည့်စုံစုံ မဟုတ်လှသဖြင့် လခကောင်းသော အလုပ်ကို ရှာရသည်။

သွင်နှင့်သူငယ်ချင်းဘဝကတည်းက ကိုထိပ်ဟာ အစစအရာရာ ချို့တဲ့သော အဆင့်အတန်းမှန်း သိခဲ့ပြီး အဲဒီကတည်းက သွင်နှင့်ဘာ လျှင် ကိုထိပ်ဘဝက ခက်ခဲပင်ပန်း သိခဲ့ပြီးသားပင်။


www.burmeseclassic.com

www.burmeseclassic.com


သို့သော် သွင်က ကိုထိပ်ကို ချစ်မိတာ တစ်ခုလေးနှင့် ချစ်ခဲ့သည်။ ထို့အတူ ကိုထိပ်ကလည်း သွင့်ကိုပဲ တစ်ယောက်တည်း ချစ်ခဲ့သည်။

သွင်တို့ လူငယ်ချင်းအုပ်စုထဲတွင် သွင်ဟာ ရုပ်ရည်သိပ်မထင်ပေါ်ဆုံး၊ လူကြိုက်အနည်းဆုံး သာမန်မိန်းကလေးဖြစ်ပေမယ့် ကိုထိပ်ကတော့ သွင့်ကိုပဲ ရွေးချစ်ခဲ့သည်။

"ဘာဖြစ်လို့ ချစ်သွားမှန်းကို မသိဘူးကွာ...သူငယ်ချင်းတွေလို ခင်နေကြရင်း သွင်က တစ်နေ့တခြား ကိုယ့်မျက်စိထဲမှာ ချစ်ဖို့ကောင်းလာတာပဲ...ဘာလို့ ချစ်လဲတော့ ခုထိအဖြေမရသေးဘူး"

"ကိုထိပ်ကိုကျတော့ သွင်က ရိုးသားလို့ ချစ်တာ...အင်း...အဲဒါထက် ပိုမှန်တာ ပြောရရင် ချောလို့ ချစ်တာ သိလား"

"ဟာ...ဒါဆို ကိုယ်တစ်ခုခုကြောင့် ရုပ်ဆိုးသွားရင် သွင်က မချစ်တော့ဘူးပေါ့...အဲဒီလိုလား"

"မဟုတ်ပါဘူး...ကိုယ့်ချစ်သူဖြစ်သွားပြီးပြီပဲ...ရုပ်ချောနေနေ...ရုပ်ဆိုးနေနေ...ဆက်ချစ်မှာပေါ့"

သူတို့နှစ်ဦး၏ ချစ်သူဘဝကား သိပ်တော့မကြာလေး။ သို့


www.burmeseclassic.com

www.burmeseclassic.com


သော် အရင်ကတည်းက သူငယ်ချင်း တစ်အုပ်စုတည်းတွဲလာခဲ့ကြတာမို့ သူတို့ကြားမှာ ဘာမှလျှို့ဝှက်စရာ မရှိ။ ဖုံးကွယ်စရာ မရှိ။ တစ်ယောက်အကြောင်း တစ်ယောက် အကုန်သိပြီးကြသူတွေပင်။

တစ်ခုပဲရှိသည်။ သွင်ကတော့ ဒီကိစ္စကို ဘာမှ စောဒက မတက်လိုသော်လည်း ကိုထိပ်ကိုတော့ အခွင့်သင့်လျှင် မေးချင်တာ ရှိနေသည်။

အဲဒါကတော့...ကိုထိပ်ဟာ ဘာကြောင့် သူ့အမေကို သွင်နဲ့ ချစ်သူဖြစ်နေကြောင်း အသိမပေးချင်သလဲဆိုတာပင်...။

ကိုထိပ်ရဲ့မိခင်နှင့် သွင်တို့က မသိကြ။ မခင်ကြတာတော့ မဟုတ်။ ဒီသူငယ်ချင်းအားလုံးကို ကိုထိပ်အမေ ဒေါ်ညွန့်ညွန့်တင် သိပါသည်။ သွင့်ကိုလည်း ကိုထိပ်၏ သူငယ်ချင်းတစ်ယောက် ဟူ၍ သိထားရုံက လွဲရင် ပိုမသိပါ။

ကိုထိပ်ဟာ ပြောင်းလဲသွားသော အခြေအနေကို အမေ့ကို ဘာကြောင့် မပြောသလဲဆိုတာ သွင် စဉ်းစား မရချေ။

ကိုယ့်ကိုယ်ကိုမို့ ကြွားပြောတာတော့ မဟုတ်။ သွင့်လို မိန်းကလေးမျိုးဆိုလျှင် ဘယ်ယောကျ်ားလေးရင်မှ ငြင်းမှာ မဟုတ်ပါဘူး ဆိုတာတော့ အတပ်သိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သူ့အမေ သဘောမတူမှာစိုး၍ မပြောဘဲနေတာ ဖြစ်ချင်မှ ဖြစ်မည်။

ဒါမှမဟုတ် ကိုထိပ်အမေဟာ သားကို သဝန်တိုသော မိခင် တစ်ယောက်မို့များလား...။ ကြားဖူးတာတော့ တချို့တချို့သော သားရှင်အမေတွေဟာ သားကို ရည်းစားထားမှာ၊ မိန်းမယူသွားမှာ မလိုလားကြဘူးတဲ့လေ။

ကိုထိပ်အမေဟာ အဲဒီလိုများ ဖြစ်နေခဲ့လို့လား။

အဲဒီ အဖုအထစ်ကလေးကလွဲရင် ကိုထိပ်နှင့် တသွင်သွင် ကြားတွင် ဘာမှ စိတ်ခုစရာ ပြဿနာ သိပ်မရှိသော...။

မနက်ကျတစ်ယောက်ကို တစ်ယောက် စောင့်ကာ အလုပ် အတူတူ သွားသော...။

ညနေကျ တစ်ခုခုစားပြီး အတူတူ ပြန်ကြသော...။

အလုပ်နားရက်တွေမှာ နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါလောက် အရင်က သူငယ်ချင်းအုပ်စုကြီးနှင့်ဆုံကာ အချိန်ဖြုန်းကြသော...။

ရိုးရိုးသာမန် ချစ်သူစုံတွဲကလေးတစ်တွဲသာ ဖြစ်ပါသည်။

*     *     *


www.burmeseclassic.com

www.burmeseclassic.com


မထင်မှတ်ဘဲ ဆုံရလျှင် သွင်သည် ပြုံးပြရမလိုလို၊ မသိချင်ယောင်ဆောင်ရမလိုလို ဖြစ်ပြီး စိုက်ကြည့်နေမိ၏။

ကောင်လေးက သွင့်ကို မှတ်မိစွာပင် ပြုံးကာ ခေါင်းဆတ်ရင်း သူက အရင်နှုတ်ဆက်ပြီး ဖြစ်နေသည်။

"တွေ့ကြပြန်ပြီနော်"

ကိုထိပ်က အားကစားဂျာနယ်ကို လှမ်းယူနေရာမှ အသံကြားသဖြင့် လှည့်ကြည့်သည်။

သွင်သည် နှုတ်မဆက်ဘဲနေလို့ မရတော့လေရာ ပြန်၍ ပြုံးပြလိုက်ရပြီး...

"ဘာလာဝယ်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုပါပဲ...ဂျာနယ်ထဲက ဖတ်ချင်တာရှိလည်း ဝယ်မယ် ဆိုပြီး ဒီဘက်လျှောက်လာတာ...ကျွန်တော့်အလုပ်က ဒီနား လေးတင်မှာပေါ့"

"သြော်...သွင်လည်း ဒီနားက(...)ကုမ္ပဏီမှာ လုပ်တာ လေ...သူကတော့ ဒီနားမှာလုပ်တာ မဟုတ်ဘူး (...) ကုမ္ပဏီမှာ လုပ်တာဆိုတော့ သွင့်ဆီလာဖို့ မိနစ်နှစ်ဆယ် လောက် လမ်းလျှောက်လာရတာ"

သွင်သည် ကိုထိပ်မျက်နှာကြီး မကြည်လင်လှသဖြင့် သူ့ကို တမင် မိတ်ဆက်ပေးလိုက်ဖို့ စကားထဲ ဆွဲသွင်းလိုက်ရပါသည်။

"ခင်မင်ရတာ ဝမ်းသာပါတယ်ဗျာ...ကျွန်တော့်နာမည်က စောကမ္ဘာပါ"

ဟင်း...နာမည်ကလည်း တော်တော်လွှမ်းမိုးနေသလိုပဲ။ ခံစား ရတယ်။ ကမ္ဘာတဲ့လေ။ စောကမ္ဘာတဲ့...။ သွင်သည် ကိုထိပ်ထံသို့ ဖော်ဖော်ရွေရွေ လက်အရင်ကမ်းပေးသော စောကမ္ဘာ၏ ဖော်ရွေမှုကို ကြည့်ရင်း စိတ်ထဲမှာ လျှောက်တွေးနေမိသည်။

ကိုထိပ်ကလည်း ပြုံးရယ်ရင်း ပြန်၍ လက်ဆွဲနှုတ်ဆက်တော

"ကျွန်တော့်နာမည် ထိပ်ပါ...အမေက နာမည်အား ကပ်


www.burmeseclassic.com

www.burmeseclassic.com


စေးနဲ့တယ် ထင်တယ်...တစ်လုံးတည်း ဖြစ်နေတယ်”

“ကောင်းပါတယ်...ထိပ်ဆိုတော့ အမြဲထိပ်ဆုံးမှာ ရောက်နေအောင် ရည်ရွယ်ပြီး မှည့်တာဖြစ်မှာပေါ့”

“သွင့်နာမည်က တသွင်သွင်ပါ”

“အင်း...ရေစီးသံကြားရသလိုပဲနော်”

“ကျောင်းတုန်းက သူတော်တော် အနှောက်ခံရတာလေ... မြည်သံစွဲအလက်ာဆိုပြီး နှောက်ကြတာ”

“အဲဒီအထဲမှာ ကိုထိပ်က အဆိုးဆုံးပဲပေါ့...အာပြဲကြီးနဲ့ အော်တာလေ”

“ဩော်...တစ်ကျောင်းတည်း အတူတူတွေလား”

“အထက်တန်းကျောင်းမှာကတည်းက သူငယ်ချင်းလေ... တက္ကသိုလ်တက်တော့လည်း အဝေးသင်ယူကြတာ အတူတူပဲ...မေဂျာပဲ ကွဲတာ”

“ဟုတ်လား...အင်း...ကျွန်တော်ကတော့ ကျောင်းမပြီးပါဘူး...ဆယ်တန်းပဲ အောင်တယ်...အဝေးသင်တက်မလို့ စိတ်ကူးနေတုန်း မိဘတွေက ကျောင်းစုံစမ်းပြီး သွားနေခိုင်းတာနဲ့ သွားနေလိုက်ရတယ်...ဘွဲ့တော့ မရပါဘူး...ဒီပလို


www.burmeseclassic.com

www.burmeseclassic.com


မာလောက်ပဲ ပြီးလာတယ်...ကျွန်တော်က ပျေင်းဗျ...စာကို ပုံမှန်မလုပ်ချင်တော့ ပညာများများ ဆက်သင်ဖို့မဖြစ်နိုင်တာနဲ့ ရပ်ပြီး ပြန်လာခဲ့တာလေ”

သူပြောတာဟာ နိုင်ငံခြားတစ်ခုခုမှာ ကျောင်းသွားနေခြင်းပဲဟု ကိုထိပ်ရော သွင်ပါ သဘောပေါက်လျှင် နည်းနည်းဖြုံသွားသည်။

နိုင်ငံခြားမှာ ကျောင်းသွားနေတယ်ဆိုကတည်းက သူ့ရဲ့အဆင့်အတန်း၊ သူ့ရဲ့ကြွယ်ဝချမ်းသာမှုဟာ တော်ရုံတန်ရုံမဖြစ်နိုင်ဘူးဆိုတာ ခန့်မှန်းလို့ရပါသည်။

သွင်တောင် နိုင်ငံခြားမှာ ကျောင်းသွားနေဖို့အထိတော့ ပိုက်ဆံမရှိလှပါ။ သူက သွားနေနိုင်တယ်ဆိုတော့လည်း ကိုယ်က အားကျရတာပေါ့။ သူချမ်းသာလှချည်လားဟု ရင်သပ်ရှုမောဖြစ်ရတာပေါ့။

“တစ်ခုခု လိုက်စားပါလား...မိတ်ဖြစ်ဆွေဖြစ် အထိမ်းအမှတ်ပေါ့”

သွင်က ကိုထိပ်ကို ဘယ်လိုဆုံးဖြတ်မလဲလို့ တွေးပြီးလှည့်ကြည့်လိုက်၏။ ကိုထိပ်ကလည်း သွင့်ကို လှည့်ကြည့်လေသည်။

“အချိန်ရတယ် မဟုတ်လား...ဒီအချိန်က ရုံးဆင်းချိန်ဆိုတော့ အားကြမယ် ထင်တယ်”


www.burmeseclassic.com

www.burmeseclassic.com


"အားတော့ အားပါတယ်...ဒါပေမယ့် နောက်ကျရင် အိမ်ပြန်ခက်နေမှာ စိုးလို့လေ...ကျွန်တော်က အရေးမကြီးဘူး...သွင်က မိန်းကလေးဆိုတော့ အဆောင်ကို သိပ်နောက်ကျမှ ပြန်ရင် မကောင်းမှာစိုးလို့"

"ကျွန်တော်ပဲ ပြန်လိုက်ပို့ပေးမယ်လေ...ကိုထိပ်ပြန်မယ့်နေရာကိုရော...မသွင်ပြန်မယ့်နေရာကိုရော...ပို့ပေးလို့ရပါတယ်"

သွင်သည် ကိုထိပ်က အားနာပြီး ဆုံးဖြတ်ရခက်နေမှန်း ရိပ်မိလာလျှင် သူမကပဲ ဝင်ပြီး ဆုံးဖြတ်လိုက်ရပါသည်။

"နောက်တစ်ခါ ထပ်ဆုံမှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့...အခုတော့ သွင်တို့က အလုပ်ပြီးပြီးချင်း ဟိုလျှောက်ဒီလျှောက်လုပ်တာနဲ့ စာအုပ်တန်းဝင်မွှေနေတာနဲ့ အချိန်တော်တော် ကုန်သွားပြီမို့လို့ ပြန်မှဖြစ်တော့မှာလေ...အဲဒါကြောင့်..."

"ဩော်...ရပါတယ်ဗျာ...ဒါဆိုလည်း နောက်ဆုံတဲ့အခါကျမှပေါ့...သွားလိုက်ပါဦးမယ် ကိုထိပ်နဲ့မသွင်...အခုလို ခင်မင်ကြရတာ ကျွန်တော် အရမ်းဝမ်းသာပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


စောကမ္ဘာသည် သူပဲ အရင်နှုတ်ဆက်ပြီး ထွက်သွားပါသည်။

ကိုထိပ်နှင့်သွင်တို့က သူ့ကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့ရပါသည်။ သူ့ကို မြင်ကွင်းမှာ မတွေ့ရတော့မှာ ကိုထိပ်က အသံထွက်ရယ်ရင်း

"ငါ့ရည်းစားကို ပိုးချင်နေပြီထင်တယ်ကွာ"

ဟု ပြောတော့သည်။

"မပိုးချင်ပါဘူး...ဘာလို့ အဲဒီလို အတတ်ပြောနိုင်ရတာလဲ"

"ယောက်ျားလေးအချင်းချင်းကွာ ရိပ်မိနေသလိုလိုပဲ... သွင့်ကိုများ ဆုံရမလားဆိုပြီး ဒီဘက်မှာ လာစောင့်နေတာ ဖြစ်မှာပေါ့...ကိုယ်တို့ ဟိုးအရင်ကတည်းက ဒီမှာ စာအုပ်တွေ ဂျာနယ်တွေဝယ်နေကျပဲ...သူ့ကို တစ်ခါမှ မတွေ့ဖူးဘူး...အခုကျမှ တွေ့ရတာ အခါစိပ်လာပြီလေ"

"သွင့်လိုပုံစံများ ကြိုက်ပါ့မလား ကိုထိပ်ရာ...ပြီးတော့ ဘေးမှာ ရည်းစားပါနေတဲ့ကောင်မလေးကို အရူးအလုပ်ခံပြီး ကြိုက်မယ် မထင်ပါဘူး"

"တချို့ကလည်း ရူးချင်ကြတာပဲကွာ...သွင်က ရုပ်မချော ပေမယ့် ချစ်စရာလေးကွ...အဟဲ...ဘဝင်မြင့်မသွားနဲ့ဦး... ချစ်စရာကောင်းလို့ ကိုယ်တောင်မေပျိုတို့နန္ဒာတို့ကိုမကြိုက် ဘဲ သွင့်ကို ကြိုက်တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်နိုင်ပါဘူး...ကိုထိပ်ရာ...သူက ခင်တတ်လို့ဖြစ်မှာပါ"

"ဒီကောင် အလုပ်လုပ်တယ်ဆိုတဲ့ ကုမ္ပဏီဟာ သူပိုင်တာလား၊ သူ့မိဘပိုင်တာလား မသိဘူးနော်"

"ကိုယ်ထိပ်က ဘာလို့ စိတ်ဝင်စားနေရတာလဲ"

"ချမ်းသာလွန်းလို့ကွ...နိုင်ငံခြားမှာတောင် ကျောင်းသွားနေနိုင်တဲ့လူက သူများ ကုမ္ပဏီမှာတော့ လခစား လုပ်မယ် မထင်ဘူး"

သွင်က ကိုထိပ်ပြောတာဖြစ်နိုင်တယ်ဟု တွေးကာ ကားဂိတ်ကို ရပ်လာသော ဘတ်စ်ကားတွေကို ငေးကြည့်နေပါသည်။

"အား...သူများတွေကျတော့လည်း ချမ်းသာလိုက်တာကွာ၊ ပိုက်ဆံတွေ ပိုလျှံနေလို့ နိုင်ငံခြားမှာတောင် ကျောင်းသွားနေနိုင်ကြတယ်နော်...ကိုယ်ကျတော့လည်း ဘဝမှာ တစ်ခါမှ မချမ်းသာဖူးဘူး သွင်ရယ်...ဖေဖေရှိတုန်းကလည်း ရရစားစားပဲ...ဖေဖေ မရှိတော့ ပိုတောင်ဆိုးလာသေး...မွေးကတည်းက တစ်ခါမှကို ပိုက်ဆံတွေ အများကြီး မသုံးဖူးဘူး...ဘတ်စ်ကား တိုးစီးလာရတယ်...သိန်း ၃၀၀ဆုပေါက်မှပဲ ချမ်းသာတော့မယ် ထင်တယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ထူးထူးဆန်းဆန်းပဲ ကိုထိပ်ရယ်...ကိုထိပ် တစ်ခါမှ အဲဒီလို မညည်းညူခဲ့ဖူးဘူးနော်"

"မညည်းညူချင်လို့ပါ သွင်ရယ်...ကိုယ် နေ့စဉ် အခုလိုပဲ ဘတ်စ်ကား တိုးစီးပြီး အလုပ်သွားရ၊ အလုပ်မှာ ဘော့စ် ကျေနပ်အောင် လုပ်ပြရ...အပြန်ကျ ဘတ်စ်ကားတိုးစီးပြီး ပြန်ရ...အဲဒီလိုကြီး ဖြတ်သန်းရတာကို ဘယ်တော့မှ မပျော်ဘူးကွာ...ပြီးတော့ သွင့်ကိုလည်း ကိုယ်က ကိုယ်ပိုင်ကားနဲ့ သွားစေချင်တယ်...ကိုယ်မောင်းတဲ့ကားကို သွင်က စီးပြီး အတူတူ သွားချင်တယ်"

"ဒါဆို သွင့်မှာရှိတဲ့ ပိုက်ဆံတွေနဲ့ ကားလေးတစ်စီးတော့ ဝယ်မယ်လေ...ကားဝယ်ဖို့ပေါ့...တော်ရုံတန်ရုံ ကားလေး တစ်စီးတော့ ဝယ်နိုင်မှာပါ"

"ဟာ...အဲဒီလို မဟုတ်ဘူးလေ...ကိုယ်ပြောတာက ကိုယ် ကိုယ်တိုင်က ချမ်းသာချင်တာ...အရမ်းချမ်းသာချင်တာကွာ၊ ကားစီးရတာ၊ မစီးရတာကို ညည်းညူတာ မဟုတ်ဘူး... ဘဝမှာ တစ်ခါမှ ပိုက်ဆံပေါပေါများများ မရှိဘူးလို့ မချမ်း သာဖူးလို့ ပြောပြတာပါ"


www.burmeseclassic.com

www.burmeseclassic.com


"သွင်ကတော့ အခုလို နေရလည်း ပျော်တာပဲ"

"သွင်က ဘယ်သိမှာလဲ...သွင့်ဘဝဟာ ကိုယ့်ထက်စာရင် တော်တော်ကြီး ပြည့်စုံခဲ့ဖူးပါတယ်...ကိုယ်က အမြဲဆင်းရဲနေတာကွ"

"ကိုထိပ်ရယ်...သွင့်ဘဝကရော ဘာပြည့်စုံလို့လဲ...ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့ဖြစ်ရတာလေ"

"ဆောရီးကွာ...ဆောရီး... ကိုယ်ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ရှေ့မှာ စိတ်ဓာတ်ကျပြီး မညည်းညူသင့်ပါဘူး...ဟော...ဟိုမှာ ကားတစ်စီးချောင်ပုံရတယ်...လာ...လာ...ကိုယ့်လက်ကို မြဲမြဲတွဲထား သွင်...ဒီကားနဲ့ပါအောင် တက်မှ ဖြစ်မှာနော်"

ကိုထိပ်သည် ဘတ်စ်ကားတိုးတက်ဖို့ကို သွင့် လက်ဖဝါးကို ကျစ်ကျစ်ပါအောင် ဆွဲဆုပ်ရင်း ခြေလှမ်းပြင်နေတော့၏။

သွင်ကား ကိုထိပ် မပြောစဖူး ပြောသော စကားတို့အတွက် ဦးနှောက်ထဲမှာ အလုပ်ရှုပ်နေရတော့လေသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


ဒီအပတ်တော့ သူငယ်ချင်းတွေ မဆုံဖြစ်တာကြာပြီဟု တိုင်ပင်မိကြကာ အင်းလျားမှာ ဆုံကြဖို့ ချိန်းဖြစ်ကြသည်။

သူငယ်ချင်းခုနစ်ယောက်ရှိလေရာ အားလုံးသည် ကျောင်းလည်း ပြီးသွားကြသောအခါ တချို့က ကိုယ်ပိုင်စီးပွားရေးလုပ်သူ၊ တချို့က ကုမ္ပဏီအလုပ်ဝင်လုပ်သူ၊ တချို့ကတော့ အစိုးရအလုပ်ဝင်လုပ်သူတွေနှင့် အလုပ်ကိုယ်စီရှိနေကြပြီ။

အဲဒီအထဲမှာ ပိုက်ဆံအသင့်အတင့် ချမ်းသာသူလည်း ပါသလို မိဘမောင်နှမတွေနှင့် ကိုယ်စီကိုယ်င လုပ်ငန်းခွင်ဝင်ကာ ရုန်းကန်နေကြသူတွေလည်း ရှိပါသည်။ သွင်တို့ သူငယ်ချင်းအုပ်စုကား ခေတ်ပေါ်ကားတွေစီးနိုင်၊ ငွေကြေးသိပ်သုံးနိုင်ကြသူတွေလည်း မဟုတ်သော ရိုးရိုးသာမန် လူတန်းစားအုပ်စုသာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


အချင်းချင်းဆုံကြဖို့ ချိန်းကြရာ ကိုယ့်အလုပ်ကိုယ်စီရဲ့ ဖုန်းများမှတစ်ဆင့် ဆက်သွယ်ကြရပင်။

မေပျို၊ နန္ဒာအောင်နှင့် တသွင်သွင်ဆိုသော မိန်းကလေးသုံးယောက်...။

ထိပ်၊ ကျော်ခန့်၊ လွင်မင်း၊ သန်းနိုင်ဆိုသော ယောကျ်ားလေးလေးယောက်...။

စသည့် ခုနစ်ယောက်အုပ်စုကြီးက အထက်တန်းကျောင်းတုန်းကမှ စပြီးခင်ကြသူတွေပါသလို အဝေးသင်တက်စဉ် ကျူရှင်တွေမှာဆုံပြီး ခင်သွားကြသူတွေလည်း ပါပေမယ့် စရိုက်တူပြီး စိတ်ဓာတ်ညီကြလို့ပဲလား မသိ။ သူတို့က အလုပ်အသီးသီး ဝင်နေကြတာတောင် သုံးလေးပတ်တစ်ခါဖြစ်ဖြစ် ဆုံပြီး သူ့အကြောင်းကိုယ့်အကြောင်းတွေ ပြောကြတိုင်ပင်ကြဖို့ကို ဝါသနာလည်း တူနေကြသေးသည်။

ထိပ်နှင့်သွင်တို့က အင်းလျားကို အရင်ဆုံးရောက်နှင့်ကြ၏။

ပြီးမှ ကျော်ခန့်က စူပါကပ်ဆိုင်ကယ်လေးနှင့်ရောက်လာသည်။ ခါးမှာလည်း **Mobile** မိုဘိုင်းလ်ဖုန်းနှင့် ဖြစ်နေသည်။

"ဟော့ကောင်...ကြီးပွားနေပါလားကွ"

"အထင်မကြီးကြနဲ့ကွာ...ဒါ ကုမ္ပဏီရဲ့ အလုပ်ကိစ္စတွေ


www.burmeseclassic.com

www.burmeseclassic.com


အတွက် သုံးဖို့ပေးထားတာ...ငါ့ကိုယ်ပိုင်တွေ မဟုတ်ဘူး၊ ငါတို့ ဘော့စ်ရဲ့ပစ္စည်းတွေချည်းပဲ"

"ဘာပဲဖြစ်ဖြစ်...သွားရေးလာရေး လွယ်ကူတော့ ကောင်းတာပေါ့ကွ"

"သွင်...နင်ကလည်းဟာ လက်ဖက်ရည်ကို နှစ်ခွက်တောင် မှာသောက်ထားပြန်ပြီလား"

"မဝလို့ဟဲ့... လက်ဖက်ရည်ခွက်က ရေနွေးကြမ်းခွက် လောက်ပဲရှိတာ...ကိုထိပ်က လက်ဖက်ရည်မသောက်တော့ ငါက သူ့အစားသောက်ပေးတဲ့ သဘောလေ...ဟဲ...ဟဲ"

"ငတ်ကိုငတ်တယ်"

"ကျော်ခန့်နော်...ငါ့ကို လာစမနေနဲ့...ငါက စိတ်ကောက် ရင် အကြာကြီးကောက်တာ...ပြီးတော့ နင်ပဲ မနေနိုင်ဘူး... ကိုထိပ်ကို ချော့ခိုင်းရ...နေကြာစေ့ တစ်ပိဿာလောက် ဝယ်ပို့ရနဲ့"

"ဟူး...တော်ပါသေးရဲ့ကွာ၊ ထိပ်နဲ့နင်...ရည်းစားဖြစ်သွား ပေလို့ပဲ...ငါနဲ့သာ ရည်းစားဖြစ်ရင် နင်က ကောက်မှန်းသိ လို့ ငါက တစ်ချိန်လုံး စနေတာနဲ့ ဘယ်တော့မှ တည့်မှာ မဟုတ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ဟော...ဟိုမှာ မေပျိုတို့လာပြီ"

"အံမယ်...သူတို့နှစ်ယောက်က ရိုးစမိုးတွေနဲ့...ကကလည်း ငှားစီးလာတယ်...ဗိုလ်ချုပ်ဈေးသွားပြီး ပြန်လာကြတာထင်တယ်"

မေပျိုနှင့်နန္ဒာ လှတပတတွေပြင်ဆင်ပြီး ဗိုလ်ချုပ်ဈေးသွားကြသည်ဟု သွင်က အတပ်ကြီးစွပ်စွဲကာ ဘာကို စိတ်ကောက်ချင်မှန်း မသိ ဖြစ်နေပြန်သည်။

"နင်တို့ ဘယ်က လာကြတာလဲ"

"**Blazon** (ဘလေဇွန်) သွားကြတာဟယ်"

"ငါ့ကျ သတင်းတောင် မပေးဘူး"

"ငါက နန္ဒာ့ကိုပြောပါတယ်... သွင့်ကို ခေါ်ရအောင်ဆိုတော့ သွင်က ကိုထိပ်နဲ့ သွားချင်လား မသိဘူးတဲ့...နင်က အလိုက်မသိ သွားသွားခေါ်နေတဲ့...အဲဒီလိုပြောလို့ ငါ မခေါ်တော့တာပါ"

"နင်တို့နဲ့ပဲ ဈေးဝယ်ချင်တာပေါ့ဟဲ့...ကိုထိပ်က ပစ္စည်းတစ်မျိုးကို သုံးလေးဆိုင်လောက် ဝင်ကြည့်ပြီးမှ ဝယ်တာကို စိတ်မှ မရှည်တာ...သူနဲ့ ဈေး မဝယ်ချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ငါတို့လည်း ဝယ်ဖို့ထက် **Window Shopping** လုပ်မလို့ သွားတာပါပဲ...ဟိုရောက်တော့ ဝယ်ချင်လာတာနဲ့ နည်းနည်းပဲ ဝယ်လာပါတယ်ဟယ်...ဟဲ့...နန္ဒာ ပြောလိုက်လေ...နောက်အပတ်ကျမှ နင့်ကို ခေါ်ပြီးထပ်သွားမယ်လို့"

ကိုထိပ်နှင့်ကျော်ခန့်တို့က မိန်းကလေးသုံးယောက်၏စကားဝိုင်းကို စိတ်မဝင်စားဘဲ ပြီးခဲ့တဲ့အပတ်က **Premiere League** (ပရီးမီးယားလိဂ်)ဘောလုံးပွဲအကြောင်း စိတ်ဝင်တစား ဆွေးနွေးနေကြသည်။

လွင်မင်းကလည်း သန်းနိုင်နှင့်အတူ ရောက်လာပါသည်။ သူငယ်ချင်းတွေဆုံတော့ အုန်းအုန်းကျက်ကျက်နှင့် ပြောဆိုနောက်ပြောင်ကာ ကိုယ့်အကြောင်းသူ့အကြောင်းတွေ ပြောလို့ မကုန်နိုင်အောင် ဖြစ်နေကြတော့သည်။

နောက်တော့ ထုံးစံအတိုင်း ယောကျ်ားလေးအုပ်စုက သူတို့ရဲ့ ခေါင်းစဉ်တွေနဲ့ သူတို့တစ်ဖွဲ့ဖြစ်သွားသလို မိန်းကလေးသုံးယောက်တို့ကလည်း ရုပ်ရှင်အကြောင်း၊ ဗွီဒီယိုအကြောင်း၊ မြန်မာပြည်ကသာမက တစ်ကမ္ဘာလုံးမှာရှိတဲ့ အနုပညာသည်တွေအကြောင်း၊ ဝတ္ထုတွေ၊ ဂျာနယ်တွေအကြောင်း၊ အလှအပ အသုံးအဆောင် အဝတ်အစားများအကြောင်းတို့၏ ခေါင်းစဉ်တွေထဲ သူ့ထက်ငါ အလုအယက် ပြောနေကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


"နန္ဒာလေ **Revlon Colorstay** မိတ်ကပ်ရည် သုံးချင်လွန်းလို့ ပိုက်ဆံစုရတာလေ…အခုတော့ အရဲစွန့်ပြီး ဝယ်လာလိုက်တယ်…သွင်ရယ်…ပျော်တော့ပျော်တာပဲ…ဒါပေမယ့်ဈေးက အရမ်းကြီးတော့ နောက်ထပ်ဝယ်သုံးဖို့ကို ဒီလိုပဲကျိတ်စုရဦးမယ်"

"နန္ဒာ…ဘာအရောင်ဝယ်လာလဲ… သွင်က **Natural Beige** ပဲ သုံးတာ… ပြီးတော့ အဲဒါက ခပ်ပါးပါးလေးအောက်ခံလိမ်းပြီး အပေါ်က သနပ်ခါးနဲ့ရောလူးရင် ကြာကြာလူးရပါတယ်"

"နန္ဒာလည်း သွင်သုံးနေကျ အရောင်ပဲ ဝယ်လာတယ်…သွင်က အစကတည်းက တစ်ဦးတည်းသော သမီးလေ…ပြီးတော့ မိဘကလည်း ပိုက်ဆံ အသင့်အတင့်ရှိတော့ ဝယ်သုံးရတာ အပန်းမကြီးဘူး…နန္ဒာတို့ကျတော့ မောင်နှမကလည်းများတယ်…အိမ်မှာ အားလုံး လူစေ့တက်စေ့ အလုပ်လုပ်ကြရတာဆိုတော့ မိတ်ကပ် အကောင်းစားသုံးချင်တာတောင် မသုံးနိုင်ဘူး…မသုံးရက်တာလည်း ပါတာပေါ့လေ၊ လုပ်တဲ့အလုပ်ကလည်း လခက ရတယ်ဆိုရုံလေး ရှိတာ


www.burmeseclassic.com

www.burmeseclassic.com


နော်…ကုန်ဈေးနှုန်းနဲ့တွက်ကြည့်ရင် အသုံးတောင်မခံပါဘူး”

“မေပျိုရော…ဘာဝယ်လာလဲ”

“ဒီမှာလေ…ကလစ်ကလေးလှလို့ ဝယ်လာတာ”

မေပျိုက သူမ၏ ဆလင်းဘက်ထဲမှ ဆံညှပ်ကလစ်လှလှလေးကို ထုတ်ယူ၍ ပြလိုက်ပါသည်။ ကလစ်နှင့်အတူ ပိုက်ဆံအိတ်ထဲမှ တခြားပစ္စည်းပစ္စယတွေကပါ ထွက်ကျလာသည်။

“မေပျိုကတော့လေ…လုပ်လိုက်ပြန်ပြီ…ဘယ်နေရာသွားသွား…ဘာပစ္စည်းထုတ်ထုတ် အကုန်ပြုတ်ကျရမယ်…ဟိုကကောက်ပေး ဒီကကောက်ပေး လုပ်ရမယ်”

“ဇာတ်လမ်းရှာတာလေ…ဇာတ်လမ်းရှာတာ…ခုထိ မစွံသေးလို့”

“ဟဲ့…ဒါက…ဘာလဲ”

“**Visiting Card** (ဗစ်ဇစ်တင်း ကတ်ဒ်)ပါ”

“သားနားလှချည်လား…ဘယ်သူ့ဟာလဲ”

သွင်သည် ကတ်ဒ်လှလှလေးကို ကောက်ယူပြီး ဖတ်ကြည့်လိုက်မိပါသည်။

“ဓာကမ္ဘာတဲ့…”


www.burmeseclassic.com

www.burmeseclassic.com


သွင်သည် အသံထွက်ဖတ်လိုက်မိရင်း ဦးနှောက်ထဲက မှတ်ဉာဏ်တွေကို အလုပ်ပေးလိုက်မိပါသည်။

"ဟဲ့...သိလို့လား"

"........."

"အံမယ်လေး... ဖြေတောင်မဖြေနိုင်လောက်အောင် ဘာတွေ တွေးနေတာလဲ"

"မဟုတ်ဘူး...ငါသိတဲ့ စာကမ္ဘာ ဟုတ်ရဲ့လားလို့ တွေးနေတာ"

"ငါအသစ်သွားလျှောက်တဲ့ ကုမ္ပဏီလေ...အဲဒီက ဘော့စ်တစ်ယောက်ပေါ့... သူတို့ကုမ္ပဏီက **Travel & Tour** ကုမ္ပဏီပေါ့...နိုင်ငံခြားဧည့်သည်တွေကို လျှောက်လည်ဖို့ ကားကအစ ဟိုတယ်ကအစ စီစဉ်ပေးတယ်...ငါလျှောက်တဲ့ နေရာက ဘယ်ကားက ဘယ်ဘက်ကို ပို့မယ်ပေါ့ဟာ... ဥပမာ...ချောင်းသာဆိုလည်း ချောင်းသာကို ဘာကား ဘာကားနဲ့စီစဉ်မယ်...ဘယ်ဟိုတယ်မှာ တည်းမယ်...အဲဒါတွေပေါ့...အဲဒီစာရင်းကို လုပ်ပေးရမယ့်နေရာ...လျှောက်တော့လျှောက်ထားတာပဲ...အင်တာဗျူးတော့ သွားပြီးပြီ...


www.burmeseclassic.com

www.burmeseclassic.com


ရမရတော့ နောက်အပတ်ကျမှပဲ သိရမယ်”

သွင်သည် စောကမ္ဘာ၏အမည်နှင့်တွဲလျက် ရာထူးကို ကြည့်ရင်း စိတ်က အလိုလိုနေရင်း ကိုထိပ်မသိစေချင်ဘူးဟု ခံစားလာရသည်။

အို...ဘာဆိုင်သလဲ။ ကိုထိပ်သိတော့ရော ဘာဖြစ်မှာမို့လို့လဲ။ ငါတို့က မတော်တဆ လမ်းမှာတွေ့ပြီး သိကျွမ်းကြတဲ့သူတွေ...။

သူ့အကြောင်းတွေသိတော့ ကိုထိပ်က တစ်ခါထပ်ပြီး သူကျဆင်းရဲတယ်...သူကျ ချမ်းသာတယ်ဆိုပြီး စိတ်ဓာတ်ကျလိမ့်မယ်လို့တော့ မထင်ပါ။

“နင်နဲ့သိလို့လား သွင်ရဲ့”

“သိတယ်ရယ်တော့ မဟုတ်ဘူး...ဘယ်လိုပြောမလဲ”

သွင်သည် မေပျိုတို့ကို တိုးတိုးလေးခိုး၍ပြောပြလိုက်ပါသည်။ သွင် ခဏလေးပြောပြလိုက်သော အကြောင်းအရာကို သူတို့က ရှည်ရှင်ဝေးဝေး တွေးကာ...

“သွင်သွင်...နင့်ကို သူကြိုက်သွားတာလား မသိဘူးနော်” ဟု တစ်သံတည်းထွက်လာကြသည်။

“စောကမ္ဘာက ဘယ်လိုပုံစံမျိုးလဲ”


www.burmeseclassic.com

www.burmeseclassic.com


နန္ဒာက စပ်စပ်စုစု လုပ်လာသည်။ မေပျိုက မြင်ဖူးပြီးသား ဖြစ်၍ ပြောပြသည်။

"အရွယ်ကတော့ ငါတို့နဲ့ မတိမ်းမယိမ်းပါပဲ...ကုမ္ပဏီမှာ လူကြီးဝင်လုပ်ရတာကတော့ဟယ် သူ့မိဘရှယ်ယာပါတော့ သူ ဝင်လုပ်နိုင်တာဖြစ်မှာပေါ့...ဒါပေမယ့် လုံးဝ လူကြီး လို မနေဘူး...လူငယ်ပုံစံနဲ့...ဆံပင်တွေက ပျော့ပြီး မျက်နှာ မှာ တဝဲဝဲနဲ့...ဟိုကွာ **Westlife** အဖွဲ့ထဲက **Nick** (နစ်ခ်) ပုံစံလိုပဲ"

"သူက နိုင်ငံခြားမှာ ကျောင်းသွားနေဖူးတယ်လို့တော့ ပြော တယ်"

"ဟုတ်တယ်... ဩစတြေးလျမှာလေ **Business** နဲ့ ပတ် သက်တဲ့ ဒီပလိုမာတစ်ခုတော့ ယူလာတယ်ပြောကြတာပဲ... သွားနေနိုင်မှာပေါ့...အရမ်းချမ်းသာတာကိုး"

"ကိုထိပ်က သူ့ကို သိပ်မကြည်ဘူးဟဲ့"

"ဘယ်ကြည်ပါ့မလဲ... ကိုယ့်ရည်းစားကို လာပိုးတော့မှာ ကိုး"

"အို...သူက ပိုးတိုင်း ငါက ကြိုက်မှာမို့လား...အစက


www.burmeseclassic.com

www.burmeseclassic.com


တည်းက ချမ်းသာတဲ့လူမက်ရင် ကိုထိပ်ကိုတောင် မရွေးပါဘူး...ချမ်းသာတာ ဘာလုပ်ရမှာလဲ...ငါပြောတာက ပိုက်ဆံချမ်းသာတာကလည်း တစ်ကဏ္ဍတော့ အရေးကြီးတာပေါ့လေ...ဒါပေမဲ့ အရင်ဆုံးတော့ ကိုယ်စိတ်ချမ်းသာဖို့ကို ဦးစားပေးသင့်တယ်"

"စောကမှာကို လိုချင်တဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲနော်...ဟဲ့...မေပျို...နင်လည်း အဲဒီမှာ အလုပ်ရရင် မပြောနိုင်ဘူး...နင့်ကို သူက ကြိုက်ချင်ကြိုက်လာမှာနော်"

"သွင့်ကို ကြိုက်နေပြီလေ"

"ဟယ်...မဖြစ်နိုင်ပါဘူး...လမ်းမှာ မတော်တဆတွေ့လို့ ခဏစိတ်ဝင်စားတာ ဖြစ်မှာပါ...ပြီးတော့ ငါ့မှာ လက်ချင်းချိတ်ပြီး လမ်းအတူလျှောက်မယ့် ရည်းစားလည်း ရှိပြီးသားလေ...ဘယ်သူက ကြာကြာစိတ်ဝင်စားပါ့မလဲ...နောက်ပြီး မေပျိုက လှတာနော်...မေပျိုကို ကြိုက်ချင်ကြိုက်လာမယ်...နန္ဒာပြောတာ မမှားနိုင်ဘူး ဟီဟိ"

ထိုနေ့က သူငယ်ချင်းတွေ လမ်းခွဲကြသောအခါ ကိုထိပ်တာ သူမေးနေကျအတိုင်း သွင့်ကို ပြန်ပို့စဉ်မှာ မေးပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"သွင်တို့ရော ဘာတွေအရေးတကြီး တိုင်ပင်နေကြတာလဲ"

"ဩော်...ဒီလိုပါပဲ...မိန်းကလေးတွေရဲ့ ထုံးစံအတိုင်းပေါ့"

ဟူ၍ သွင်သည် အရင့်အရင်တွေတုန်းကလိုပင် အရေးမကြီးသလို ပြန်ဖြေခဲ့ပေမယ့် မလုံမလဲ ခံစားရသလိုလိုတော့ ဖြစ်နေခဲ့တာအတော့်ကို ထူးဆန်းနေတော့လေသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


(၂)

အိမ်ရှေ့တံခါးခေါက်သံကြောင့် ထိပ်သည် မေမေ့ကို လှည့်ကြည့်လိုက်ပြီး…

“မေမေ့ ဧည့်သည်လား”

“မဟုတ်ပါဘူး…ဒီနေ့ ဘယ်သူမှ လာမယ်လို့ ပြောမထားပါဘူး”

“ဒါဆို သား သွားကြည့်လိုက်မယ်”

ထိပ်၏မေမေသည် ရပ်ကွက်ဈေးကလေးတွင် ပိတ်စများ၊ အထည်များကို လပေးစနစ်၊ နေ့ပေးစနစ်ဖြင့် ရောင်းသောဆိုင်လေး


www.burmeseclassic.com

www.burmeseclassic.com


တစ်ဆိုင်ကို ဖွင့်ထားရာ အိမ်ကို ညှော်သည်အလာများသူမှာ မေမေ့ ဖောက်သည်တွေသာ ဖြစ်သည်။

ထိပ်တို့သားအမိတွင် ဝင်ငွေမှာ မေမေ့အထည်ဆိုင်အသေး လေးနှင့် ထိပ်၏ ကုမ္ပဏီလစာလေးသာ ရှိသည်။

အချောင်လည်ကြီးမဟုတ်၊ အကျပ်တည်းကြီး မဟုတ်လှသော သားအမိနှစ်ယောက်တည်းဘဝတွင် ထိပ်က မကျေနပ်တာဆိုလို့ ဘယ်တော့မှ ပိုက်ဆံပြည့်ပြည့်စုံစုံ မရှိဘဲ ကားမစီးနိုင်၊ တိုက်ခန်း မဝယ်နိုင်တာပင်။

ထိပ်တို့အခုနေသော တိုက်ခန်းလေးက စပေါ်ပေးပြီး ငှားနေ ခဲ့တာ ဖြစ်ပါသည်။

"ဟဲလို...ဩော်...အဟင်း...တို့ အိမ်တံခါး မှားခေါက်မိပြီ ထင်တယ်"

အိမ်အတွင်း သစ်သားတံခါးကို ဖွင့်လိုက်လျှင် အပြင်မှာတော့ သံတံခါးပိတ်ထားသေးတာမို့ သံပန်းသံတံခါးနားမှာ ကပ်၍ ရပ်နေ သော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

တွေ့တွေ့ချင်းချင်း နှုတ်ဆက်သံနှင့်အတူ ပြုံး၍ပြောလိုက်သော စကားသံချိုချို။ အသံနဲ့လိုက်ဖက်ညီစွာ ရုပ်ရည်ချောချော ရုပ်တင့်


www.burmeseclassic.com

www.burmeseclassic.com


တယ်သော မိန်းကလေးတစ်ဦးကို ထိပ်သည် လက်တစ်ကမ်းကျော် ကွာကွာမှာ ရပ်၍ ကြည့်နေလိုက်သည်။

"တို့လေးလွှာ ညာဘက်ခန်းလို့ ထင်ပြီး မှန်းလာတာ...ဒါ လေးလွှာ ဟုတ်လား မသိဘူး...တို့က ကန်ထရိုက်တိုက်ခန်း တွေက အထပ်တွေ အလွှာတွေကို မရေတတ်ဘူး ဖြစ်နေ တယ်"

"ဒါက...ငါးလွှာပါခင်ဗျာ"

"ဩော်...ဟုတ်လား..."

"လေးလွှာ၊ ညာဘက်ခန်းဆို ဒီအောက်က အထပ်တည့်တည့် ပဲခင်ဗျ"

"ဦးမိုးဝေ ဆိုတာ သိလားဟင်...သူ ရှိမလား မသိဘူး"

"ဦးမိုးဝေ...အင်း...သိတော့ သိတယ်...သူ ရှိ မရှိ မသိဘူး ခင်ဗျ"

"အို...ရပါတယ်...တို့က သူများကို အလုပ်ရှုပ်အောင် ဟိုမေး ဒီမေး လုပ်မိသလို ဖြစ်နေပြီနော်...ဆောရီး...အခန်း တံခါးလည်း လာမှားခေါက်မိတယ်"

"ရပါတယ် ခင်ဗျာ...ကိစ္စမရှိပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည် ကောင်မလေး ပြန်ဆင်းသွားသွားချင်း သစ်သား တံခါးကို ပိတ်ပစ်ရမှာ အလိုလိုနေရင်း အားနာနေသဖြင့် သစ်သား တံခါးကို ပြန်မပိတ်ဘဲထားကာ မေမေရှိရာ အိမ်ထဲကို ပြန်ဝင်လာ ပါသည်။ အခန်းအပြင်ဘက် သံပန်းတံခါးကတော့ သော့ခတ်ထား လေရာ အတွင်းသစ်သားတံခါး မပိတ်ထားလည်း သိပ်တော့ စိုးရိမ် စရာ မရှိပါ။

"ဘယ်သူလဲ သား"

"ကောင်မလေးတစ်ယောက်...အခန်းမှားတာပါ...ဦးမိုးဝေ အခန်းထင်လို့တဲ့"

"အော်...အော်...သားရေ...ဒီမှာ ငါးပြုတ်တော့ရပြီ... အေးလည်းအေးသွားပြီ... အရိုးနွှင်ရင်နွှင်တော့... မေမေ ကြက်သွန်ဖြူ အခွံခွာလိုက်မယ်"

"မနက်ကျ ဘုန်းကြီးကျောင်းကို မုန့်ဟင်းခါးချိုင့်သွားပို့ရင် သားတော့ လိုက်မပေးနိုင်ဘူး...သူဌေးက အလုပ်နောက်ကျ ရင် မကြိုက်ဘူး မေမေရဲ့"

"အော်...ရပါတယ်ကွယ်...အလုပ်က ပိုအရေးကြီးတာပဲ... ပြီးတော့ သားက ဒေါ်လာရတာဆိုတော့ သူတို့ပေးတာနဲ့


www.burmeseclassic.com

www.burmeseclassic.com


တန်အောင် လုပ်ရမှာပေါ့...သားအဖေဆုံးတာသုံးနှစ်ပြည့်လို့ ဒီလောက်ကလေးပဲ ကပ်နိုင်တယ်ကွယ်...တကယ်ဆို အိမ်က အကျယ်ကြီးဖြစ်ရင် မေမေက အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးပြီး လှူပရိသတ်ပါ ဖိတ်ချင်တာ...အလှူ သိုက်သိုက်ဝန်းဝန်း လုပ်ရင် ကိုယ့်အတွက်လည်း မိတ်သင်္ဂဟခြွေရံသင်းပင်း ပေါများသတဲ့"

"အိမ်ရှေ့မှာ တံခါးထပ်ခေါက်ပြန်ပြီ...ဘာလဲ မသိဘူး... သား ထွက်ကြည့်လိုက်ဦးမယ် မေမေ"

ထိပ်သည် ငါးရိုးနွှင်လက်စ လက်ပေကြီးနှင့် အိမ်ရှေ့ပြန် ထွက်လာသည်။ ခုနကောင်မလေးကို ထပ်တွေ့ရပြန်သည်။

"ဆောရီး...ဆောရီး...သူ့အလုပ်ရှုပ်နေတယ် ထင်တယ် ... တို့နှောင့်ယှက်သလို ဖြစ်နေပြီ"

"ရပါတယ်...ကျွန်တော် ဘာများ အကူအညီပေးရမလဲ"

"ဟို ဒီလိုပါ...ဒီအောက်ထပ်အခန်းက ဦးမိုးဝေလေ... သူ့ကို ပေးဖို့ ပစ္စည်းလေးထားခဲ့ချင်တယ်...သူ ပေးပေးနိုင် မလား...ဦးမိုးဝေအခန်းက လုံးဝတံခါးခေါက်လို့ မရဘူး... သော့လည်း နှစ်ထပ်ခတ်ထားတာတွေ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်နဲ့ သိပ်တော့မခင်ပေမယ့်...အင်း...ရပါတယ်၊
သွားပေးလို့ ဖြစ်ပါတယ်"

ဒီတော့မှ ကောင်မလေးက သူ့ပခုံးလွယ်အိတ်အညိုရောင် အကြီးကြီးထဲမှ စက္ကူဘူးအရွယ်တော်ကိုထုတ်ကာ သံပန်းတံခါးပေါက်မှ လျှိုပေးဖို့ ကြိုးစားသည်။

ဘူးက နည်းနည်းလေး ပိုကြီးနေပြီး တံခါးပေါက်က ကျဉ်းနေလျက်...

"အို...အို...မရဘူး...ဒုက္ခပဲ"

ဟု ညည်းညူလေသည်။

ထိပ်သည် လူကို အလုပ်လာရှုပ်စေသော ကောင်မလေးကို သိပ်တော့ မကြည်လှပေမယ့် မကူညီပြန်လျှင်လည်း ရိုင်းရာကျမှာစိုး၍ ကူညီရတော့လေသည်။

"နေ...နေ...ခဏနေဦး...ကျွန်တော် တံခါးဖွင့်ပေးမယ်...
တံခါးဖွင့်ဖို့က...သြော်...ခဏတော့ စောင့်နော်...ကျွန်တော်
လက်ပေနေလို့...လက်သွားဆေးလိုက်ဦးမယ်...ဖြစ်မလား"

"ဖြစ်ပါတယ်"

ထိပ်သည် နောက်ဖေး မြန်မြန်ပြေးဝင်ပြီး လက်ဆေးလိုက်ရသည်။ မေမေက နှားစွင့်နေပြီးသားဖြစ်ရာ...



www.burmeseclassic.com

www.burmeseclassic.com


"အပြင်မှာ ရပ်နေတဲ့ကောင်မလေးတော့ အမေချက်တဲ့မုန့်ဟင်းခါးနဲ့ရပြီး ဗိုက်ဆာတော့မှာပဲ"

ဟု ကြဲကြဲဖန်ဖန် ခပ်တိုးတိုးလှမ်းပြောနေသည်။

မုန့်ဟင်းခါးချက်လျှင် ငါးရူကို ငံပြာရည် စပါးလင်တို့နှင့်ပြုတ်ရသေးရာ ထိုငါးပြုတ်နံ့ကား တစ်အိမ်ခန်းလုံးတင်မက တိုက်ခန်းလှေကားတစ်လျှောက်မှာပါ မွှေးပျံ့နေလိမ့်မည်။

"ဒီဘူးလေးကို ကြုံမှပေးလည်း ရပါတယ်...တို့က ဒီဘက်ကို နောက်တစ်ခေါက်ထပ်မရောက်ဖြစ်တော့မှာမို့လေ...အဲဒါကြောင့် ပေးထားခဲ့တာပါ...တို့ကိုလည်း ဒီပစ္စည်းက သူများလူကြုံပါးပြီး ပေးလိုက်တာဆိုတော့...သက်ဆိုင်တဲ့လူ လက်ထဲရောက်စေချင်တော့လေ...အဲဒါ..."

"ရပါတယ် ခင်ဗျာ...ကျွန်တော် ဒီနေ့ပဲ ပေးပေးနိုင်ပါတယ်"

"ရွက်နုစိမ်းက ပေးသွားတာပါလို့ ပြောပေးပါ...တို့ စာလည်း နည်းနည်းတော့ ရေးပြီး ကပ်ထားခဲ့ပါတယ်...ဟိုစင်ကာပူက လူကြုံပါးလိုက်တာလို့လည်း ဖြစ်နိုင်ရင်ပြောပေးပါနော်"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့"

စင်ကာပူက လူကြုံပါးလိုက်တာဆိုတော့ သူလည်း အခု လေးတင် သိပ်မကြာခင်မှ စင်ကာပူက ပြန်လာတယ်ဆိုတဲ့ သဘော ပေါ့။ ကြည့်စမ်း...။

ရွှက်နုစိမ်းဆိုသော ကောင်မလေးသည် မတ်တပ်ရပ်လျက် သားနှင့် စကားပြောနေတာ ဖြစ်သည်။

အရွယ်ကတော့ သွင်တို့နဲ့ ရွယ်တူပေမယ့် သူမတော့ မှန် တာပြောရလျှင် သွင့်ထက် တော်တော့်ကိုလှကာ အပြင်အဆင်ကလည်း လှပနေသေးသည်။

ပလက်တီနမ်ဟု သူသိထားသော ရွှေဖြူနှင့် စိန်ပွင့်သေးသေး လက်လက်လေးတွေပါသည့် ဆွဲကြိုး၊ လက်ကောက်ပျော့၊ လက်စွပ် နားဆွဲလှလှလေးတွေကိုလည်း ကြည့်ကောင်းအောင် ဆင်မြန်း ထားလေရာ ဘာပဲဖြစ်ဖြစ် မိန်းကလေးမို့ လက်ဝတ်လက်စားလေး တွေနဲ့ဆိုတော့လည်း ပိုအရောင်ထွက် လိုက်ဖက်တင့်တယ်နေသည်။

သွင့်မှာတော့ မရှိဘူး မဟုတ်။ အသင့်အတင့်ရှိပေမယ့် သွင် က ဘတ်စ်ကားတိုးစီးရသူ၊ အဆောင်မှာနေရသူ ဖြစ်လေရာ တော်ရုံ


www.burmeseclassic.com

www.burmeseclassic.com


သင့်ရံ ရွှေဆွဲကြိုးပျော့လည်ကပ်လေးတစ်ကုံး၊ စိန်ပွင့်သေးသေးလေး ပါသောရွှေလက်စွပ်လေးတစ်ကွင်းသာဆင်ယင်ထားတာ မြင်ဖူးသည်။

"သွင်... ဒီလောက်လေးဝတ်တာတောင် အဆောင်မှာဆို တော့ စိန်လေးတစ်လုံးလောက် ဝတ်နိုင်တာကို မျက်စောင်း တထိုးထိုးပေါ့...ကိုထိပ်ရယ်...သွင့်မှာလည်း စိန်ဆိုလို့ ဒီ တစ်ခုပဲရှိတာပါ...မိဘက တိုက်ခန်းတစ်ခန်းနဲ့ ငွေနည်း နည်းပါးပါး လက်ဝတ်လက်စား နည်းနည်းပါးပါးထားခဲ့ တာကို အဆောင်က လူတွေက ဘယ်လိုသိတယ် မသိပါ ဘူး... အထင်စွတ်ကြီးနေတာလေ... တကယ်တော့ အဲဒီ ပိုင်ဆိုင်မှုဟာ နောက်ဆုံးပေါ်ကားတစ်စီးစာတောင် မရှိပါ ဘူးနော်"

ရွက်နုစိမ်းသည် သူမကို စကားသိပ်မပြောဘဲ၊ သူမပေးထား သော ဘူးကိုကြည့်ရင်း ရပ်နေသော၊ ဘာကိုတွေးနေမှန်းမသိ တွေးနေ သော လူချောလေးကို ဘယ်လိုရေစက်ကြောင့်ရယ်မသိ အလိုလိုခင်မင် နေမိပြီး စကားဆက်ပြောချင်နေသေးသည်။

သို့သော် ယောက်ျားလေးကမှ စကားစမပြောတော့လည်း သူမက မိန်းကလေးပီပီ ပြန်ဖို့ ဆုံးဖြတ်ရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


"တို့...သွားလိုက်ပါဦးမယ်...ဩော် ဒီမှာ...တို့ဖုန်းနံပါတ် ပါတဲ့ ကတ်ယူထားပါနော်...အကယ်၍ ဦးမိုးဝေနဲ့ မဆုံလို့ မပေးဖြစ်ဘူး ဘာညာပေါ့...တစ်ခုခုများ အဆင်မပြေရင် တို့ကို လှမ်းအကြောင်းကြားပေးပါလား...ရမလားဟင်... အဟင်း အကူအညီတောင်းတာတွေ များနေပြီ...အားနာ လိုက်တာ..."

"ရပါတယ်..."

"ကျေးဇူးတင်လိုက်တာ...သွားလိုက်ပါဦးမယ်ရှင်..."

"ဟုတ်ကဲ့ခင်ဗျာ"

ရွက်နုစိမ်းသည် တစ်ချက်လှည့်သွားပြီးမှ ဆက်၍ စကားပြော ချင်စိတ် ဖြစ်နေသေးရာ...

"ဩော်...ဒါထက် စကားမစပ်နော် အိမ်မှာချက်နေတဲ့... မုန့်ခါးဟင်းနံ့လေးက မွှေးလိုက်တာ...တို့တောင် ဗိုက်ဆာ သွားပြီ"

ဟူ၍ ကောင်လေး မထင်မှတ်သောစကားဖြင့် တစ်ခွန်းလှမ်း နောက်လိုက်မိပါသေးသည်။

ထိုအခါ ရုပ်ချောချောနှင့် ချစ်စရာကောင်ကလေးက "ဩော်



www.burmeseclassic.com

www.burmeseclassic.com


အပေါင်း...အဲ...”တွေဖြစ်ကာ ဘာစကားမှ ပြန်မပြောဖြစ်ဘဲ အူတူတူ ကျန်ရစ်ခဲ့ပါသတဲ့လေ။

ဘယ်လောက် ရိုးသားပြီး ချစ်စရာကောင်းတဲ့ အမူအရာလေး လည်း ဆိုတာနော်။

* * *


www.burmeseclassic.com

www.burmeseclassic.com


နှစ်သစ်ကူးအချိန် **New Year** တွင် အလုပ်အသီးသီးက လည်း နှစ်ကူးပွဲတော် ကျင်းပလေရာ ထိပ်နှင့် သွင်တို့ ဒီဇင်ဘာ သုံးဆယ့်တစ်ရက်နေ့တွင် မနက်ပိုင်းသာ ဆုံကြပြီး…

"ညနေကျ သွင်တော့ ရုံးက **New Year** ကို သွားမှာ မဟုတ်လို့…အဆောင်ကို စောစော ပြန်ရမယ်"

ဟု သွင်က အသိပေးလိုက်သည်။

ထိပ်ကတော့ ယောက်ျားလေးပီပီ…

"ကိုယ်တို့ ရုံးတစ်ဖွဲ့လုံးကို သူဌေးက ပါတီလုပ်ပေးမှာတဲ့ ကွ…သူ့မှာ ခြံအကျယ်ကြီးရှိတယ်…အဲဒီကို ရုံးက ကား တွေနဲ့ အလုပ်ပြီးတာနဲ့ ပို့ပေးဖို့ စီစဉ်ထားတယ်…၊ လက် ဆောင်တွေလည်း ပေးမယ်လို့ ကြေညာထားတယ်… အစား


www.burmeseclassic.com

www.burmeseclassic.com


အသောက်ကလည်း တရုတ်ဆိုင်က မှာထားပြီး…ဘူဖေး ကျွေးမှာဆိုတော့ ကိုယ်လည်း အဲဒီပွဲကို သွားပျော်ချင်တယ်ကွာ…”

“ထုံးစံအတိုင်း…အဖျော်ယမကာလေးတွေလည်း ပါမယ်ဆိုပါတော့…”

“ကိုယ်…သိပ်မသောက်ပါဘူး၊ ကိုယ်က အဲဒီလိုမျိုးကွာ ခြံကျယ်ကြီးထဲမှာ ကျင်းပတဲ့ ပါတီမျိုး မသွားဖူးတော့ သွားချင်တာလေ…အရင်နှစ်တွေကလည်း သူတို့လုပ်နေကျတဲ့…ကိုယ်က ဒီနှစ်မှ ဒီကုမ္ပဏီမှာ အလုပ်ဝင်တာဆိုတော့ အခုမှ ပါရမယ်…”

“ကိုထိပ် သွားချင်သွားလေ…သွင့်ဘာသာ တစ်ယောက်တည်း ပြန်လို့ ဖြစ်ပါတယ်”

“သွင်…ကားတွေ သိပ်ကျပ်နေရင်…ကကစီးပြီး ပြန်နော်”

“အင်းပါ…”

“တစ်ရက်နေ့ ညနေကျ…ကိုယ်နဲ့သွင် နှစ်ယောက်အတူတူ တစ်နေရာမှာ သွားစားပြီး… New Year ထပ် ကျင်းပကြရအောင်”


www.burmeseclassic.com

www.burmeseclassic.com


"ကိုထိပ်လာခေါ်လေ..."

သွင်က အဆောင်ကို တစ်ယောက်တည်း ပြန်သောအချိန်တွင် ထိပ်ကတော့ အလုပ်က လူတွေနှင့် ပါတီကျင်းပမည့် ခြံအကျယ်ကြီး ထဲကို စုပြီးသွားဖို့ စိတ်အားထက်သန်နေလေသည်။

ထိပ်သည် သူဌေး၏ ခြံအကျယ်ကြီးထဲရောက်တော့ ခြံကြီး၏ အကျယ်အဝန်း၊ အပြင်အဆင်၊ ခန့်ညားကြီးမားသော နှစ်ထပ်တိုက်၊ ရေကူးကန်၊ ပန်းခြံကျယ်၊ တင်းနစ်ကွင်းတစ်ခု စသည်တို့ကို ငေးမော ကာ ရင်သပ်ရှုမောနေတော့၏။

လောကကြီးမှာ ဒီလောက် ချမ်းသာသော လူတွေလည်း ရှိပါသေးလား။

ထိပ်ဟာ ကုမ္ပဏီမှ သူငယ်ချင်းတွေနှင့် စုထိုင်ရင်း ငေးမော ရင်း တွေးနေမိသည်။ သူဌေးက **New Year** ပါတီကို ကုမ္ပဏီက ဝန်ထမ်းတွေနှင့်သာ ကျင်းပလေရာ တခြားသူစိမ်းဆိုလို့ တစ်ယောက် မှ မရှိပါ။

ကိုယ့်အချင်းချင်းတွေမို့ လက်ဆောင်ထုပ်တွေ ဖွင့်ကြ၊ အော် ကြ၊ ဟစ်ကြ၊ ရယ်မော နောက်ပြောင်ကြနှင့် ဆူညံနေသည်။

ထိပ်သည်...သွင်က မွေးနေ့လက်ဆောင် ဝယ်ပေးထားသော


www.burmeseclassic.com

www.burmeseclassic.com


ရုပ်အင်္ကျီလက်ရှည် မီးခိုးရောင် အပြာရင့်ရောင်အကြားပေါ်မှ အမေထိုးပေးထားသော ခေါင်းစွပ်လက်ပြတ် ဝေ့စကုတ်၊ နက်ပြာရောင် ဂျင်းဘောင်းဘီ အနက်ရောင်တို့ကို ဝတ်ဆင်ထားပါသည်။ ထိပ်၏ ဝတ်စားဆင်ယင်မှုက အဆန်းပြားဆုံး၊ အကောင်းဆုံးတွေ မဟုတ်ပေမယ့်၊ ထိပ်သည် အသားအရည် ဖြူစင်လတ်ဆတ်လျက် ရုပ်ရည်ချောမောလေရာ…သူ့ပုံစံက တော်တော်ကြီး ထင်ပေါ်ချောမောနေသည်။

ဒါကြောင့်လည်း ကုမ္ပဏီက ဝန်ထမ်းကောင်မလေးတွေကြားမှာ ထိပ်ဆိုသည့် မန်နေဂျာရာထူးရထားသော ဝန်ထမ်းကောင်လေးဟာ ရေပန်းစားနေတာဖြစ်သည်။

ဤအကြောင်းကို သွင့်ကို မပြောပေမယ့် သွင်က ဘယ်လိုက ဘယ်လို ပြန်ကြားသည်မသိပါ၊ တစ်ခါကတော့ မေးပြီး စိတ်ကောက်သလိုလို ဖြစ်လိုက်သေးသည်။

"သူတို့ဘာသာ… သူတို့ ကြိုက်ကြသလား မကြိုက်ကြသလား…ကိုယ်လည်း ဘယ်သိပါ့မလဲကွာ… ကိုယ့်မှာ သွင်ရှိပြီးသားပဲ၊ ကိုယ်က ဘာလို့ တခြားကောင်မလေးတွေကို လိုက်ပြီး စိတ်ဝင်စားတော့မလဲ…အဲဒ္ဒါကိစ္စနဲ့ ရန်မလုပ်နဲ့ သွင်ရာ…ကိုယ်က သွင့်ကိုပဲ ချစ်တာ သွင်သိသားနဲ့"


www.burmeseclassic.com

www.burmeseclassic.com


ထိပ်က အကျိုးသင့်အကြောင်းသင့် ရှင်းပြတော့လည်း သွင်က စိတ်ကောက် ပြေလေသည်။

အခုလည်း ထိပ်ဘာသာ သူငယ်ချင်းတွေနှင့် ဘီယာ ထိုင်သောက်နေသည်ကို ကုမ္ပဏီက ကောင်မလေးတွေသည် ထိပ်ရှေ့မှာ ဟိုသွားဒီသွား လမ်းသလားပြနေပြန်ရာ တခြားကောင်တွေက ဒါကို သဘောကျပြီး တဟားဟား ရယ်နေကြပြန်သည်။

"ထိပ်ရာ...မင်းမို့လို့ ငါတို့သာဆို အဲဒီစကလီလေးတော့ နည်းနည်းလုပ်လိုက်သေးတယ်...**New Year** နဲ့အတူ ရောပြီး ဘာလိုလို...ညာလိုလိုပေါ့"

"နေပါစေဗျာ...ကျွန်တော်ပြောပြီးသားပဲ...ကျွန်တော့်မှာ သိပ်ချစ်ရတဲ့ ကောင်မလေး ရှိနေတာ...သူ့ကိုပဲချစ်တယ်၊ သူ့ကွယ်ရာမှာလည်း တခြားကောင်မလေးတွေကို အပျော်မရှုပ်ချင်ပါဘူး"

ထိပ်သည် စကားပြောနေရင်း ထိပ်၏မြင်ကွင်းထဲကို ဝင်လာသော မိန်းကလေးတစ်ယောက်ကြောင့် ရုတ်တရက် ငေးမောသွားရပါသည်။

သူ...။ ထိပ်သည် ကောင်မလေးကို ချက်ချင်း မှတ်မိသည်။


www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ တွေ့ရတဲ့ ကောင်မလေးတစ်ယောက် ပြီးတော့ ရုပ်ရည်ချောချော ခေတ်မီမီ မိန်းကလေးတစ်ယောက်...ဤသည်ကို သူ...မမှတ်မိစရာ ဘာအကြောင်းမှ ရှိမနေပါ။

"ထိပ်...ဟာ...အံမယ်လေးဗျာ အိပ်မက်မက်နေလိုက်တာ၊ ဘာများလဲလို့"

"တွေ့တတ်တယ်နော်... သွင်ကလွဲရင် ဖွဲနဲ့ဆန်ကွဲဆိုတဲ့ ကောင်ဟာ...ခုကျတော့လည်း..."

"ဟာ...မဟုတ်ဘူးဗျ...ကျွန်တော် သူ့ကို မြင်ဖူးလို့... ကြည့်နေတာ"

ထိပ်သည် သူငယ်ချင်းတွေက ခပ်ထွေထွေဖြင့် ဝိုင်းရစ်ကြသည်ကို အလျင်အမြန်ပင် ဖြေရှင်းလိုက်ရပါသည်။

"ဘယ်မှာ မြင်ဖူးတာလဲ"

"ဒီလိုပါ...ဟိုတစ်ပတ်လောက်က..."

ထိပ်က သေသေချာချာ ပြောပြနေစဉ်တွင် ကောင်မလေးက ထိပ်ကို တန်းတန်းမတ်မတ် တွေ့သွားသည်။

ထိပ် မျှော်လင့်မထားစွာပင် သူမက ထိပ်ရှိရာသို့ ခြေလှမ်းမြန်မြန်တွေဖြင့် လျှောက်လာခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးဟာ လည်ပင်းပေါက်မကျဉ်းမကျယ် ကိုယ်ကျပ် စပို့ရှပ်အနီရဲလက်ရှည်ကို ဝတ်ထားသည်။ ဂျင်းဘောင်းဘီ နက်ပြာရောင်နှင့် ဝေါ့ကင်းရှူးနှင့်ဖြစ်သည်။ ခါးမှာတော့ ဂျင်းဂျက်ကင်ကို မဝတ်ဘဲ ပတ်ချည်ထားလေရာ စတိုင်လ်လေးက တစ်မျိုး ဖြစ်နေသည်။း

ဖြူစင်ဝင်းမွတ်သော အသားအရည်တွင် ဘာမှ လူးမထားဘဲ၊ နှုတ်ခမ်းဆိုးဆေးကတော့ အင်္ကျီအရောင်နှင့် အတူတူပင် ဆိုးထားပြီ၊ ပခုံးလောက်သာရှည်သော အခွေအကောက်များနှင့် ဆံနွယ်တို့က ညလေအေးအေးမှာ ဝေ့ဝိုက်လျက်နှင့်...။

"မြင်ဖူးပါတယ်ဆိုပြီး...ကြည့်နေတာ...ဟိုတစ်လောက တို့ အခန်းမှားပြီး ရောက်ခဲ့တဲ့အိမ်က မဟုတ်လားဟင်"

ကောင်မလေးက ရဲတင်းစွာပင် ထိပ်ကို ရပ်ကြည့်ရင်း လှမ်းနှုတ်ဆက်လိုက်၏။

ယောက်ျားလေးတွေချည်း ထိုင်နေရာ စားပွဲဝိုင်းကို လာရဲသော သတ္တိ၊ ခဏာတာဆုံရသော အဖြစ်အပျက်ကြောင့် သိကျွမ်းဖူးသော ယောက်ျားလေး တစ်ယောက်ကို လာနှုတ်ဆက်ရဲသော သတ္တိတို့က လက်ဖျားခါလောက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်လည်း မရွက်နုစိမ်းကို မှတ်မိပါတယ်"

"တို့က...ဒီပါတီကို လာတာတော့ မဟုတ်ဘူး၊ ဦးစိုးဝင်း အမျိုးသမီးက တို့အန်တီလေးလေ...အန်တီလေးကို ပြန်လာပို့ရင်း အန်ကယ်လ်ဦးစိုးဝင်းက သူ့ကုမ္ပဏီက **Staff**(စတော့ဖ်) တွေကို **New Year** ပါတီလုပ်ပေးနေတယ်ဆိုလို့ ဝင်စပ်စုတာ"

"ဪ...ကျွန်တော်တို့ ဘော့စ်နဲ့ အမျိုးတော်တာကိုး၊ ကျွန်တော်က မန်နေဂျာပါ"

ဟင်း...သူက နာမည်တော့ မပြောဘူးနော်။ တို့ကတော့ ခင်ချင်လို့ ယောကျ်ားလေးအုပ်စုကြီးရှေ့တောင် ရောက်လာရတာပါ သူရယ်။ ရွက်နုသည် နိုင်ငံခြားမှာ နေလာသူမို့ ဒီလို ယောကျ်ားလေး အုပ်စုကြီးနား သူမ တစ်ယောက်တည်း ရောက်လာပြီး စကားပြောရတာကို သိပ်တော့ ရှိုးတိုးရှန့်တန့် မဖြစ်လှပါ။

အင်း...ဒါပေမဲ့ ဒါဟာ ကောင်လေးတွေအတွက် အထင်သေးစရာများ ဖြစ်နေမလားဆိုပြီး ရွက်နု နည်းနည်းတော့ နောင်တရချင်သွားပါသည်။

ထိပ်သည် ရွက်နုစိမ်းက တစ်ယောက်တည်း ကြောင်တောင်


www.burmeseclassic.com

www.burmeseclassic.com


တောင်ရပ်နေတာမြင်လျှင် အားနာလာပြီး သူပါ ထရပ်လိုက်ရင်း သူ့နာမည်ပြောဖို့ အခုမှ သတိရသွားသည်။

“ကျွန်တော့်နာမည်က...ထိပ်ပါ”

“ဘယ်လို...”

“ထိပ်လေ...တစ်လုံးတည်းပဲ”

“အိုး...သိပ်ကောင်းတဲ့ နာမည်ပဲနော်...အမြဲတမ်း ထိပ်ဆုံးမှာ ရှိနေမယ့် သဘောပေါ့”

“အဟဲ...အဲဒီလိုတော့ ဖြစ်မလာပါဘူးဗျာ၊ ဩော်...ဒါက ကုမ္ပဏီမှာ ကျွန်တော်တို့ အတူတူ အလုပ်တွဲလုပ်ကြရတဲ့ သူငယ်ချင်းတွေလေ...သူက **Marketing** (မားကက်တင်း) ဘက်က ကိုဇော်သန့်တဲ့...သူကတော့ **Sele Promotion** (ဆေးလ် ပရိုမိုးရှင်း)ဘက်ကပဲ...ကိုအောင်သူ၊ သူက ကျွန်တော်တို့လိုပဲ မန်နေဂျာပဲ...ကိုသန်းစိုးပါ၊ ဒီနေ့...ဦးစိုးဝင်း ပါတီမို့လို့ အားလုံးပျော်နေကြလို့ မရွက်နုစိမ်းကို မိတ်ဆက်ပေးကြဖို့ မေ့နေတာ”

“ရပါတယ်...တွေ့ရတာ ဝမ်းသာပါတယ်၊ တို့က ရေတွက် ပစ္စည်း ကုမ္ပဏီမှာ အခုတော့ အလုပ်စဝင်နေတယ်...သိ


www.burmeseclassic.com

www.burmeseclassic.com


လားမသိဘူး၊ (---)ကုမ္ပဏီကလေ...ကိုယ့်ဘာသာတော့ ဘာမှ ဟုတ်ဟုတ်ဟတ်ဟတ် မရှိပါဘူး၊ မိဘက ဒါလုပ် ဆိုလို့ ဝင်လုပ်နေတာပါ"

"သြော်...ဒီလိုပါပဲ...နောက်တော့လည်း အတွေ့အကြုံ ရလာရင် ကျွမ်းကျင် သွားမှာပါ"

ထိုအချိန်တွင် တဟေးဟေးအသံများ စပြီး ကြားရလျှင်...

"ဟယ်...**count down**(ကောင့်ဒေါင်း)တောင် စလုပ်နေပြီ...**New Year** ရောက်တော့မှာပဲ"

ဟု ရွက်နုစိမ်းသည် စိတ်လှုပ်ရှား ဝမ်းသာသလို အသံဖြင့် လှည့်ပြောရင်း သူမ,ကပါ စက္ကန့်တွေလို လိုက်ရေနေသည်။

"**Six** (ဆစ်ခ်)... **Five** (ဖိုက်) **Four** (ဖိုး) ...**Three** (သရီး)... **Two** (တူး)...**One**(ဝမ်း)...ဟေး...**Happy New Year** ... **Happy New Year**..."

ကောင်မလေးက အင်မတန်မှ စိတ်လှုပ်ရှားဝမ်းသာစွာ ရေတွက်ရင်း အော်လိုက်ချိန်တွင် သူတို့ကုမ္ပဏီမှ လူတွေ၏ **Happy New Year** အော်သံတွေပါ ဆူညံနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


တချို့က သီတင်းကျွတ်မှာ လွှတ်သော မီးရှူးမီးပန်းလေးတွေ လွှတ်ကြသေးသည်။

"ဟီး...ပျော်စရာကြီးနော်...ကိုထိပ်"

ထိပ်သည် ကောင်မလေး၏ခေါ်သံကြောင့် ဒီအခေါ်အဝေါ်ကို ခေါ်တတ်သော သွင့်ကို သတိရသွား၏။

**New Year** ဆိုတာကို လာသာဆင်နွှဲရသည်။ အဲဒီလို စက္ကန့်တွေ နောက်ပြန်ရေကြ၊ နှစ်သစ်ကူးတာကို ဝိုင်းအော်ကြ၊ ပျော်ကြဆူကြသူတွေကို ငေးကြည့်ပြီး ထိပ်၏ရင်ထဲမှာတော့ ထူးထူးခြားခြား ပျော်စရာရယ်လို့ မထင်မိပြန်။

နှစ်တစ်နှစ်ကုန်ပြီအသက်တစ်နှစ်ကြီးသွားသည်ဟုသာစိတ်ထဲမှာ ထင်မှတ်လိုက်ရုံသာ။

ဒါတောင် ဒီနှစ်မှသာ ဒီလိုပါတီကို လာရလို့ **New Year** ကို အမှတ်ထားမိတာဖြစ်သည်။ အရင့်အရင်နှစ်တွေကတော့ ဒီဇင်ဘာ သုံးဆယ့်တစ်ရက် ညသန်းခေါင်ဟာ အိပ်မောကျနေသောအချိန်ဖြစ်နေတတ်ပြီး မနက်မိုးလင်းတာတောင် တစ်ခါတလေ နှစ်သစ်ကူးတာကို မေ့ချင်မေ့နေသေးသည်။

ဒီနှစ်တော့ နှစ်ကူးချိန်မှာ ကိုယ်က မအိပ်ပျော်အုံ့လေရာ


www.burmeseclassic.com

www.burmeseclassic.com


နှစ်သစ်ကူးပြီဆိုတာကိုတော့ ကြုံခွင့်ရလိုက်လေပြီ။ ပြီးတော့ ချစ်တဲ့သူကို ဖျတ်ခနဲတောင် သတိရလိုက်သေးသည်။

အင်း...ခုချိန်ဆို သွင်လေး အိပ်ပဲအိပ်နေမလား။ ဒါမှမဟုတ် မအိပ်ပျော်ရင် သွင့်မှာ ကိုယ်ပိုင်ဝယ်ထားတဲ့ **Rechargeable Light** (ရီချာ့ချ်အေးဘယ်လ်လိုက်တ်)လေးနှင့် ဝတ္တု ခိုးဖတ်နေပြီလား။ (အဆောင်မှာက ညဆယ်နာရီ မီးပိတ်ထားရာ သွင်က ညဥ့်နက်သန်းခေါင်ထိ ဝတ္တုဖတ်ချင်၍ ဝယ်ထားတာဖြစ်သည်။)

သွင့်ဘဝက ပစ္စည်းဥစ္စာလေး တော်တော်တန်တန် ပြည့်စုံပေမယ့် မိဘမရှိရှာ။ ဆွေမျိုးအင်အားလည်းနည်းနှင့် အခုတော့ တစ်ယောက်တည်း အထီးကျန်ပြီး သန့်လည်းသန့် ဈေးလည်းကြီးသော ဆိတ်ငြိမ်ရပ်ကွက်ထဲက အမျိုးသမီးဆောင်လေးမှာ သွားနေရတာကို ထိပ်မှာ သနားနေရပါသည်။

သို့သော်...သူ့ဘက်ကလည်း မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ အခြေအနေမပေးသေး၊ အဆင်သင့်မဖြစ်သေး၊ အမေကလည်း မိန်းမ မယူစေချင်သေး...စသော အကြောင်းကြောင်းကြောင့် သွင့်ကို လက်မထပ်နိုင်ခဲ့သေးပါ။


www.burmeseclassic.com

www.burmeseclassic.com


"ကိုထိပ်က...မပျော်တတ်ဘူးနော်...ဘာမှလည်း မအော်ဘူး...ဘီယာခွက်ကြီးကိုင်ပြီး ငေးနေတယ်"

"**New Year** ရောက်ပြီဆိုတာ အတွေးလွန်ပြီး...မေ့သွားလို့ပါ"

"ချစ်တဲ့သူကို သတိရသွားတာ ထင်တယ်"

"အဟဲ..."

ရွက်နုစိမ်းသည် ထိပ်ကို စပ်စုသလို နောက်ပြောင်လိုက်ပေမယ့် ထိပ်မျက်နှာက ရက်ကိုးရက်ကန်း မဖြစ်ဘဲ၊ ကျေနပ်စွာ အသံထွက်ရယ်လိုက်တာ မြင်ရလျှင် ရင်ထဲမှာ နွေးသွားပါသည်။

အို...သူ့မှာ ချစ်သူရှိနေပြီ ထင်ပါရဲ့။ ရွက်နုသည် သူမ၏ တစ်သက်တာတွင် ထိပ်ကို သူမကစပြီး စိတ်ဝင်စားရသည်မှာ... ပထမဆုံး...။

ပြီးတော့ ကောင်လေးတစ်ယောက်က ကိုယ့်ကို မနှစ်သက်သဘောမကျမှာကို တွေးပြီး စိုးရိမ်စိတ်ဝင်တာ ထိပ်နဲ့ကျမှ ပထမဦးဆုံး...။

စသောအဖြစ်တွေကြောင့် ဒါဟာ တကယ်ချစ်မိတာကြောင့်


www.burmeseclassic.com

www.burmeseclassic.com


လားရယ်လို့တွေးပြီး ထိပ်ကို ခိုး၍ခိုး၍ တစိမ့်စိမ့်ကြည့်နေခဲ့ရသော ဒီညချမ်းမှာ...။

ရှက်နုအတွက်တော့ ဒီနှစ်သစ်ဟာ အင်မတန်မှ ထူးခြားခဲ့တယ်။ အဓိပ္ပာယ်ရှိခဲ့တယ်။ ကိုယ်ချစ်မိတဲ့ ကောင်လေးတစ်ယောက် နားမှာရပ်ရင်း နှစ်သစ်ကို ကြိုခဲ့ရတယ်လေ။

*　*　*


www.burmeseclassic.com

www.burmeseclassic.com


"သွင်...ဘာစားမလဲ"

"ကိုထိပ်...စားတာစားမှာပေါ့...သြော်...နေဦး၊ ကိုထိပ် မကျွေးနဲ့ သွင်ကျွေးမှာနော်"

"ဘာဖြစ်လို့လဲကွာ...သွင်က ဆယ်ခါမှာ ရှစ်ခါလောက် ကိုယ့်ကို ကျွေးချင်နေတာ...ကိုယ်က အလိုမလိုက်ရင်လည်း စိတ်က ကောက်ဦးမယ်"

"သွင့်မှာက ပိုက်ဆံပိုနေတာ...ကိုထိပ်မှာက အမေနဲ့ ရှန်း ကန်နေရတာ သွင်နားလည်တယ်၊ ဒါကြောင့် သွင့်အတွက် ပိုက်ဆံအပို မဖြုန်းစေချင်ဘူးလေ၊ ကိုထိပ်ရယ် သွင်တို့က သူငယ်ချင်းဖြစ်ပြီးမှ ရည်းစားဖြစ်လာကြတာပါကွာ...သူ ကျွေးရတယ်...ငါကျွေးရတယ်ဆိုတာ ထည့်တွက်မနေပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုလည်း... ကျေးကျွာ... ကျေး၊ ဟော့... ဒါပေမယ့် ကိုယ် သွင့်အတွက် လက်ဆောင်တော့ ဝယ်ထားတယ်နော်၊ သွင် လက်ခံရမယ်...မငြင်းနဲ့"

"ဟီဟိ...ဘာလက်ဆောင်လဲ"

"အခု...မပြောသေးဘူး... သွင့်ဘာသာမှန်းပြီး၊ စိတ်ကူး ယဉ်ပေါ့"

"ကဗျာဆန်နေရပြန်ပြီ...ကြည့်စမ်း...ငါ့ရည်းစား ဒီနေ့ ဘာဖြစ်နေတာလဲ...နှစ်သစ်ကို ရောက်တာနဲ့အတူတူ လူပါ **Romantic** ဖြစ်တဲ့ စိတ်ကူးတွေ ဝင်နေပြီထင်တယ်"

ထိပ်သည် သွင်က နောက်နေသဖြင့် မနေတတ်မထိုင်တတ် ရယ်ကာ သွင့်နှာခေါင်းထိပ်ကလေးကို လိမ်ဆွဲပစ်လိုက်ပါသည်။

သွင်တို့ အဆောင်က လမ်းအတွင်းမှာမို့ လမ်းထိပ်ကားဂိတ် ဆီ နှစ်ဦးသား လျှောက်လာရင်း ရယ်မောကျီစယ်နေမိတာဖြစ်သည်။

လမ်းက ဆိတ်ငြိမ်ရပ်ကွက်မို့ လူလည်းရှင်းပြီး ခြံကျယ်ကြီး တွေချည်းပဲ ရှိလေရာ ထိပ်က သွင့်နှာခေါင်းကို ဖျတ်ခနဲ လှမ်းဆွဲလိုက် ခြင်းဖြစ်၏။

တကယ်တော့ ကိုထိပ်ရော သွင်ပါ လူရှေ့သူရှေ့မှာဆိုလျှင်


www.burmeseclassic.com

www.burmeseclassic.com


အင်မတန်မှ ဣန္ဒြေသိက္ခာကြီးပြီး အနေတည်သော စုံတွဲဖြစ်ပါသည်။

တဖန် ထိပ်ကလည်း ယောကျ်ားကောင်းပီပီသသ နေတတ်သူဖြစ်ရာ ကိုယ့်ချစ်သူပေမယ့် ဘယ်တော့မှ ပိုပိုသာသာ အခွင့်အရေး မယူတတ်ပါ။

အသည်းယားလာလျှင် နှာခေါင်းထိပ်လုံးလုံးလေးကို လိမ်ဆွဲရုံ၊ နဖူးကို လက်သီးဖြင့် ခပ်ဖွဖွထုရုံ၊ ပါးပြင်လေးကို ရှပ်ခနဲ ခိုးနမ်းရုံကလွဲလျှင် ချစ်သူချင်း နှစ်ယောက်တည်း တွေ့ချိန်မှာတောင် လက်ဖဝါးလေး ကိုင်ထားပြီး စကားပြောရရုံနှင့်ပင် စိတ်ချမ်းမြေ့ ပျော်ရွှင်တတ်သူ ဖြစ်ပါသည်။

"တီ...တီ...တီ..."

နောက်က ကားဟွန်းသံတစ်ခုကြောင့် ထိပ်သည် သွင့်လက်ကို လှမ်းဆွဲရင်း လမ်းဘေးဆင်းရပ်လိုက်ပါသည်။

"ကိုထိပ် မဟုတ်လား"

ကားသည် သူတို့နှစ်ဦးဘေးမှ ဖြတ်မတက်ဘဲ အသာလေး ဘီးလိမ့်ရုံမောင်းရင်း ကားမှန်တစ်ဘက်ချကာ လှမ်းမေးလိုက်သော ကြောင့် ထိပ်သည် ကားကို လှည့်ကြည့်လိုက်ပါသည်။

"သြော်...မရွက်နုစိမ်းပါလား"


www.burmeseclassic.com

www.burmeseclassic.com


"အံမယ်လေး...နာမည်ကို အရှည်ကြီးခေါ်နေတယ်...ရွက်နု လို့ပဲ ခေါ်ပါ...ရပါတယ်ရှင်...ဘယ်သွားကြမလို့လဲ"

"အင်းလျားဘက်ဖြစ်ဖြစ်...လှည်းတန်းဈေးဘက်ဖြစ်ဖြစ်... သွားမလို့ဘဲ...မသေချာပါဘူး"

"ရွက်နု ပို့ပေးခဲ့မယ်လေ...ရွက်နုက တက္ကသိုလ်ရိပ်သာ လမ်းကို ပြန်မှာ...လမ်းကြုံတယ်...လိုက်ခဲ့နော်"

"ဟာ...ရပါတယ်...ဪ...မေ့လို့...မိတ်ဆက်ပေးရဦး မယ်...သူက တသွင်သွင်တဲ့...ဟို...ကျွန်တော်ရဲ့ သွင် လေ"

ရွက်နုသည် သူတို့လမ်းမမှာ ချစ်ကျီစယ်နေတာ မြင်ပြီး ကတည်းက သူ့ကောင်မလေးကို သေသေချာချာ ကြည့်ချင်သည် ဖြစ်ရာ သူမိတ်ဆက်ပေးမှပဲ ကြည့်လိုက်ပါသည်။

စတွေ့တွေ့ချင်း ပြူးပြဲကြည့်လျှင် ရိုင်းရာကျမှာစိုး၍ မကြည့် ဘဲ နေနေခဲ့တာဖြစ်သည်။

ကဲ...ခုတော့ ကိုထိပ်က မဖြစ်မနေ မိတ်ဆက်ပေးပြီဆိုတော့ ရွက်နု စိတ်ကြိုက်ကြည့်ရှုလေ့လာလို့ ရသွားလေပြီ။

"နာမည်လေးကို ကြားရတာ ရင်ထဲမှာ အေးသွားသလိုပဲ


www.burmeseclassic.com

www.burmeseclassic.com


နော်…တွေ့ရတာ ဝမ်းသာပါတယ်ရှင်…တို့နာမည်က ရွက်နုစိမ်းပါ…ရွက်နုလို့ပဲခေါ်နော်…ကိုထိပ်နဲ့လိုပဲ ရွက်နုနဲ့ တသွင်သွင်လည်း မိတ်ဆွေတွေပေါ့”

ရွက်နုက သွက်လက်သူပီပီ စကားတွေ ဆက်တိုက်ပြောချပြီး အပြုံးတွေ မပြတ်ခဲ့ပါ။

သွင်သည် မြင်လိုက်တာနှင့် ထင်းလင်းနေအောင်လှနေသော ကောင်မလေးကို ငေးနေရတာနှင့် ရုတ်တရက် ဘာပြန်ပြောရမှန်း တောင် မသိအောင် ဖြစ်နေသည်။

“သွင့်ကိုလည်း သွင်လို့ခေါ်နော်”

“ဟုတ်ပြီ…သွင်ပေါ့…သွင်ရေ…ရွက်နု လမ်းကြုံလို့ပေး ခဲ့မယ်လေ…လိုက်ခဲ့ကြနော်”

“ဟိုလေ…”

“အံမယ်…ငြင်းဖို့မစဉ်းစားနေပါနဲ့…ကိုထိပ်နဲ့သွင့်ကို တင် ခေါ်သွားရလို့ ရွက်နု ကားဘီးမပွန်းပါဘူး…လာပါ…လမ်း ကြုံတာပဲဟာ…ဘာလို့ မလိုက်ကြစရာ ရှိသလဲနော်”

ကိုထိပ်နှင့်သွင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ တိုင်ပင်မိကြ၏။ တစ်ဖက်မှလူကလည်း တရရခေါ်နေလျှင် ကိုယ်က


www.burmeseclassic.com

www.burmeseclassic.com


ဘာကောင်ကြီးမှ မဟုတ်ပါဘဲ အသည်းအသန် ငြင်းဆန်ရမှာကို နှစ်ဦးစလုံး မလိုလားကြပါ။ အားလည်းနာနေကြလေရာ...

"အားနာစရာ...ရွက်နုရယ်"

ဟု သွင်က တိုးတိုးပြောပြီး ရွက်နုလက်လှမ်းဖွင့်နေသော ကားတံခါးပေါက်မှ တစ်ဆင့် အထဲကို ဝင်လိုက်ရ၏။

"အဟီး...ဆောရီး...ရွက်နုကားက **Two Doors** (တူးဒိုး) ဆိုတော့ ရှေ့ကနေဝင်မှပဲ ရတယ်...ထိုင်ခုံကို ချိုးဝင်မှ နောက်မှာထိုင်လို့ရတော့ ဝင်ရတာ အဆင်မပြေဘူးနော်"

"ရပါတယ်...ကားလေးက လှတယ်...ချစ်စရာလေး"

"ရွက်နုအတွက်လည်း အဆင်ပြေအောင်လေ...အရွယ်ခပ် သေးသေးနဲ့ နိုင်နိုင်နင်းနင်းရှိမယ့်ကားကို ဝယ်ထားတာ... ရွက်နုက ကားမောင်းတာရမ်းတယ်...ကြမ်းတာ မဟုတ် ဘူးလေ...ရမ်းတာ...ဒီတော့ တစ်ပတ်မှာ တစ်ခါလောက် သူများကို လျော်လိုက်...ကိုယ့်ဘာသာ ဖြစ်လိုက်ပဲ"

သွင်က အရင် နောက်ခန်းထဲဝင်လိုက်တော့ ကိုထိပ်ကပါ လိုက်ဝင်မလို့ ပြင်ပေမယ့် ရွက်နုကပင် **Lover Seat** (လာ့ဗာဆိwww.burmeseclassic.com) ခုံကို ခါးချိုးထားရာမှ ပြန်မတ်ပစ်လိုက်ကာ...

www.burmeseclassic.com


"ကိုထိပ်က အရပ်ကြီးမြင့်တော့ ခါးကိုင်းရတာ အဆင်မပြေ ပဲနေမယ်နော်...ရှေ့မှာပဲ ထိုင်ရင်ထိုင်လေ...ဖြစ်မလား... သွင်နဲ့အတူတူတော့ မထိုင်ရတော့ဘူးပေါ့...ဒါပေမဲ့ ရွက်နု က အဆင်ပြေအောင် ပြောတာပါ"

ဟူ၍ ကြိုလည်းပြောထားလေရာ ကိုထိပ်သည် ရွက်နုနံဘေး က **Lover Seat** မှာပင် ဝင်ထိုင်လိုက်ရတော့သည်။

သွင်သည် ဘယ်က ဘယ်လို ကိုထိပ်နှင့် သိကျွမ်းနေသည် မသိသော ရွက်နုကို မြင်ရတာနှင့်ပင် သူမ,ဟာ ဘာကိုလိုချင်သလဲဆို တာ မိန်းကလေးမို့ ချက်ချင်းရိပ်မိသွားပါသည်။

ထိုအခါ သွင်သည် ခုနက ချစ်သူနှင့် ကြည်နူးပျော်ရွှင်ရတာ တွေပင် ပျောက်သွားပြီး ငူငူငေါင်ငေါင် ဖြစ်နေရတော့၏။

"ကိုထိပ်တို့က ဒီလမ်းထဲကထွက်လာတာဆိုတော့ ဘယ်က လာကြတာလဲ"

"ကျွန်တော်က သွင့်ကို လာခေါ်တာလေ...သွင်က ဒီလမ်း ထဲက(---)အဆောင်မှာ နေတယ်"

"ဟုတ်လား...အဲဒီအဆောင်ကို သိတာပေါ့...အဲဒီဘွားဘွား ကလေ...အဆောင်ပိုင်ရှင်ဘွားဘွားက ရွက်နု အဘွားနဲ့


www.burmeseclassic.com

www.burmeseclassic.com


ကျောင်းနေဖက်တွေလေ…အရင်က တက္ကသိုလ်မှာလည်း မိန်းကလေးအဆောင်တွေကို အုပ်ချုပ်ရတယ်…အသက်ကြီးတော့ **Retire** ရပြီးတော့လည်း သူ့အိမ် အကြီးကြီးကို အဆောင်ဖွင့်ပစ်ပြီး အလုပ်ရှုပ်တုန်းပဲ…ဝါသနာကို ပါတာလေ…အဆောင်အခန်းတွေပြင်ဖို့ **Interion Decoration** (အင်တီးရီးယား ဒီကိုရေးရှင်း)ကိုတော့ ရွက်နု အစ်ကိုကြီးပဲ လုပ်ပေးရတယ်"

"ဩော်…ရွက်နုမှာ အစ်ကို ရှိသေးလား"

"ရှိတယ်…အစ်ကို တစ်ယောက်တည်းပဲ…အစ်ကိုကြီးက အခု ဒီမှာမဟုတ်ဘူး…သူ့ရည်းစားရှိတဲ့ ပြင်သစ်မှာသွားနေတယ်…**Decoration** ပညာသွားသင်ရင်း တွေ့ကြတာလေ၊ မြန်မာပြည်ကို ခဏပဲ ပြန်လာပြီး ဟိုမှာပြန်သွားနေတယ်… သူပြန်လာတုန်းပေါ့…သွင်တို့ အဆောင်ပိုင်ရှင် ဘွားဘွားကို ပြင်ဆင်ပေးသွားတာ…ဘွားဘွားကို ပြောလိုက်ရင်ရတယ်… ရွက်နုစိမ်း ဆိုရင်သိတယ် သွင်ရဲ့"

သွင်သည် ရွက်နုစိမ်း၏ ချောမောရည်မွန်မှု၊ သွက်လက်မှု၊ သူမ၏အစ်ကိုကလည်း ပြင်သစ်မှာတောင် ကျောင်းသွားနေနိုင်လောက်


www.burmeseclassic.com

www.burmeseclassic.com


အောင် ချမ်းသာမှုတွေကိုနှားထောင်ရင်း ဒါဟာ ကိုထိပ် သိပ်အားကျ ရတဲ့ ဘဝမျိုးပါလားဟု တွေးနေမိခဲ့သည်။

"ဟော...စကားပြောရင်း မောင်းလာတာနော်...လှည်းတန်း ရောက်ပြီ...ကိုထိပ်တို့က လှည်းတန်းလား...အင်းလျားလား"

"လှည်းတန်းမှာပဲ ဆင်းရင်ကောင်းမယ်နော် ကိုထိပ်"

"သွင့်သဘောပဲ...ဆင်းလေ"

"ရွက်နုရေ...သွင်တို့ကို လှည်းတန်းက ရွက်နုအဆင်ပြေ မယ့်နေရာမှာပဲ ရပ်ပေးလိုက်နော်"

"အိုကေ..."

ရွက်နုသည် ကားကို ကျွမ်းကျင်စွာပင် မောင်းနှင်ကာ အဆင် ပြေပြီး ရပ်လို့ရသော နေရာမှာ ရပ်ပေးလိုက်၏။

ကိုထိပ်နှင့်သွင်တို့ ကားပေါ်ကဆင်းပြီးလျှင် ရွက်နုကိုလက်ပြ နှုတ်ဆက်ရင်း ကျေးဇူးတင်စကားပြော၊ ရွက်နုက ပြန်နှုတ်ဆက်၊ လက်ပြ...။

သူတို့နှစ်ဦးအနားက အရောင်လှလှ လက်လက် **Dark Chocolate** (ဒါ့ခ်ချော့ကလက်)ရောင် ပြိုင်ကားလိုလို ကားလေး ရှောခနဲ ထွက်သွားတဲ့အထိ သူတို့ရပ်ငေးကြည့်၍ ကျန်ရစ်ခဲ့သေး...။

www.burmeseclassic.com


အတန်ကြာမှ သွင်က ကိုထိပ်ကို မော့ကြည့်လျှင်...

"ဟော့...မမေးနဲ့...မမေးနဲ့...ကိုယ်ပြောပြမလို့ဘဲ...ပြီးတော့ သဝန်တွေတို စိတ်တွေကောက်ပေါ့...ဟုတ်လား"

ဟူ၍ ကိုထိပ်က ချစ်သူကို ကျီစယ်လိုက်ကာ လက်ဆွဲခေါ်ပါသည်။

ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး အဖြစ်အပျက်အစုံကို ကိုထိပ်က အသိပေးလို့ပြီးသောအခါ သွင်သည် ပြုံးတော့မလိုလို မဲ့တော့မလိုလို ဖြစ်နေသဖြင့်...

"သွင်...ဘာဖြစ်နေတာလဲ"

"မသိဘူး...သွင် စိုးရိမ်နေသလိုပဲ"

"ဘာလို့ စိုးရိမ်ရတာလဲ"

"သူက သိပ်လှတာ"

"လှတိုင်းကိုယ်က ပါသွားရောလား... လှတာကြိုက်ရင် ကိုယ် လှတာပဲ ရှာမှာပေါ့...သွင် သိပြီးသားပဲ"

"ပြီးတော့ အရမ်းချမ်းသာနေတယ်...ကိုထိပ် အားကျသလိုပဲ...ကားအကောင်းစီးပြီး သူကိုယ်တိုင်လည်း နိုင်ငံခြားက ပြန်လာထားတာ...သူ့အစ်ကိုလည်း နိုင်ငံခြားမှာ ကျောင်း


www.burmeseclassic.com

www.burmeseclassic.com


နေတာတွေကို သူက ပိုင်ဆိုင်ထားသေးတယ်"

"ကိုယ်အားကျတာမှန်ပေမယ့် သူနဲ့ကိုယ် ဘာမှ မဆိုင်တာ ကွာ...သွင် ဘာကို စိုးရိမ်နေစရာရှိလဲ"

"သူ...ကိုထိပ်ကို ကြိုက်နေတယ်လို့ ထင်တယ်"

"မဟုတ်ပါဘူးကွာ... သူက ပွင့်လင်းပြီး ခင်တတ်တာ ဖြစ်မှာပါ...သူ့ကို ကိုယ်မှ မကြိုက်တာ...ဘာမှ ဖြစ်လာ စရာ မရှိဘူး...ယောက်ျားလေးနဲ့မိန်းကလေးမှာ ယောက်ျား လေးဘက်က ဘာမှ မစရင် ဘာမှ ဖြစ်စရာ အကြောင်း မရှိဘူး"

ကိုထိပ်က ဘယ်လိုပဲ ဖျောင်းဖျပါစေ။ သွင်ကလည်း ကိုထိပ် ကို ဘယ်လို ယုံကြည်စိတ်ချပါစေ။ သွင့်ရဲ့ စိတ်ထဲမှာတော့ စိုးရိမ် မှုလေးတစ်ခုက စတင်၍ အမြစ်တွယ် ကိန်းအောင်းလာခဲ့တော့လေ သည်။

အဲဒီ တစ်ရက်မှာ ချစ်သူဆီက ချစ်စရာကောင်းသော နှစ်သစ် လက်ဆောင် **"I Love You"**စာတန်းလေးကို အသည်းပုံလေးမှာ ထိုးထားပြီး ရင်ပတ်မှာ ကပ်၍ ကိုင်ထားသည့် မွေးပွခွေးဖြူလေး ကို လက်ခံရရှိပေမယ့်...။


www.burmeseclassic.com

www.burmeseclassic.com


မွေးပွဲအရုပ်လေးတွေကို ချစ်တတ်မှန်းသိလို့ ကိုထိပ်က သတိတရလက်ဆောင်ပေးပါလားဆိုတာ...။

စိတ်ကြည်နူး ချမ်းမြေ့ခဲ့ရပေမယ့်...။

သွင်သည် ညကျတော့ အိပ်မက်လှလှ မမက်ဘဲ မရေမရာနဲ့ ဖမ်းဆုပ်မရသော အိပ်မက်ဆိုးတစ်ခုကို မက်ခဲ့ပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


(၃)

ဒီတစ်ပတ်တော့ သွင်သည် မေပျိုတို့နှင့်ချိန်းကာ အပျင်းပြေ ရုပ်ရှင်ကြည့်မည်၊ ဈေးဝယ်မည်ဟု ကိုထိပ်ကို အသိပေးထားရာ တနင်္ဂနွေနေ့ညနေတိုင်း အဆောင်ဘက်ကို တစ်ခါရောက်လာပြီး သွင်နဲ့အတူ လမ်းထွက်လျှောက်ဖို့ အစီအစဉ်ကို ဖျက်လိုက်ပါသည်။

"သွင်... သူတို့နဲ့သွားရင် ကိုထိပ်ကရော လွင်မင်းတို့နဲ့ဆုံဖို့ရှိလား"

"မရှိပါဘူးကွာ...လွင်မင်းက ကုမ္ပဏီက လွှတ်လို့ ခရီးထွက်ရလိမ့်မယ်...ကျော်ခန့်က သူ့ကောင်မလေး မွေးနေ့တဲ့ သွားလိမ့်မယ်...သန်းနိုင်တစ်ယောက်လည်း အဆက်အသွယ် သိပ်မလုပ်ပြန်ဘူး၊ ဘယ်ခြေဦးလှည့်နေတယ်မသိဘူး..."


www.burmeseclassic.com

www.burmeseclassic.com


"ကိုထိပ်ပျင်းရင် သွင်တို့နဲ့ လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးကွာ...မိန်းကလေးတွေကြားထဲ လိုက် မရှုပ်ချင်ဘူး...ပြီးတော့ သွင်က သူတို့နဲ့သွားတာကို ကိုယ် ဝင်ပါနေရင် ကိုယ် သွင့်ကို မယုံလို့ ဘေးက ပါနေရာ ကျတယ်...သွင့်ဘာသာ လွတ်လွတ်လပ်လပ် ပျော်ပျော် ရွှင်ရွှင်သွားပါ...ကိုယ်လည်း အမေ့အထည်စာရင်းကိစ္စတွေ ဝင်ကူလို့ရတာပေါ့"

သွင်တို့နှစ်ယောက်ကြားမှာတော့ အဆင်ပြေပြေနဲ့ နားလည်မှု ရသွားလေရာ တနင်္ဂနွေနေ့ရောက်လျှင် သွင်က သူငယ်ချင်းတွေနဲ့ သွားဖို့ အဆင်သင့်ဖြစ်နေပြီ။

သွင်က အသင့်ပြင်ဆင်ပြီးနှင့်၍ အဆောင်ဧည့်ခန်းလေးထဲ မှာ မေပျိုနဲ့နန္ဒာ့ကို ထိုင်စောင့်နေပါသည်။

"အံမယ်...သွင်သွင်...လှလို့ပလို့ပါလား...အချစ်နဲ့ အတူ တူ လျှောက်လည်တော့မယ် ထင်တယ်"

"မဟုတ်ဘူး မမဆွေရဲ့...ကျောင်းတုန်းက သူငယ်ချင်းတွေ နဲ့ ရပ်ရှင်သွားကြည့်မလို့လေ...ပြီးတော့ ဈေးလည်း ပတ် မလို့..."


www.burmeseclassic.com

www.burmeseclassic.com


"သွင်သွင်က အခုလိုလေး ဝတ်ထားတော့ လိုက်သားဟဲ့"

"တစ်ခါတလေမြင်ရလို့ အမြင်ဆန်းနေတာ ဖြစ်မှာနော်"

"မဟုတ်ပေါင်...သွင်သွင်က ချစ်ဖို့ကိုကောင်းတာ...ချစ်စရာလေး...အရုပ်တစ်ရုပ်လိုပဲ...ဒါကြောင့် မောင်ထိပ်က မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်နေတာပေါ့"

"ဟော...မမဆွေ...သွင့် သူငယ်ချင်းတွေ လာပြီ"

"ဟယ်...သူတို့လည်း ချောကြ လှကြတာပဲ"

"ဟိဟိ...မမဆွေ...အကုန်လုံးကို မြှောက်နေတဲ့အတွက် သွင်ပြန်လာရင် မုန့်ဝယ်ခဲ့မယ်...ဘာစားမလဲ"

"ဘာပဲဖြစ်ဖြစ်...စားလို့ရရင် အကုန်စားတယ်ဟေ့"

သွင်တို့အဆောင်မှ အစ်မကြီးကို နှုတ်ဆက်ပြီး သွင်သည် မေပျိုတို့နဲ့အတူ လက်ကိုင်အိတ်ကလေးဆွဲ၍ ထွက်လာပါသည်။

သွင်သည် မိတ်ကပ်ရောင် လက်ဖောင်းအိအိ လက်ရှည်ဘလောက်စ်အင်္ကျီနှင့် ချောကလက်ရောင် အညိုရင့်ပေါ်မိတ်ကပ်ရောင်နှင့် အနီရောင်အရုပ်ကလေးတွေပါသော စကတ်ထဘီကို ဝတ်ဆင်ထားသည်။

သွင့်ဆံပင်တို့က အရှေ့အနောက်တညီတည်း တဖြောင့်တည်း


www.burmeseclassic.com

www.burmeseclassic.com


ရှည်ပြီး ထူအိမည်းနက်တောင်ပြောင်ပေမယ့် သွင်သည် ဆံပင်ရှည် ရှည်ထားရမှာ စိတ်မရှည်လေရာပခုံးကျော်ရုံကလေးသာ ထားပါသည်။

"သွင့်ဆံပင်က ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ခေါင်းလျှော်ရည်ရှန်ပူကြော်ငြာထဲက ဆံပင်လိုပဲ ဖြစ်နေတာနော်"

ဟူ၍ နန္ဒာကပင် သဘောတကျပြောနေပြန်သေးသည်။ နန္ဒာက ဆံပင်ရှည်ကြီး ခါးကျော်နေပေမယ့် သွင့်လောက် ဆံပင်မလှချေ။ သူ့ဟာနဲ့သူတော့ လှနေပေမယ့် သွင်နဲ့ ဆံပင်ချင်းယှဉ်လျှင်တော့ မလှတော့ချေ။

အားလုံးထဲမှာ မေပျိုကတော့ ဆံပင်တိုဂုတ်ဝဲ ဖောင်းဖောင်းလေးနှင့်ဖြစ်ပြီး မေပျိုက ရုပ်အချောဆုံးလည်း ဖြစ်သည်။

"သွင်ရေ... ငါတို့က ပြင်ဆင်ထားတော့ ကကငှားစီးမှ ဖြစ်မယ်နော်"

"အေး...ငါလည်း...အဲဒါပဲ အကြံပေးမလို့"

"သုံးယောက်မျှပြီး ပေးကြတာပေါ့"

"ရပါတယ်...သွင်ပေးပါ့မယ်"

"မဟုတ်ဘူးလေ...သွင်ရဲ့...နင်က ငါတို့ထဲမှာ ပိုက်ဆံ အတတ်နိုင်ဆုံးဆိုပြီး နင့်ပဲ ပိုက်ဆံရှင်းခိုင်းလို့ ဘယ်ဖြစ်မလဲ၊


www.burmeseclassic.com

www.burmeseclassic.com


ဘယ်မှာ မျှတပါ့မလဲ…နင်က **4WD** ကြီးစီးနိုင်တဲ့အထိ ချမ်းသာရင်တော့ ငါတို့က မတားပါဘူး”

“ဟီးဟီး…ခုတလော အဲဒီ **4WD** (ဖိုးဝီးလ်ဒရိုက်ဖ်)အသံ တယ်ကြားရတာပဲ”

“ဘာဖြစ်လို့လဲ”

“ကိုထိပ်လည်း ဘာစိတ်ကူးတွေပေါက်တယ် မသိဘူး… အရမ်းချမ်းသာချင်တာမျိုး…**PARADO**တို့ **PAJERO**တို့ စီးချင်တာမျိုး ရောဂါဖြစ်ပြီး တပြောပြောလုပ်နေလို့…”

“သိန်းသုံးရာဆုပေါက်ရင်တောင် သုံးရတာ မလောက်ငှ နိုင်ဘူးဆိုပြီး စိတ်ကူးယဉ်နေတယ် ထင်တယ်”

“ဟဲ့…ဟိုမှာ ကကတစ်စီး…သန့်တယ်…ကားလေးက လှတယ်ဟဲ့…ငှားရအောင်…မေပျို…နင်တားလိုက်”

“အံမယ်…ငါ့ပဲ”

“နင်က ပိုချောတာကိုးဟဲ့”

မိန်းကလေးသုံးယောက်သား စကားတွေပေါက်ပေါက်ဖောက် သလို ပြောပြီး မတ်ခ်တူးခါးရှည်ဆလွန်းကြီးပေမယ့် ကသန့်ပါတ်


www.burmeseclassic.com

www.burmeseclassic.com


တပ်ပြီး **TAXI** ဟု စာတမ်းတပ်ထားသော အငှားကားကိုလက်တား လိုက်ကြပါသည်။

ကားသည် သူတို့သုံးယောက်ရှေ့တွင် ငြိမ့်ကနဲ ထိုးရပ်သွားပါသည်။

"ဘယ်သွားကြမလို့လဲ"

"ဟင်..."

သွင်သည် မောင်းသူနေရာမှ လူကိုမြင်လျှင် အံ့သြပြီး ကြောင်ကြည့်နေမိ၏။

"ဦးစောကမ္ဘာ"

မေပျိုက ရုတ်တရက် လွှတ်ခနဲ ခေါ်လိုက်မိသည်။

"ကျွန်တော့်ကို သိတဲ့လူ မသွင်သွင် တစ်ယောက်ပဲ ထင်တာ"

"ကျွန်မက ဦးစောကမ္ဘာတို့ အလုပ်မှာတစ်ခါ လာလျှောက်ဖူးတော့ မှတ်မိနေတာပါ"

"ခင်ဗျား အလုပ်ရသွားလား"

"မရပါဘူး"

www.burmeseclassic.com

"ဪ...ဆောရီး...မသွင်သွင် သူငယ်ချင်းမှန်းသိရင်တော့ ခန့်ဖို့ကို ကျွန်တော် ဝိုင်းတိုက်တွန်းပေးခဲ့မှာပေါ့"

"ကျွန်မမှာ အလုပ်ရှိပြီးသားပါ...ကုမ္ပဏီအသစ်မို့ လာလျှောက်ကြည့်တာပါ...အလုပ်အရေးတကြီးရဖို့ သိပ်မလိုပါဘူး"

မေပျိုနှင့်မရည်ရွယ်ဘဲ စကားတွေပြောနေမိသော စောကမ္ဘာသည် ခုထိ ငြိမ်သက်စွာ ရပ်နေဆဲဖြစ်သည့် တသွင်သွင်ကို တစ်ချက်ကြည့်လိုက်ပြီး...

"မသွင်သွင်ကရော ကျွန်တော့်ကို မှတ်မိရဲ့လား"

ဟု လှမ်း၍ စကားပြောလိုက်သည်။

"မှတ်မိပါတယ်...မတွေ့တာတောင် ကြာပြီနော်"

"အဲဒီဘက် မရောက်ဖြစ်လို့ပါ...ကဲ...ကျွန်တော့်ကားကို တားတော့ ဘယ်သွားမှာလဲ...လိုက်ပို့မယ်လေ"

"အငှားကားထင်လို့ တားတာပါ"

"အဟင်း...ဟုတ်တယ်...ဒီကားကို မောင်းလာတာ တစ်လမ်းလုံး အတားခံနေရတယ်...ကျွန်တော် ဘယ်သူ့ကိုမှ ရပ်မပေးခဲ့ဘူး...မသွင်သွင်တို့ကို မြင်မှ ရပ်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com


"အငှားကား မဟုတ်ဘူးဆိုရင်နေပါစေ...သွင်တို့က တခြား ကားပဲ ငှားပါ့မယ်"

"အငှားကားပါဗျာ...ကက နံပါတ်ကြီးနဲ့ပါ"

"ဒါပေမယ့် ကိုစောကမ္ဘာက တက္ကဆီဒရိုင်ဘာမှ မဟုတ်တာ"

"အခုတော့ ဟုတ်လိုက်ပြီဗျာ...ကျွန်တော့်ကားကို ငှားပါ... ဘယ်ပို့ပေးရမလဲ"

မေပျိုသည် သွင့်ကိုပဲ အရေးတပေးပေး လေသံချိုတမြမြ လုပ်ကာ စကားပြောနေသော စောကမ္ဘာ၏အမူအရာတွေကို ရိပ်မိပြီး သွင့် ဆုံးဖြတ်ချက်ကို မေးထိုးပြီး မေးလိုက်ပါသည်။

"ရပ်ရှင်ချိန် မမီတော့ဘဲနေမယ်...သွင် ငှားရင်ငှားလိုက်ပါလား"

တစ်ချိန်လုံးငြိမ်ပြီးရပ်နေသော နန္ဒာက တိုးတိုးဝင်ပြောသည်။ သွင်သည် တကယ်တမ်းဆိုလျှင် စောကမ္ဘာ၏ကားပေါ် မလိုက်လိုပေမယ့် ကိုယ်က တားလည်းတားပြီးပြီ။ သူ့ပုံကြည့်ရတာလည်း မငှားတော့ပါဘူး ပြောရင်တောင် ရမယ့်ပုံမပေါ်တော့တာမို့ ငှားဖို့ဆုံးဖြတ်လိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


သူက ရိုးရိုးသားသားပြောဆိုသည်ကို ကိုယ့်ဘက်က အထာ တကိုင်ကိုင် လုပ်ပြီး ဟိုငြင်းဒီရှောင် လုပ်မပြချင်လေ။

"ကိုစောကမ္ဘာကို အားနာလိုက်တာ...သွင်တို့က..."

"ဟာ...ရပါတယ် ...ကျွန်တော်ကလည်း ကကန်ပါတ်ပါ တဲ့ကားကို ဆွဲလာတာကိုး...ဘာမှ စိတ်ထဲမထားပါနဲ့... မိတ်ဆွေတွေပဲ...ငှားပါ...ရပါတယ်"

"ဒါဆို သွင်တို့ကို နေပြည်တော်ရုံ ပို့ပေးပါနော်"

"ဟုတ်ပြီ"

"ဘယ်လောက်ပေးရမှာလဲ"

"အဟား"

စောကမ္ဘာသည် သူကိုယ်တိုင်လည်း အငှားကားငှားမစီးဘူး သလို ဒီလိုမျိုးလည်း တစ်ခါမှ မကြုံရလေရာ ရုတ်တရက်တော့ ရယ်ချင်သွားသည်။

"အလကားတော့ မပို့နဲ့နော်...အငှားကားပါဆိုလို့ ငှားတာ တန်ရာ တန်ကြေးတော့ ပေးရလိမ့်မယ်"

"ကျွန်တော် မပြောတတ်ဘူး...မသွင်တို့ပဲ ကြည့်ပေးလိုက် ပါလား"


www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ခြောက်ရာပေးမယ်"

"ရပါတယ်"

သွင်တို့သည် ကားနောက်ခန်းမှာပင် သုံးယောက်သား စုပြုံပြီး ဝင်ထိုင်ကြ၏။

စောကမ္ဘာကား အတွေ့အကြုံသစ်၊ ရင်ခုန်ခွေးထွေးရခြင်း၊ အသစ်ထဲ၌ နူတ်ခမ်းမိတ်ကပ်ဖျော့ရောင်ဆိုးကာ တစ်ကိုယ်လုံးမိတ်ကပ်ဖျော့ရောင်လွှမ်းနေသည့် ဘယ်လိုချစ်စရာ ကောင်းမှန်းမသိ၊ချစ်ဖို့ကောင်းနေသော ကောင်မလေးကို ရသလောက်ခိုးကြည့်ပြီး ကားကို မောင်းထွက်လာခဲ့ပါသည်။ အင်း...ဒီနေ့တော့ သူတို့ ဘယ်သွားသွား ငါ လိုက်စောင့်နေမှဖြစ်မယ် ထင်တယ်။ သူ့မှာ ရည်းစားရှိတာ သိသားပဲ။ ဒါပေမယ့် ရည်းစားရှိပြီးကောင်မလေးကို ချစ်မိသွားတာ ဟာလည်း ဘာမှ ငရဲမကြီးနိုင်ပါဘူး။

*  *  *



www.burmeseclassic.com

www.burmeseclassic.com


**PEARL HARBOUR** ရုပ်ရှင်ကားပြီးချိန်တွင် စောကမ္ဘာသည် သူ့ကိုမြင်အောင် ကားအပြင်ဘက်ထွက်ရပ်ပြီး ဟိုလျှောက်ဒီလျှောက် လုပ်ပြနေသည်။

ရုပ်ရှင်ရုံထဲက ချောမောလှပသော ကောင်မလေးသုံးယောက်ထွက်လာတာကို ဘယ်သူမှ မမြင်ဘဲမရှိ။

ယောက်ျားလေးတွေရဲ့ စရိုက်အတိုင်း ချောချောလှလှဆိုလျှင်ကြည့်လိုက်မိစမြဲမို့ ဒီကောင်မလေး သုံးယောက်ကိုတော့ တမင်ပဲစောင့်နေခဲ့တာမို့ မြင်ပါသည်။

ထို့အတူ သူတို့ကလည်း စောကမ္ဘာ၏ ထင်ထင်ရှားရှားရုပ်ရည်ကို လှမ်းမြင်ကြပါသည်။

မင်းသားလိုလို၊ မော်ဒယ်လ်လိုလို၊ အရပ်မြင့်မြင့်ခပ်ချောချော


www.burmeseclassic.com

www.burmeseclassic.com


ကောင်လေးဟာ ကုမ္ပဏီတစ်ခုမှာ အကြီးအကဲနေရာယူထားသူဟူ၍ ဘယ်သူကမှ ထင်စရာ မရှိပါ။

စောကမ္ဘာရဲ့ နေပုံထိုင်ပုံ ပြောဆိုပုံတွေက လွတ်လပ်ပေါ့ပါးလှ၏။ သူကိုယ်တိုင်လည်း နှစ်ဆယ်ကျော် လူငယ်တစ်ယောက်မို့ အဲဒီပုံစံတွေ မပျောက်တာလည်း ဖြစ်နိုင်သည်။

"ဟယ်တော့...စောင့်နေပြန်ပြီ"

"မေပျို... ငါတော့... စိတ်ညစ်တယ်... ကိုထိပ်သာသိရင် အရမ်းဒေါသဖြစ်မှာ"

"ထိပ်ပြောတာ ဟုတ်ကို ဟုတ်တယ်တော့...သူက သွင့်ကို စိတ်ဝင်စားတာနော်...အံ့သြစရာကြီး...ရည်းစားရှိထားတဲ့ ကောင်မလေးကို စိတ်ဝင်စားရဲတယ်"

"နန္ဒာ...သူ ငါ့ကို လှမ်းပြုံးပြနေပြီ...ငါ ဘာလုပ်ရမလဲ"

"မသိချင်ယောင်ဆောင်ပြီး အံ့သြလိုလို ပြန်ပြုံးပြလိုက်ပေါ့"

"အေးလေ...နင်ပြောတဲ့အတိုင်း ငါလုပ်လိုက်ပြီ"

သူတို့စကားမဆုံးခင်မှာ စောကမ္ဘာက သူတို့အနား ရောက်လာနေလေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com


“မသွင်တို့ကို ချပြီး ပြန်သွားမလို့လုပ်တုန်း သူငယ်ချင်းတစ်ယောက်နဲ့ဆုံတာနဲ့ နီးတဲ့ **Traders** မှာပဲ ကော်ဖီဝင်သောက်ရင်း စကားပြောနေတာလေ...ဒါနဲ့ပဲ သူနဲ့လည်း လမ်းခွဲရော ရုပ်ရှင်လည်းပြီးပြီ...လူတွေစထွက်လာနေတာ တွေ့တာနဲ့ ကျွန်တော့်ကားကိုများ ငှားချင်ဦးမလားဆိုပြီး လာစောင့်နေတာပါ”

“သွင်တို့လည်း ကိုစောကမ္ဘာကို တွေ့လိုက်ရတော့ အံ့သြသွားတယ်”

“ဘယ်သွားကြဦးမလဲ...ပြန်မယ်ဆိုရင်လည်း ကျွန်တော့်ကားကိုပဲ ငှားပါ...မပြန်ရင်လည်း သွားမယ့် နေရာတော့ လိုက်ပို့ပေးနိုင်ပါတယ်”

“သွင်တို့ ဈေးဝယ်ကြမှာပါ”

“ဩော်...ဝယ်လေ...ဘယ်မှာဝယ်မှာလဲ”

“ဗိုလ်ချုပ်ဈေး...”

“လိုက်ပို့ပေးမယ်လေ”

“သွင်တို့ လမ်းလျှောက်သွားမလို့...”

“လျှောက်မနေပါနဲ့ဗျာ...ကျွန်တော့်ကားကြုံကို စီးပြီးသွား


www.burmeseclassic.com

www.burmeseclassic.com


လိုက်ပါ…မိတ်ဆွေတွေပဲ…ဒီတစ်ခါတော့ ကူညီတယ်လို့ သဘောထားလိုက်ပါ…ဪ…ဒါနဲ့မသွင်ရဲ့ဟိုတစ်ယောက် မပါပါလား”

“ကိုထိပ်ကို မေးတာလား”

“ဟုတ်တယ်…ဟုတ်ပြီ… သူ့နာမည်ထိပ်ပဲ…ကျွန်တော် မေ့နေလို့…နာမည်တပ်ပြီး မမေးမိဘူး”

“ကိုထိပ်က မိန်းကလေးတွေ ဈေးဝယ်၊ ရပ်ရှင်ကြည့်လုပ်တာကို စိတ်မရှည်တတ်ဘူး…ဒါကြောင့် မလိုက်လာတာပါ”

“ဟုတ်တယ်ဗျ…ကျွန်တော်လည်း စိတ်မရှည်ပါဘူး…ကဲ ဈေးသွားမယ်ဆို…တက်လေ…သွားကြရအောင်…မသွင်တို့ကို ပို့ပြီးရင် ကျွန်တော်လည်း ကိုယ့်လမ်းကိုယ် ပြန်ပါပြီ”

သွင်သည် တဇွတ်ထိုးဆန်ပြီး နားလည်ရတော်တော်ခက်သော စောကမ္ဘာကို သိပ်တော့ သဘောမတွေ့လှပါ။

သို့သော် လူတွေအများကြီးရှေ့၊ ပြီးတော့ ကိုယ့်သူငယ်ချင်းနှစ်ယောက်ရှေ့မှာ ဟန်လုပ်ပြီး ငြင်းပြရမှာကို မလုပ်ချင်၍ သူ့ကားကို နောက်တစ်ခါ လိုက်စီးလိုက်ရပါသည်။

သွင်ဟာ မိန်းကလေးတစ်ယောက်မို့ ယောကျ်ားလေးတစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက်ရဲ့ အရောဝင်မှုကို နောက်ကွယ်မှာ ကိုယ့်ဆီက ဘာလိုချင်သလဲဆိုတာပါ ရိပ်မိလျှင် အံ့ဩပြီး ရင်မောနေရလေသည်။

ရည်းစားရှိမှန်း သိသော မိန်းကလေး တစ်ယောက်ကိုမှ သံယောဇဉ် တွယ်ချင်တယ်ဆိုတာဟာ ဘယ်လိုကြောင့်လဲ...။

သူ့မှာ ဘယ်လို ခွင့်လွှတ်မှုတွေရှိလို့ ချစ်လာရသလဲ...။

ပြီးတော့ အဲဒီမိန်းကလေးက ကိုယ့်ကိုပြန်ချစ်ဖို့ထက် မချစ်ဖို့က ရာခိုင်နှုန်းတော်တော်များနေမှန်းသိရက်နဲ့ ချစ်ရဲတာဟာ ဘယ်လိုသတ္တိမျိုးလို့ အမည်တပ်ရမလဲ။

"**Pearl Harbour** ကောင်းရဲ့လား"

စောကမှာက မီးပွိုင့်မိ၍ ကားကိုရပ်လိုက်ရင်း ဘယ်သူ့ကိုရည်ရွယ်၍ မေးမှန်းမသိ၊ လှမ်းမေးပါသည်။

သွင်က မေပျို့ကို မျက်စပစ်ပြလိုက်တော့မှ မေပျိုကပဲ ဖြေလိုက်ပါသည်။

"သိပ်မဆိုးပါဘူး...သိပ်အကြိုက်ကြီးတော့ မဟုတ်ပါဘူး"

"ဘင်န်အက်ဖလက်နဲ့ ဂျောရှ်ဟားနက်တို့ကတော့ ချောနေတော့ ကြည့်လို့ကောင်းတာပေါ့ရှင်"


www.burmeseclassic.com

www.burmeseclassic.com


နန္ဒာကပါ မင်းသားတွေအကြောင်း ဝင်ပြောလိုက်တော့ စောကမ္ဘာက သဘောကျပြီး တဟားဟားရယ်သည်။

"မိန်းကလေးတွေက မင်းသားချောချောဆို ကြိုက်ကြတယ်နော်"

"ယောက်ျားလေးတွေလည်း မင်းသမီးချောချောဆို ကြိုက်တာပဲ မဟုတ်လား"

"သူများတော့မပြောတတ်ဘူး...ကျွန်တော်ကတော့ အင်း...သိပ်ချောတဲ့ ရုပ်မျိုးကိုကြိုက်တာထက် အကျင့်စာရိတ္တကောင်းတာ၊ စိတ်သဘောထားကောင်းတာ အဲဒါမျိုးတွေပေါ့...ပိုင်ဆိုင်ပြီး ရုပ်ရည်လေး အသင့်အတင့်ရှိမယ်ဆိုရင် အမှတ်ပေးမိမှာပဲ"

"သြော်...ရုပ်ချောတာကို မကြိုက်ဘူးပေါ့"

"လူပီပီသသပြောရရင် ချောတာလှတာလည်း ကြိုက်တာပေါ့...ဒါပေမယ့် ရုပ်ချောပြီး စိတ်သဘောထားဆိုးနေရင် ဘယ့်နှယ်လုပ်မလဲ...ဒါကြောင့် ချောရင်တော့ ကြိုက်လိုက်မှာပဲလို့ ပုံသေ မပြောပါဘူးဗျာ"

စောကမ္ဘာက ဘာတွေ ဘယ်လိုရည်ရွယ်ပြီး ပြောနေမှန်းတော့


www.burmeseclassic.com

www.burmeseclassic.com


မသိပေမယ့် သွင်သည် တမင်ပဲ ဒီစကားဝိုင်းမှာ ဝင်မပါဖို့ ဆုံးဖြတ်ပါသည်။

ပြီးတော့ လမ်းဘေးမှာ သွားလာနေသော လူတွေ၊ ဈေးရောင်းဝယ်နေသော ဈေးသည်တွေကို လိုက်ငေးနေမိ၏။

ကိုထိပ်နဲ့ ဒီလမ်းတွေပေါ်မှာ အကြိမ်ကြိမ် ဖြတ်ခဲ့ဖူးတယ်။ လမ်းဘေးက မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်လေးတွေမှာပဲ အခါခါ ထိုင်ခဲ့ဖူးတယ်။

နှစ်ယောက်ကြားမှာ ဘာပကာသနမှ မရှိ၊ ဘာလျှို့ဝှက်ချက်မှလည်း မရှိ၊ သိပ်ကို ဖြူစင်ပြီး အေးချမ်းတဲ့ ချစ်ခြင်းမေတ္တာတစ်ခုကို တည်ထောင်ခဲ့ကြတာနော်။

ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။

ဒါပေမယ့် ခုတလောကျမှ ဘယ်လိုဖြစ်ပြီး ဒီလို စိတ်အခန့်မသင့်ဖြစ်စရာ အနှောင့်အယှက်တွေ နှစ်ယောက်စလုံးမှာ ဝင်လာရသလဲ မသိ။

ကိုထိပ်နဲ့ ပတ်သက်ရင်လည်း ရွက်နုစိမ်းဆိုတဲ့ မိန်းကလေးတစ်ယောက်ကြောင့် သွင့်မှာ စိတ်ခုချင်နေခဲ့တာ။


www.burmeseclassic.com

www.burmeseclassic.com


အခုတော့ သွင်နဲ့ပတ်သက်လာတဲ့ စောကမ္ဘာကြောင့်လည်း ကိုထိပ်မှာ စိတ်ခုစရာများ ဖြစ်လာမလား။

အင်း...ဒီအကြောင်းကိုတော့ ကိုထိပ်ကို ပြန်မပြောရင် အကောင်းဆုံးပဲထင်ပါရဲ့။

မေပျိုနဲ့ နန္ဒာကိုလည်း ကြိုပိတ်ထားရဦးမယ်။

* * *


www.burmeseclassic.com

www.burmeseclassic.com


သူတို့ သူငယ်ချင်းသုံးယောက် ဈေးပတ်ကြသည်ဆိုပေမယ့်၊ အားလုံးက ပိုက်ဆံကို အရမ်းကာရော မသုံးရဲကြသူများ၊ ငွေကို တိုင်းထွာသုံးရသူများ ဖြစ်လေရာ၊ တခြားလူတွေလိုတော့ သောင်းနဲ့ သိန်းနဲ့ ချီပြီး မဝယ်နိုင်ကြပါ။

"ငါတို့က ဈေးဝယ်တာနည်းနည်း Window shopping လုပ်တာ များများဖြစ်နေပြီနော်..."

ဟူ၍တောင် နန္ဒာက ကိုယ်ဝယ်ထားနိုင်သော ပစ္စည်းလေး တစ်မျိုးနှစ်မျိုးကို မျက်နှာငယ်စွာ ကြည့်ရင်း ပြောနေသေးသည်။

"တခြား ကောင်မလေးတွေတော့ ဝယ်နိုင်လိုက်ကြတာနော်၊ မိဘက တော်တော်ချမ်းသာလို့လား...ဒါမှမဟုတ်...သူတို့ ဘာအလုပ်တွေလုပ်ပြီး ဒီလောက်ဝယ်နိုင်နေကြတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဟိုအရုပ်လေး လှတယ်နော် မေပျို"

သွင်က အရုပ် **Crazy** မို့ မွေးပွအရုပ်လေး တချို့ကို ဗီရိုထဲထည့်ထားပြီး တခြား **Fancy** ပစ္စည်းလေးတွေပါ ရောင်းသောဆိုင်လေးတစ်ဆိုင်ရှေ့ရောက်တော့ ရပ်လိုက်မိသည်။

"ဟိုတလောက ကိုထိပ်လေ ငါ့ကို အဲ့ဒီအရုပ်လေး **New Year** လက်ဆောင်ဆိုပြီး ပေးသေးတယ်"

"အေးပါ...ကြွားပါ...ကြွားပါ...ရည်းစားရှိတဲ့ သူတွေကတော့ ရည်းစားဆီက လက်ဆောင်ရတာကို ကြွားလို့ကောင်းတာပေါ့လေ"

"ငါက အခု ဟိုအရုပ်လေး လိုချင်တာ"

"ဘယ်အရုပ်လဲ"

"ဟိုမှာလေ...ဝဝကစ်ကစ် အသားမည်းမည်းလေးနဲ့ ဆံပင်က ပြောင်းဖူးရောင်နဲ့"

"ဟယ်...နီဂရိုးအရုပ်လေးကို..."

"ချစ်ဖို့ကောင်းပါတယ်ဟဲ့"

"သွင်ပြောတာ ဟုတ်တယ်...ချစ်စရာတော့ ကောင်းတယ်နော်"


www.burmeseclassic.com

www.burmeseclassic.com


"သွင့်မှာလည်း အရုပ်တွေဝယ်သိမ်းထားတာ ဗီရိုနဲ့အပြည့် မဟုတ်လား"

"အဆောင်မှာ ကိုယ်ပိုင် အဝတ်ဗီရိုပုလေး တစ်လုံးပဲထား ခွင့်ရှိတာပါ...သွင် ဝယ်ထည့်ချင်လည်း ထည့်လို့မရတော့ အရုပ်တွေက သွင့်အိတ်ထဲမှာ နေရာယူနေကြတယ်"

"သွင်...ဝယ်မလို့ဆို...ဝယ်လေ"

သွင်သည် သူငယ်ချင်းတွေနှင့်တိုင်ပင်နေရာမှ ဆိုင်၏ရှိုးကေ့စ် နား ပိုးတိုးကပ်လိုက်ပြီး ဆိုင်အတွင်းဘက်မှ လူရိပ်လူခြေကို လှမ်း ရှာနေမိပါသည်။

ဆိုင်ခပ်ကျဉ်းကျဉ်းကို ရှိုးကေ့စ်အကြီးကြီးနှင့်လည်း ကွယ် ထားလေရာ ဆိုင်အတွင်းမှာ လူရှိ မရှိကို မမြင်ရပါ။

"ဟဲလို...သွင်"

သွင်သည် ဆိုင်ထဲကို အာရုံမဲနေရာ သူမနံဘေးမှာ ရုပ်ကနဲ လာရပ်လိုက်သည့် လူရိပ်နှင့်အတူ နှုတ်ဆက်သံ ခပ်ဆန်းဆန်းကြောင့် ရုတ်တရက် လန့်သွားမိပါသည်။

"အို...ဆောရီး...သွင် လန့်သွားတာနော်"

"အဟင်း..."


www.burmeseclassic.com

www.burmeseclassic.com


သွင်သည် နံဘေးမှာရပ်နေသော သွက်လက်မြူးကြွကာ အသံချိုမြသည့် မိန်းကလေးကို မမှတ်မိဘဲ မနေပါ။

သူမက အဝါရောင် လက်ပြတ်ခါးတို စပို့ရှပ် အပွလေးနှင့် ဂျင်းဘောင်ဘီကို ဝတ်ဆင်ထားသည်။ နေကာမျက်မှန်ကို ခေါင်းပေါ် လှန်တင်ထားသည်။ ပလက်တီနမ်နှင့်စိန်လေးတွေ စပ်ထားသော လက်ဝတ်ရတနာ ပါးပါးလက်လက်တွေနှင့် လင်းလက်နေသည်။

ခါးမှာတော့ လည်သာဂျာကင်ကို မဝတ်ဘဲ ပတ်ချည်ထားသည်မှာ အမြင်တစ်မျိုးဆန်းနေသည်။

"သွင်...တစ်ယောက်တည်း..."

ရွက်နုက 'လား...'ဖြုတ်ကာ မေးသံလိုလို စကားဖြင့် စပြောပါသည်။

"မဟုတ်ဘူး...ဒါ သွင့် သူငယ်ချင်းတွေ...သူတို့နဲ့ ဈေးလာတာ"

"သွင်က အရမ်းလှနေတော့ ရွက်နုတောင် မနည်းကြည့်ရတယ်"

"ဘာစားမလဲ...ဝယ်ကျွေးမယ်လေ"

"စားမယ်...စားမယ်...ဒါပေမယ့် အခုတော့ မဟုတ်သေး


www.burmeseclassic.com

www.burmeseclassic.com


ဘူး…နောက် အားမှပဲ…သိလား…ရွက်နု ဒီနေ့ ဈေးဘက်လာတာတောင် အလုပ်ကိစ္စနဲ့လာတာ…ဩော်…ခဏလေး၊ သွင်…ရွက်နု ဒီဆိုင်မှာ ယူစရာရှိလို့…ဟဲလို…ဆိုင်ရှင်ရှိပါသလား…ဈေးဝယ်မယ့်သူ လာနေပြီ”

ရွက်နုသည် သွက်သွက်လက်လက်ပင် ခြေဖျားပါထောက် ခေါင်းကိုမော့ရင်း ရှီးကေ့စ်ကို ကျော်ကြည့်သည်။

ဒီတော့မှ ဆိုင်ထဲမှာအိပ်နေပုံရသော ဆိုင်ရှင်အမျိုးသမီးငယ်က ရှီးကေ့စ်နောက်မှ ခေါင်းထွက်လာပါသည်။

“မနော်…အိပ်နေတာလား”

“ဟဲဟဲ…ထမင်းစားပြီး ငိုက်နေတာ ရွက်နုရေ”

“ဆိုင်က ပစ္စည်းတွေ သူများဖြုတ်သွားမှ အန်တီချို ရိုက်နေဦးမယ်နော်…”

“ငိုက်နေပေမယ့် အသံတွေတော့ နားစွင့်နေပါတယ်…ရွက်နုရယ်…ရွက်နု ပြန်လာဦးမယ်ဆိုတာ သိလို့ စောင့်ရင်းငိုက်နေတာပါ…အရောင်းအဝယ်ကလည်းပါး၊ ဈေးထဲမှာ လူကလည်းပါးတော့ ငိုက်လို့ကောင်းပေါ့လေ…ဟင်းဟင်း”

www.burmeseclassic.com

www.burmeseclassic.com


"မနော်...ရွက်နု ယူထားတဲ့ဟာလေးအတွက် ပိုက်ဆံချေမလို့"

"သြော်...အေး...အေး...ကြည့်စမ်း...ငါကလည်း မေ့တာ...ခုနက ရွက်နု ယူမယ်ပြောသွားတာကို သိမ်းမထားမိဘူး"

ထိုအစ်မက ပြောပြောဆိုဆို ရှိုးကေ့စ်ဗီရိုကို ဖွင့်ပြီး ထုတ်ယူလိုက်သည်မှာ ဆိုင်ထဲမှာ တစ်ရုပ်တည်းရှိသော သွင် ချစ်သည့် နီဂရိုးမရုပ်ကလေး ဖြစ်နေသည်။

သွင်သည် ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ ဖြစ်သွားကာ ငေါင်သွားပါသည်။

"ဒီက ညီမလေးတို့ကရော ဘာရှာတာလဲ"

"သြော်...မဟုတ်ပါဘူး...ကြည့်ရုံကြည့်တာပါ...ဆိုင်ထဲက ပစ္စည်းလေးတွေက ဆန်းလို့ပါ"

"ကြည့်ပါ...ကြည့်ပါ...လိုချင်တာလည်း တွေ့မှာပေါ့"

"လျှော့ပေးလိုက် မနော်ရေ...ဒါ ရွက်နု သူငယ်ချင်းပဲ"

"ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


ရွက်နုသည် ကျွတ်ကျွတ်အိတ်လုလုလေးနှင့် ထုပ်ပေးလိုက်သော နိဂရိုးမရုပ်ကလေးကို ရင်ပတ်တွင်ကပ်၍ပွေ့ကိုင်ထားလိုက်၏။

သွင်သည် ကိုယ်က ဝယ်မယ်လို့ ရည်ရွယ်လိုက်ပြီးသော အရုပ်ဟာ ရွက်နုလက်ထဲသို့ ရောက်နေပြီး သူမ ဝယ်ယူပြီးသားဖြစ်နေမှန်း သိလိုက်ရရာ ဒီဆိုင်က ဘယ်အရုပ်ကိုမှ ဝယ်ချင်စိတ်ပင်မရှိ။ ဒေးချင်စိတ်ပင်မရှိတော့ဘဲ အသာအယာ လှည့်ထွက်ခဲ့ပါသည်။

ရွက်နုက အလိုလို ဘေးမှ ပါလာသည်။

"သွင်တို့ ဈေးပတ်ကြဦးမှာလား"

"ဟုတ်တယ်"

"ရွက်နုက ပြန်မှာမို့ မေးတာ...ကားမပါကြရင် ရွက်နု လိုက်ပို့ပေးလို့ရတယ်လို့"

"ရပါတယ်...သွင်တို့က ကြာဦးမှာ...ကျေးဇူးပဲနော်"

"အိုကေလေ...ဒါဆို ရွက်နု သွားပြီ...ဘိုင့်..."

ရွက်နုသည် သွင့်ကို လက်ပြပြီး ခပ်သွက်သွက်လေးပင် ကားပါကင် ရပ်ထားရာဆီ ထွက်သွားပါသည်။

ရွက်နု၏ သွင်ပြင်က ရဲရဲဝံ့ဝံ့နှင့် ဖျတ်လတ်ကာ ဘာတစ်ခုမှ ဂရုမစိုက်သောဟန်၊ မာနလေးတဝင့်ဝင့်ဟန်နှင့် ရုပ်ကလည်း ချော


www.burmeseclassic.com

www.burmeseclassic.com


မောပြေပြစ်သော အသွင်ဏ္ဍာန်လေးမို့ လူတွေကြားထဲမှာ ထင်ထင်ရှားရှားနှင့် ကြည့်လို့ကောင်းတာတော့ ငြင်းမရပါ။

သွင်တို့သုံးယောက်ပင် ရွက်နုကို ငေးကြည့်ပြီး ကျန်ရစ်ခဲ့ရသည်။

"ဟဲ့...သူက ဘယ်သူလဲ သွင်"

"ဘယ်သူဖြစ်ရမလဲ...အဲဒါ ကိုထိပ်ရဲ့ ဇာတ်လမ်းပေါ့"

"ဟယ်...ဘယ်လိုတွေလဲ"

"ဒီလိုပဲ...ဒီလိုပဲ...သိချင်ရင် ငါ အေးအေးဆေးဆေးမှ ပြောပြမယ်"

"အခုပဲ သိချင်တာ...မအောင့်ထားနိုင်ပေါင်"

"ဒါဖြင့်လည်း မုန့်သွားစားရင်း ပြောပြမယ်"

စားသောက်ဆိုင်တန်းတွေဘက် ရောက်လာပြီး သူတို့ သူငယ်ချင်းသုံးယောက် ကိုယ်ကြိုက်ရာ ကိုယ်မှာစားရင်း သွင်က ရွက်နုစိမ်းနှင့် သိကျွမ်းရပုံကို ပြောပြလိုက်ပါသည်။

"နင်တို့ အဖြစ်ကလည်းလေ"

"ဟုတ်ပါ့...ဖြစ်ပဲဖြစ်တတ်လွန်းတယ်"

သွင်သည် ဒါကို လက်ခံသလို ခေါင်းညိတ်ပြလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်...ငါကလည်း မရည်ရွယ်ဘဲ ကိုထိပ်ထက် အစစအရာရာသာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဝင်စားမှုကို ကြုံရတယ်...ကိုထိပ်ကလည်း ငါ့ထက် အပုံကြီးသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ရတယ်... နောက် ဘာတွေ ဆက်ဖြစ်ဦးမှာလဲဆိုတာ တွေးမိရင် သိပ်ရင်လေးတာပဲ"

* * *


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com


# အပိုင်း(၂)

## (နေခြည်သစ်နှင့်...)

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com


(၄)

သွင်နှင့် ဆွေမျိုးတွေက အဆက်သွယ် သိပ်အရှိကြီး မဟုတ်သော်လည်း သူတို့က သွင့်ကိုတော့ သုံးလေးလ တစ်ခါလောက် လာရောက်ကြည့်ရှုကြတာမျိုး အိမ်မှာ အလှူတစ်ခုခုရှိလျှင် လာခေါ်ကြတာမျိုးတော့ ရှိပါသည်။

သွင်နှင့် ဆွေမျိုးတော်စပ်သူတွေမှာ နှစ်ဝမ်းကွဲအဒေါ် ဒါမှမဟုတ် သုံးဝမ်းကွဲဘကြီး စသည်ဖြင့် တော်တော်ကြီးကို ဆွေမျိုးစပ်မှ တော်ရသူများဖြစ်ကြရာ အနေစိမ်းကြပေမယ့် အဲဒီလို သုံးလေးလ တစ်ခါ သူတို့လာဆက်သွယ်ကြလျှင်တော့ သွင့်ဘက်မှလည်း မရှိန်းပျဘဲ သူတို့ကို ခင်မင်စွာ ပြန်ဆက်ဆံစမြဲပင်။


www.burmeseclassic.com

www.burmeseclassic.com


ဒီတစ်နေ့မှာတော့ ကြီးတော်နှင့် သူ၏ သမီးဖြစ်သူ သွင်နှင့် ညီအစ်မတော်စပ်သည်ဟု ပြော၍မရသော မဟေမာတို့ရောက်လာပါသည်။

"သွင်သွင်...အားရင် အိမ်မှာ တစ်ရက်လာအိပ်ပါလား"

"ဘယ်တော့လဲ ကြီးမေ"

"နောက်အပတ်ထဲမှာ သမီးအစ်မ စေ့စပ်ပွဲရှိတယ်လေ"

"ဟုတ်လား...ဘယ်သူလဲ"

"ဟေမာပေါ့"

"ဟယ်...မဟေမာ"

မဟေမာက ရှက်ကိုးရှက်ကန်း ရယ်နေပါသည်။

"ဘာသံမှလည်း မကြားမိဘူး"

"ကြားရအောင် သမီးကလည်း အိမ်ဘက်အရောက်အပေါက် နည်းတာကိုး"

"ဘယ်မှာ လုပ်မှာလဲ"

"အိမ်မှာပါပဲ...နှစ်ဖက်ဆွေမျိုးနဲ့ မိတ်ဆွေလေး အနည်းအကျဉ်းပေါ့...ဖိတ်ပြီး ဒံပေါက်ကျွေးမယ်လေ"

"ပိတ်ရက်ဆိုရင်တော့ သွင်အားပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ပိတ်ရက်ပါပဲ...စနေနေ့ပေါ့...သွင်က သောကြာနေ့ ည လာအိပ်ပေါ့...ဆွေမျိုးတွေလည်း အကုန်ဆုံတုန်း သွင်လည်း တွေ့ရတာပေါ့"

"ဟုတ်ကဲ့...သွင် လာခဲ့ပါ့မယ်"

နောက်တစ်ပတ်သောကြာနေ့ ညနေကျတော့ ကိုထိပ်က သွင့်ကိုအဆောင်ပြန်ပို့ပြီးပြီးချင်းပဲ သွင်ရေမိုးချိုးပြင်ဆင်ပြီး အဝတ်အစား အိတ်ပါ အသင့်ပြင်ထားရသည်။

အဆောင်ပိုင်ရှင် ဘွားဘွားက စည်းကမ်းတော်တော်ကြီးသူမို့ သွင့်ဆွေမျိုးအိမ်မှာ တစ်ညသွားအိပ်မယ့်အကြောင်း ခွင့်တိုင်ရသေး၏။

သွင့် အဒေါ်မိသားစု၏ကားက လာခေါ်တော့ သွင် အဆင်သင့် တက်သွားရုံပင်။

သွင့်ကြီးတော်တွေက လူကုံထံတွေနီးပါးလောက် မချမ်းသာပေမယ့် ပညာတတ်မိသားစုပီပီ ဂုဏ်သရေရှိနှင့် နေကြလေရာ သူ့ဟာနှင့်သူတော့ အဆင့်အတန်းက မသေးလှ၍ သွင်လည်း အစ်မဖြစ်သူ၏ စေ့စပ်ပွဲဝတ်ဖို့ ခပ်ကောင်းကောင်းလေးတော့ ကြည့်ကျက်ထည့်လာခဲ့ရသည်။

ကြီးတော်၏အိမ်မှာ ရပ်ကွက်ထဲမှာပေမယ့် သူ့ခြံဝန်းအသေး


www.burmeseclassic.com

www.burmeseclassic.com


လေးနှင့်သူ သီးသန့်ဆောက်ထားသော လုံးချင်းတိုက်တာအိမ်လေး ဖြစ်ပါသည်။

ညှော့သည်ကားရပ်ချင်ရင်တော့ လမ်းမမှာသာ ရပ်လိုက်ရပြီး ခြံဝန်းကျယ်လေးထဲမှာက သူတို့ ကိုယ်ပိုင်ကားတစ်စီးသာ ရပ်၍ ရသော အကျယ်သာရှိသည်။

သွင် ရောက်လာတော့ အနေစိမ်းပြီး အဆက်အဆံနည်းပေမယ့် ဆွေမျိုးတွေက တရင်းတနှီး ဝိုင်းခေါ်ကြပါသည်။

သွင်က အားလုံးထဲမှာ မိဘမဲ့တစ်ကောင်ကြွက် ဖြစ်နေ၍ သနားကြတာကြောင့်လည်း ဖြစ်မည်။ သွင့်ကိုဆို အရေးပေးဆက်ဆံကြလေသည်။

"မဟေမာ ရည်းစားက အစိုးရအလုပ်တော့ မလုပ်ဘူး... ကုမ္ပဏီအသေးလေး စလုပ်နေတာတဲ့"

"လုပ်ငန်းရှင်ပေါ့လေ"

"သူ့အမျိုးဘက်ကတော့ အရမ်းချမ်းသာကြတာတဲ့...ဟဲ့ မဟေမာလူကြီးကလည်း အမျိုးတွေနဲ့ပြိုင်ပြီး စီးပွားပြိုင်မလို့ ဆိုပဲ"

"ဒါဆို မဟေမာ ကံကောင်းတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်...ကိုယ်လက်တွဲမယ့်လူက ရည်မှန်းချက်ကြီးမှ ကိုယ်လည်း ချမ်းချမ်းသာသာ နေရမှာ"

"လောကမှာ ချမ်းသာတာက အရေးအကြီးဆုံးပဲ"

"အေးဟဲ့...ငါလေ...ကျောင်းမှာ သူများတွေ စီးသလိုမျိုး လေး...ဆလွန်းကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းသွားချင်တာ...ဟီဟိ...ခုတော့ အဖေ့ရုံးကားနဲ့ ကျောင်းသွားရတယ်"

"ဟဲ့...သွင်ကလည်း ဘာမှ မပြောဘူး...ငြိမ်နေတယ်... သွင့်မှာကော ရည်းစားမရှိဘူးလား"

သွင်က ငြိမ်ကာ ပြုံးနေလိုက်သည်။ သွင် ပြောတော့ ပြောချင်သည်။

ဒါပေမယ့် ပြောလိုက်လို့ သင့်ပါမလား။ ကိုယ်က မိမဲ့ဘမဲ့နှင့် အဆောင်မှာနေနေရတာဆိုတော့ သူများနဲ့မတူ၊ အနေအထိုင် အထူးဆင်ခြင်ရတာ...။

ရည်းစားရှိပါတယ် ပြောလျှင် ဟိုထင်ဒီထင်ဖြစ်လာမှာ စိုးရိမ်လှသည်။ ဆွေမျိုးပေမယ့် ကိုယ်က ဘယ်လောက်အနေမှန်မှန် ကြံဖန်ပြောဆို အတင်းပြောခံရမှာတော့ စိုးရိမ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ခုတလောဘယ်လိုဖြစ်နေတယ်မသိ ချမ်းသာချင်တဲ့အကြောင်း ချမ်းသာတာ ကောင်းတဲ့အကြောင်းတွေချည်းပဲ ကြားနေရပါလား။

ကိုထိပ်ကလည်း အရမ်းချမ်းသာချင်သတဲ့...။ အခုလည်း သိပ်မနီးမစပ်တော်ရတဲ့ ဆွေမျိုးညီအစ်ကိုမောင်နှမတစ်စုဆီကလည်း ချမ်းသာချင်တဲ့အကြောင်းတွေ ကြားနေရပြန်ပြီ။

သွင်သည် အဆောင်မှာလည်း ဟိုလူနဲ့ရော၊ ဒီလူနဲ့ရော၊ သိပ်မနေဘဲ တစ်ယောက်တည်းနေတတ်သူဖြစ်လေရာ တစ်ယောက်တည်း နေကျင့်ရလာ၍လားမသိ၊ အခုလို ဆွေမျိုးအများကြီး လူအများကြီး နှင့်နေရတာကျတော့ သိပ်မနေတတ်သလို ဖြစ်လာသည်။

ဒါနဲ့ပဲ သွင့်အတွက် ပြင်ဆင်ပေးထားသော အိပ်ရာမှာ ခပ်စောစော ဝင်အိပ်နေလိုက်ပါသည်။

မနက်ကျတော့ ခုနစ်နာရီမထိုးခင်ပင် သွင်နိုးလာပေမယ့် တစ်အိမ်လုံးကလည်း စတင်နိုးနေကြလေပြီ။

"သတို့သားလောင်းဘက်က ကိုးနာရီအရောက်လာမှာတဲ့...

သူတို့ဘက်က ဆယ့်ငါးယောက်လောက်ပါမယ်"

ဟူသော ပြောသံတွေလည်း ကြားနေရသည်။

သွင်လည်း ပိုးသားအင်္ကျီအဝါနု လက်ရှည်လေးနှင့် ဖင်းမယ်


www.burmeseclassic.com

www.burmeseclassic.com


ချိတ်လေး ဝတ်ဆင်ပြီး သင့်ရုံပြင်ဆင်ကာ ဟိုကူဒီကူနှင့် အလုပ်ရှုပ်နေရပါသည်။

ကိုးနာရီထိုးတာနှင့် တစ်ဖက်မိသားစုတွေ၏ကားတွေ အိမ်ရှေ့မှာ အသီးသီး ရှေ့ဆင့်နောက်ဆင့် ရပ်လာကြသည်။

သွင်က နောက်ဖေးဆောင်တွင် လူကြီးတချို့နှင့် ကူညီကာ အရင်ဆုံး ကော်ဖီနှင့် မုန့်များချဖို့ ပြင်ဆင်ရသည်။

"သွင်တို့ အပျိုတွေပဲ သွားချကြနော်...သွင်သွင်တို့၊ ဒါလီတို့၊ ဆုရည်တို့၊ ပိုးရည်တို့ ပန်းကန်တွေ သေသေချာချာ ကိုင်ကြ...လူကြီးတွေ လက် ကောင်းကောင်းကမ်းပေးနော်... ကော်ဖီပန်းကန်ထဲက ကော်ဖီတွေ ပန်းကန်ပြားထဲ လျှံမကျစေနဲ့...ပန်းကန်တွေ ရေစင်အောင်သုတ်ပြီးမှ ကော်ဖီထည့်"

အဒေါ်တစ်ယောက်ကကြီးမှူးကာခိုင်းစေ၍သွင်တို့မိန်းကလေးတစ်သိုက် ဇန်းကလေးတွေကိုယ်စီဖြင့် အိမ်ရှေ့ထွက်ကြရပါသည်။

"ဟော...ကော်ဖီနဲ့မုန့်တွေ ရောက်လာပြီ... သုံးဆောင်ကြပါဦးရှင်"

"အဲဒါက ဟေမာလေးရဲ့ ညီအစ်မဝမ်းကွဲတွေပေါ့...သူတို့လည်း အခုမှ ဆုံကြရတာ"


www.burmeseclassic.com

www.burmeseclassic.com


သွင်သည် သွင့်မျက်ဝန်းထဲ တန်းခနဲ ဝင်ရောက်လာသော ရုပ်သွင်တစ်ခုကိုမြင်လျှင် ရုတ်တရက်လန့်ပြီး သွေးတွေခဲတော့မလို တောင် ဖြစ်သွားရ၏။

သူကလည်း သွင့်ကိုအံ့သြပြီး ကြည့်နေပေမယ့် သူ့မျက်လုံးတွေကော၊ နှုတ်ခမ်းများပါ ပြုံးပြီးသားဖြစ်နေခဲ့ပါသည်။

သွင်သည် ဆုံပဲဆုံတတ်လွန်းသော ကံကြမ္မာကို အံ့သြပြီး အပြစ်တင်ချင်သလို ဖြစ်နေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် သွင် သူ့ကို(စောကမ္ဘာကို) ထပ်ပြီး မဆုံချင်တော့ပါ။ သွင့်တွင် အသက်မက ချစ်ခင်တွယ်တာရမည့် ကိုထိပ်ရှိလေရာ သွင်သည် ကိုယ်က မဖောက်ပြားပါဘဲ ကိုယ့်ကို စိတ်ဝင်တစားရှိနေသော တခြားယောကျ်ား တစ်ယောက်ကြောင့် ချစ်သူနှစ်ဦးကြားမှာ သံသယတွေ မရှိစေချင်ပါ။

စောကမ္ဘာသည် တိုက်ပုံအဖြူ၊ ပုဆိုးကြေးညိုရောင်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားပါသည်။

ကိုထိပ်လည်း ချောတာပဲ၊ စောကမ္ဘာလည်း ချောတာပဲ၊ သူတို့ကြားမှာ ဘယ်သူကမှ ပိုချောတယ်လို့ ပြော၍ မရနိုင်။

သို့သော် သွင်ဟာ ကိုထိပ်ကို ချောလို့ချစ်တာ အညာဟု


www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့မှာ တမင်ပြောပေမယ့် သွင်သည် ချောတာလှတာကို မမက်ပါ။ သွင်က ကိုထိပ်ကို နှစ်အကြာကြီး ခင်မင်လာခဲ့သော သံယောဇဉ်နှင့် တဖြည်းဖြည်း ချစ်လာတာဖြစ်သည်။

"သူလေးက တသွင်သွင်တဲ့...တူမပဲလေ...(---)ကုမ္ပဏီမှာ အလုပ်လုပ်တယ်...သူက ဒါလီ...ဆေးကျောင်းတက်နေတာ...ဆုရည်နဲ့ ပိုးရည်ကတော့ တူမအရင်းတွေပဲ...နှစ်ယောက်စလုံး ကွန်ပျူတာဆိုင်းယင့်စ်တက်နေတာ...ဟောမာနဲ့ကတော့ ညီအစ်မဝမ်းကွဲတွေပေါ့...တစ်ဝမ်းကွဲနှစ်ဝမ်းကွဲတွေ ဆိုပေမယ့် ခင်ကြတယ်"

ကြီးတော်က လူကြီးပိပိစကားကို လှအောင်ဆင်ယင်ပြောကာ မိတ်ဆက်ပေးတော့တာမို့ သွင်သည် ကော်ဖီပန်းကန်များ ကမ်းပေးပြီးလည်း ပြန်မထွက်သွားဖြစ်သေးပါ။ လူကြီးတွေအနား ခပ်ရိုရိုရပ်ပြီး အားလုံးကို ခြုံငုံပြုံးပြနေရသည်။

ပြီးမှ အိမ်ထဲပြန်ဝင်ကာ မီးဖိုချောင် နောက်ဘက် ထမင်းစားခန်းကို ပြေးရသည်။ ထမင်းစားခန်းက အကျယ်ကြီးမဟုတ်လေရာ စားပွဲဝိုင်းများ သင့်သလိုပြင်ဆင်နေပြီး တချို့ကိုတော့ အိမ်ရှေ့မှာပါ ဧည့်ခံဖို့ ပြင်ဆင်ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com


သွင် မျှော်လင့်ထားခဲ့တဲ့အတိုင်းပင် ဟိုဘက်ဒီဘက် မိသားစုတွေ တပျော်တပါး အားလုံးဆုံပြီး ထမင်းစားတော့မှပဲ စောကမ္ဘာက သွင့်အနားလာကာ စတင် စကားပြောတော့လေသည်။

"သွင့်ကို ဒီမှာ တွေ့ရမယ်လို့ မထင်ထားခဲ့ဘူး"

"ဟုတ်ကဲ့...သွင်က ကြီးမေတို့အိမ်ကို အလှူတို့ ဘာတို့ရှိမှ လာနေတာပါ...သွင့်ဘာသာ အဆောင်မှာနေရပေမယ့် ဆွေမျိုးအိမ်တော့ လာလေ့ရှိပါတယ်"

"သွင်က ဘာလို့ အဆောင်မှာ နေရတာလဲ"

"သွင့်မှာ မိဘမရှိတော့ဘူး...မောင်နှမလည်း မရှိဘူး...ဒီတော့ သွင်တစ်ယောက်တည်း နေဖို့မသင့်လို့ပါ"

"အခုလိုမျိုး အမျိုးတွေအိမ်လာနေလည်း ရတာပဲ"

"ကိုစောကမ္ဘာက ကြီးမေတို့နဲ့ သွင့်ကို တော်တော်ရင်းတယ်ထင်လို့လား...သွင်က ကြီးမေနဲ့တောင် နှစ်ဝမ်းကွဲအဒေါ်တော်တာလေ...မရင်းနှီးတော့ သူများအိမ်မှာ လာမနေချင်ဘူး...သွင်နဲ့အဖော်လာနေပေးနိုင်မယ့် အမျိုးအဆွေတွေ လည်း မရှိကြဘူး...ဒါကြောင့် အဆင်ပြေသလို စီစဉ်ပြီး နေလိုက်ရတာ"


www.burmeseclassic.com

www.burmeseclassic.com


"ဆောရီးနော်...စိတ်မရှိနဲ့...ကျွန်တော်က ယောက်ျားဖြစ်ပြီး သူများအကြောင်းကို အရမ်းစပ်စုနေမိပြီ"

"ရပါတယ်...ဒါနဲ့ ကိုစောကမ္ဘာက မဟေမာရဲ့လူနဲ့ ဘာတော်လဲ"

"ညီအစ်ကို တစ်ဝမ်းကွဲတော်တယ်...ငယ်ငယ်ကတည်းက ကျောင်းအတူတူ ထားလာတော့ အရမ်းရင်းနှီးကြတယ်... အရင်းတွေလိုပဲ ချစ်ကြတယ်...ဒါကြောင့် သူ စေ့စပ်မယ်ဆိုတော့ လိုက်ရှုပ်တာလေ...သူက သူ့ကောင်မလေး သိပ်လှတယ်လို့ ညွှန်းလွန်းလို့ လိုက်ကြည့်တာပေါ့"

"လှလား..."

"အဟဲ...သွင့်ရှေ့မှာမို့ မြှောက်ပြောတာ မဟုတ်ပါဘူး... လှတယ်ဗျ...တော်တော်လှပါတယ်"

စောကမ္ဘာဘက်မှ ရိုးသားစွာ စကားပြောနေပြန်သောအခါ သွင်သည် သူ့ကို မလိုအပ်ပါဘဲ ရှောင်ဖယ်ဖယ် မလုပ်ချင်ပြန်ပါ။

ဟိုဘက်ဒီဘက်ပါလာသူ ဆွေမျိုးထဲက လူကြီးလူငယ်တွေလည်း အသီးသီးခင်မင်ကုန်ပြီး စကားလက်ဆုံကျနေလေရာ ကိုယ့်ဘာတစ်ကိုယ်တည်းရှောင်ဖယ်ပြီး မနေချင်။ ပြီးတော့ သွင်နဲ့စောကမ္ဘာက


www.burmeseclassic.com

www.burmeseclassic.com


အစကတည်းက ရင်းနှီးပြီးသားဖြစ်ရာ သူ့ကိုမှ ကွက်ပြီး စကားမပြော တာမျိုး မလုပ်လိုပါ။

"ဒါနဲ့ သွင်တို့ကရော ဘယ်တော့လဲ"

စောကမ္ဘာသည် ဒီမေးခွန်းကို မမေးလိုပါဘဲ မေးလိုက်ရပါသည်။ ရည်းစားရှိပြီးသား မိန်းကလေးကို မျက်နှာပြောင်တိုက်ပြီး ရည်းစားစကားတော့ သွားမပြောရဲပါ။ သူတို့အခြေအနေကို စောင့်ကြည့်ရုံ၊ ကိုယ့်ဘက်က ဘာမှမကြိုးစားပါသော်လည်း ကောင်မလေးနှင့် မတော်တဆ ဆုံရလျှင်လည်း မှတ်မှတ်ရရ အကူအညီလေးတွေ ပေးဖို့တော့ ဝန်မလေးပြန်ပါ။

သို့သော် သူ့နှုတ်က ဖွင့်မပြောရဲသော်လည်း ကောင်မလေးကိုတော့ သူ့ရင်ထဲမှာ သူမကို ချစ်နေကြောင်း သိအောင်တော့ ပြချင်နေပြန်သေးသည်။

ကျွန်တော်က စတွေ့ကတည်းက အရှုံးနဲ့ဝင်လာရတဲ့သူပါ သွင်ရယ်...။

"သွင်တို့က ဘယ်တော့လဲရယ်လို့ မသတ်မှတ်ရသေးပါဘူး...ကိုထိပ်က ပိုက်ဆံစုနေရသေးတယ်လေ...သွင်တို့က သိပ်အပြည့်စုံကြီး မဟုတ်တော့ အိမ်ထောင်ပြုပြီးရင် အခက်


www.burmeseclassic.com

www.burmeseclassic.com


အခဲ သိပ်မရှိအောင် စုသင့်တာ စုရသေးတယ်"

"ထိပ်မှာရော မိဘရှိလား"

"ကိုထိပ်မှာ အမေပဲရှိတယ်"

"သြော်...ကျွန်တော်ကြားရသမျှတော့ သွင်နဲ့ထိပ်က ဆွေမျိုးနည်းတဲ့သူတွေ ဖြစ်နေတယ်နော်...ကျွန်တော်တို့ကတော့ ဆွေမျိုးကလည်း များမှများ...ဘယ်နှစ်ဝမ်းပဲကွဲကွဲ ရင်းနှီးလွန်းလို့ အိမ်မှာအလှူလုပ်ရင် ဧည့်သည်စာရင်းထက် ဆွေမျိုးစာရင်းက ပိုများနေတတ်တယ်"

ထိုနေ့ကတော့ သွင်သည် ကြီးတော်အိမ်မှ ညနေစောင်းမှပင် အဆောင်ပြန်ရသည်။

အဆောင်ရောက်တော့ သွင် စဉ်းစားရတော့လေပြီ။

သွင့်မှာ ကိုထိပ်ကိုမပြောဘဲ လျှို့ဝှက်ထားရတာတွေ များနေပြီလား။ အရင်တစ်ခါက စောကမ္ဘာနဲ့ဆုံတာကိုလည်း မပြောခဲ့ဘူး၊ ဒီတစ်ခါတော့ ပြောသင့်ပြီ ထင်တယ်။

* * *


www.burmeseclassic.com

www.burmeseclassic.com


တနင်္လာနေ့မနက် အလုပ်အတူသွားဖို့ ကိုထိပ်က အဆောင်မှာလာခေါ်လျှင် သွင်သည် နှာတချေချေ။ မျက်ရည်ပူတဝဲဝဲ ဖြစ်နေသော ကိုထိပ်ကို မြင်မြင်ချင်း...

"ဟယ်...ကိုထိပ်...တုပ်ကွေးဖြစ်နေတာလား"

ဟု စိုးရိမ်ပူပန်စွာ မေးမိသလို လက်ဖဝါးဖြင့် ပါးပြင်၊ နဖူးတို့ကို ဖွဖွ စမ်းမိ၏။

"အေးကွာ"

"ဘယ်လိုက ဘယ်လိုဖြစ်တာလဲ"

"မနေ့ညက လေတွေ မိုးတွေချတာ သွင်သိလား"

"အင်း...သိတယ်...ညဆယ်နာရီကျော်လောက်နော်...သွင်တောင် မိုးခြိမ်းတာကြောက်လို့"


www.burmeseclassic.com

www.burmeseclassic.com


"အဲဒါကွာ... ကိုယ်တို့အိမ်ခေါင်မိုးက မလုံဘူး...ရေယိုတယ်၊ တိုက်ဘေးနံရံတွေကနေ ရေတွေစီးကျလာတော့ တစ်အိမ်လုံးရေတွေဖြစ်နေတာ...ကိုယ်လည်းညကြီးမင်းကြီး ပေမယ့် ထပြီး ရေတွေကို အဝတ်နဲ့သုတ်လိုက်၊ ရေညှစ်လိုက်လုပ်ရတယ်...နောက်မို့ မလွယ်ဘူး...အိမ်မှာ အမေ့ဆိုင်အတွက် အထည်တွေလည်းရှိတော့ အဲဒါတွေ စိုကုန်ရင်သားအမိ ဒေဝါလီခံဖို့ပဲ ရှိတယ်...ရေတွေသုတ်ရ၊ ဝရန်တာမှာ အိုင်လာတဲ့ရေတွေ လှဲချရနဲ့ကွာ...အိမ်ရေးပျက်ရေစိုဖြစ်တော့ မနက်လည်းကျရော အခုပုံအတိုင်းဖြစ်နေတော့တာပဲ"

"ခွင့်ယူလိုက်ရောပေါ့...ကိုထိပ်ရယ်"

"ကြိုပြောမထားတော့ မယူချင်ဘူးကွာ...ပြီးတော့ ကိုယ်က ယောက်ျားပဲ...ဒီလောက်လေး ဖျားတာနဲ့ အိမ်မှာ ဇိမ်နဲ့ကွေးနေဖို့ မသင့်ဘူးလို့ထင်တယ်...ဒါကြောင့် အလုပ်ကို တမင်လာတာ"

"နေ့ခင်း သိပ်အဖျားတက်လာလို့ မဟန်ရင်လည်း နေ့တစ်ဝက်ခွင့်တင်ပြီး ပြန်ပေါ့...သွင့်ဆီ ဖုန်းဆက်လိုက်နော်"

"အေးကွာ...ဒီပုံအတိုင်းဆို ခွင့်တင်ပြီးပြန်ရမယ် ထင်တယ်၊


www.burmeseclassic.com

www.burmeseclassic.com


အမေလည်းဖျား၊ ကိုယ်လည်းဖျားကွာ…အိမ်မှာ ဘာမှ မချက်နိုင်လို့ ခေါက်ဆွဲပြုတ်နဲ့ပဲ နှစ်ပါးသွားရတော့မယ်”

“ကိုထိပ်…ဘာဆေးသောက်လာလဲ”

“ဘာရှိမလဲ…ပါရာစီတမော့လ်ပေါ့…နှာချေတာတော့ ဘာမီတွန်သောက်ရင်ရပေမယ့် အိပ်ငိုက်မှာစိုးလို့ မသောက်လာတော့ဘူး…အိပ်မငိုက်တဲ့ နှာစေးပျောက်ဆေးတွေကလည်း သိပ်မစွံဘူးကွ…ဘာမီတွန်လောက် မကောင်းဘူး”

သွင်သည် ချိုင်းပြတ်စွယ်တာလေးနှင့် နေမကောင်းနေသော ကိုထိပ်ကိုမြင်တာနဲ့ စောကမ္ဘာနဲ့ဆုံတာကိုပင် ပြောဖို့မေ့သွားတော့သည်။ ဒါက သိပ်အရေးကြီးတာလည်း မဟုတ်ပါဘူးဟု စိတ်ထဲမှာ ထားခဲ့လေရာ အလွယ်တကူ မေ့သွားတာလည်း ဖြစ်သည်။

နေ့လယ်ကျတော့ သွင့်ရုံးကို ဖုန်းလာပါသည်။ သွင်သည် ကိုထိပ်ပဲကြိုသိကာ ဖုန်းကိုင်ကိုင်ချင်း…

“ကိုထိပ်လား”

ဟု မေးလိုက်ပါသည်။

“သွင်လေး…ကိုယ် မရတော့ဘူးကွာ…နေ့တစ်ဝက်ခွင့် တင်ပြီး အိမ်ပြန်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပါတယ်…သွင်လည်း ကိုထိပ်ဖုန်းမဆက်ရင်တောင် ထမင်းစားပြီးရင် ဆက်မလို့ပဲ"

"သွင်တစ်ယောက်တည်း ပြန်ရင်…"

"သိတယ်…သိတယ်…ကားငှားပြန်လို့ မှာမလို့ မဟုတ်လား"

"ဟုတ်တယ် သွင်…ကားငှားပြန်နော်"

"ကိုထိပ်လည်း မသက်သာရင် ဆေးခန်းသွားပြလိုက်လေ"

"သက်သာမှာပါ…**Flu** ရတာပဲ…အခုပေါ်နေတဲ့ **Cold & Flu Tablet** တွေ ဝယ်သောက်ရင် ပျောက်မှာပါ…အားကိုယ်အရမ်းချမ်းစိမ့်လာပြီကွာ… ကုမ္ပဏီမှာကလည်း သွင်သိတဲ့အတိုင်းပဲ…**Air Con:** က တစ်ချိန်လုံးဖွင့်ထားတော့ မနေနိုင်တော့ဘူး"

"အင်း…အင်း…ဒါဆို…ပြန်တော့…ကိုထိပ်လည်း အရမ်းဖျားနေရင် ကားငှားပြီးပြန်လိုက်"

"ဒီအချိန်က ကားချောင်တတ်ပါတယ်…စိတ်မပူပါနဲ့…သွင်…အကယ်၍ မနက်ဖြန် ရုစ်နာရီဆယ့်ငါးကျော်လို့မှ ကိုယ်ရောက်မလာရင် သွင်သွားတော့နော်"


www.burmeseclassic.com

www.burmeseclassic.com


"အင်းပါ...သွင် သိပါတယ်"

"ဟုတ်ပြီ...ဒါဆို ကိုယ်ဖုန်းချလိုက်ပြီ သွင်"

"ဟုတ်ကဲ့"

သွင်သည် ဖုန်းခွက်ကို အသာပြန်ချပြီး အလုပ်ကပြန်လျှင် ကိုထိပ်တို့သားအမိအတွက် ဘီစကစ်တစ်ပုံးဖြစ်ဖြစ် ဝင်ဝယ်ဦးမှဟု တွေးနေခဲ့ပါသည်။

ကိုထိပ်တို့သားအမိက ငွေကြေးသိပ်မပြည့်စုံလှလေရာ သွင် နှစ်ခြိုက်စွာ အမြဲဝယ်စားတတ်သော နိုင်ငံခြားဖြစ်ဘီစကစ်မုန့်ပုံးမျိုးကို တော်ရုံတန်ရုံနဲ့ဆို ဝယ်မစားဖြစ်ကြပါ။

သွင် တစ်လတစ်ခါ ဝယ်စားလျှင်တောင် ကိုထိပ်က မျက်လုံးပြူးမျက်ဆံပြူး လုပ်ပြရင်း...

"သွင် မုန့်စားပုံမျိုးနဲ့ဆိုရင် ကိုယ်ရတဲ့လခတော့ လောက်မယ် မထင်ဘူး"

ဟူ၍တောင် နောက်တတ်သေးသည်။

သွင်လည်း ဒီစကားကို စိတ်မဆိုးမိသလို ကိုထိပ်ကလည်း ဘာရည်ရွယ်ချက်မှ မရှိဘဲ စတာမှန်း သွင်သိပါသည်။

"ကိုယ်တို့က အစားအသောက်ခြိုးခြံတယ်ဆိုပေမယ့် ဆန်က


www.burmeseclassic.com

www.burmeseclassic.com


တော့ ဆန်ကောင်းမှ စားတတ်တယ်…ဟင်းလည်းကောင်း ကောင်းချက်တတ်တယ်…ထမင်းဟင်းကို ကောင်းကောင်း လေး စားတော့ တခြား အပိုစားတဲ့မုန့်ပဲသရေစာနေရာမှာ ကျတော့ သင့်တော်ရုံပဲ စားနိုင်တာပေါ့…နိုင်ငံခြားဖြစ်မုန့်တွေ ဝယ်စားရင် ဘယ်လောက်မလဲ…အမေ့အထည်ဆိုင်ကလည်း ကိုယ်က သူများကို အကြွေးရောင်းလိုက်…ကိုယ်ကိုယ်တိုင် လည်း အကြွေးပြန်ယူလိုက်နဲ့ လည်နေတာ… အမေ့မှာ အကြွေးတွေ မနည်းဘူးကွ…အမေတော့ ပူ မပူ မသိဘူး… ကိုယ်တော့ တော်တော်စိတ်ပူနေတယ်”

သွင်သည် ကိုထိပ်အကြောင်း တတွေးတွေးနှင့် အလုပ်လုပ် နေရပါသည်။

အခုထက်ထိတော့ လက်ထပ်ဖို့အကြောင်း ဘာညာကို ကိုထိပ် က စကားမစသေး။ စိတ်မဝင်စားတာတော့ မဖြစ်နိုင်။ စီးပွားရေးကျပ် တည်းမှု သံသရာထဲ မျောနေရသူပီပီ သွင့်ကို လက်ထပ်ဖို့ ခေါင်းထဲ မထည့်နိုင်သေးတာဖြစ်မည်။

သွင်ကတော့…။

အင်း…သွင်ကတော့ ဘာပြောရမလဲ။ ချစ်သူက လက်ထပ်


www.burmeseclassic.com

www.burmeseclassic.com


ကြမယ်လို့ စကားမစသေးတာကို မျှော်တလင့်လင့်မရှိလှသော်လည်း ဘယ်တော့များ ပြောမလဲရယ်လို့ မိန်းမသားပီပီ စောင့်စားနေမိတာ တော့ အမှန်ပင်။

တစ်ယောက်နဲ့တစ်ယောက် မချစ်ကြတာလဲ မဟုတ်ပါဘဲ ချစ်ကြလျက်နဲ့ ဒီခေါင်းစဉ်ကို တစ်ခါမှ သေသေချာချာ မဆွေးနွေးဖြစ်ခဲ့တာတည်း။

* * *


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည် သွင့်စကားကို နားမထောင်ဘဲ ဘတ်စ်ကားဂိတ်မှာ ရပ်ပြီး ဘတ်စ်ကား စောင့်နေခဲ့သည်။

**Air Con:** ခန်းထဲမှ အပြင်ကိုထွက်လာလျှင် အပြင်မှာ နေက လေး ဖျော့ဖျော့ရှိလေရာ လူက အချမ်းသက်သာလာသလိုလိုဖြစ်လာ သည်။ ဘတ်စ်ကားမှတ်တိုင်တွင် အကြာကြီး တမျှော်မျှော် စောင့်နေ တာကြောင့်လည်း ချွေးပင်အနည်းငယ်စို့လာသယောင်ယောင်အဖျားပဲ နည်းနည်း လျော့သွားသယောင်ယောင် ခံစားရသည်။

အငှားကားတော့ ငှားမစီးချင်ပါ။ သူ့အလုပ်နှင့်အိမ်ကိုဆိုလျှင် ရှစ်ရာလောက် ပေးရလိမ့်မည်။

ဒီအချိန်မျိုးမှာ အပိုငွေ မထွက်ချင်ပါ။ အမေ့မှာ အထည်ကြွေး တွေ များနေကြောင်း သူသိထားပြီးပြီ။

တဖန် တိုက်ခန်းပိုင်ရှင်ကလည်း လခတိုးတောင်းတော့မလိုလို စကားပစ်နေ၍ မကြာမီမှာ အိမ်လခက တိုးတော့မှာလည်း သေချာ နေသည်။

"ကိုယ့်မှာ အိမ်ခန်းအပိုင်ကလေးတောင်မရှိတော့ မျက်နှာ ငယ်တယ် သားရယ်...အမေတို့မလဲ ဘယ်တော့မှလည်း အိမ်ခန်းဝယ်နိုင်မယ်မထင်ပါဘူး...သိပ်များနေလို့မနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com


ရင်လည်း ဒဂုံမြို့သစ်ဘက်ဖြစ်ဖြစ် ပြောင်းနေရင်လည်း နေရမှာပဲ”

လို့ အမေက စိတ်ပျက်ပြီး ညည်းညူသံတွေကို အခါများစွာ ကြားရလျှင် ထိပ်သည် သွင်နဲ့လက်ထပ်ဖို့ဆိုတာကို ခေါင်းထဲပင် မထည့်ချင်တော့ပြန်ပါ။

“ဟိတ်...ဟိတ်...ကိုထိပ်...ကိုထိပ်ရေ”

ထိပ်သည် မှတ်တိုင်တွင် ရပ်ပြီး ဝေးချင်ရာဝေး၊ တွေးချင်ရာ တွေးနေစဉ် ဘတ်စ်ကားမှတ်တိုင်အလွန် ကားရပ်၍ရသော နေရာတွင် ကားလေးတစ်စီး လျှောကနဲ ရပ်ရင်းခေါ်လိုက်သံကြောင့် အသံလာရာဆီ လှမ်းကြည့်လိုက်ပါသည်။

“ကိုထိပ်...လာ...”

ရွက်နုစိမ်း...။

ထိပ်သည် စိတ်ထဲတွင် ရေရွတ်လိုက်ပြီး ခြေလှမ်းပြင်လိုက်သည်။

မိန်းကလေးတစ်ယောက် လှမ်းခေါ်နေတာကို အိုက်တင်ခံပြီး ရပ်နေရဲသော သတ္တိမျိုး သူ့မှာမရှိပါ။ ရှိလည်းမရှိသင့်ဘူးဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကိုထိပ်...ဘယ်လဲ"

"အိမ်ပြန်မလို့ပါ"

"ရုံးဆင်းပြီလား"

"မဟုတ်ဘူး...ကျွန်တော် နေ့တစ်ဝက်ခွင့်တင်လာတာပါ... နေသိပ်မကောင်းလို့..."

"ဒါဖြင့် တက်...တက်...ရွက်နု အိမ်ကို လိုက်ပို့ပေးမယ်"

"ဟာ... နေပါစေ... ရပါတယ်... ဒီအချိန် ဘတ်စ်ကား ချောင်ပါတယ်...ဒါကြောင့် စောင့်နေတာ"

"ဘယ်ဟုတ်မလဲ... ရွက်နုက မြင်လျက်နဲ့ ထားခဲ့ရမှာ စိတ်ထဲမှာ မလုံပါဘူး...တက်ပါ ကိုထိပ်ရဲ့...မြန်မြန်... ဒီနေရာက အကြာကြီးရပ်ခွင့် မရှိဘူး...ခဏပဲရပ်လို့ရတာ၊ ရွက်နု မီးပြပြီး ရပ်ထားတယ် တွေ့လား...ကိုထိပ် မြန်မြန် မတက်ရင် ရွက်နုတော့ ရဲအဖမ်းခံရတော*့မယ်...ဟီဟီ"

"ရွက်နုရာ..."

"ဟော့...ငြင်းမနေနဲ့နော်...ကိုထိပ် ငြင်းရင် ရွက်နု အရှက် ကွဲတော့မယ်...ဘတ်စ်ကားမှတ်တိုင်က လူတွေကလည်း ဝိုင်းကြည့်နေတာနော်"


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည် ဘေးပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်ပါသည်။ သက်ပြင်းချပြီး ကားပေါ်တက်လိုက်ရ၏။

လူတွေက ဘာကြောင့် သူများကိစ္စတွေမှာ စိတ်ဝင်စားတတ်ကြသလဲ။

ဘတ်စ်ကားမှတ်တိုင်မှာ ဘတ်စ်ကားစောင့်နေတဲ့ သာမန်ကောင်လေးတစ်ယောက်ကို နောက်ဆုံးပေါ်ကားလှလှလေးပေါ်က ကောင်မလေးက တကူးတက ရပ်ခေါ်တာဟာ ဇာတ်လမ်းတစ်ပုဒ်မို့ စိတ်ဝင်စားကြတာလား...။

ဒါဟာ စိတ်ဝင်စားလောက်တဲ့ အကြောင်းအရာမျိုးလား...။

"သွင်ကတော့ အလုပ်မှာပဲပေါ့"

"ဟုတ်တယ်"

"သွင့်ကို ဟိုတလောက ဗိုလ်ချုပ်ဈေးမှာ ဆုံလိုက်သေးတယ်"

"သြော်..."

"ကောင်လေးတစ်ယောက်နဲ့..."

"ဟုတ်လား"

ထိပ်သည် ကြက်သီးတွေ ထသွားသလို ခံစားလိုက်ရပြီး


www.burmeseclassic.com

www.burmeseclassic.com


အမောတကော ပြောလိုက်လျှင် ရွက်နုက တသိမ့်သိမ့် ရယ်နေသည်။

"ဟီဟီ...အလကားနောက်တာပါ...သိလား...ရွက်နုက အတည်နဲ့နောက်တတ်တယ်နော်...သတိထား...သွင့်ကို သူ့သူငယ်ချင်းကောင်မလေးနှစ်ယောက်နဲ့တွေ့တာ...ခပ်ချော ချောလေးတွေပဲ"

"မေပျိုနဲ့နန္ဒာပါ"

"ကိုထိပ်...သိလား"

"ကျွန်တော်တို့က တစ်အုပ်စုထဲ သူငယ်ချင်းတွေပဲလေ... ကျောင်းပြီးလို့ အလုပ်လုပ်ကြမှသာ တစ်နေရာစီကွဲသွားတာ"

"ပျော်စရာကြီးပေါ့...ရွက်နုမှာတော့ သူငယ်ချင်းမရှိဘူး... သိပ်မရှိတာပေါ့...ရှိတာတွေကလည်း သိပ်မဆုံကြဘူး"

"ဒီလိုပါပဲ...ကျွန်တော်တို့လည်း အခုဆို အကြာကြီးနေမှ ဆုံကြတယ်"

ရွက်နုသည် ကားကို မောင်းနေရင်းမှ ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ပြန်သည်။

"ကိုထိပ် ဆင်းပါဦး"

"ရွက်နု...ဘာဝယ်စရာရှိလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဘာမှ မဝယ်ဘူး…ကော်ဖီသောက်ချင်လာလို့"

"သြော်…"

ထိပ်သည် ကိုယ်က သူမ၏ကားနှင့်လိုက်လာမိပြီဖြစ်ရာ ငြင်းလို့မရတော့ပြီ။ စိတ်မပါစွာနှင့် ကားပေါ်က ဆင်းလိုက်ရသည်။

**Cafe` Latte** (ကဖေးလာတေး)အမည်နှင့် ကော်ဖီဆိုင်ကို ထိပ်မဝင်ချင်။

ဒီလိုကော်ဖီဆိုင်လှလှလေးတွေက နိုင်ငံတကာကော်ဖီမျိုးစုံ လည်းရသလို ဈေးကလည်း ခေါင်ခိုက်နေကြောင်း ကြားဖူးလေရာ ထိပ်နှင့်သွင်တို့ ချစ်သူဘဝမှာတော့ တစ်ခါမှ မရောက်ဖြစ်ပါ။ သူငယ်ချင်းအုပ်စုကြီးနဲ့တုန်းက တစ်ခါ ရောက်ဖူးရုံပင်။

"ကိုထိပ်…ဘာသောက်မလဲ"

"ရွက်နု ကြိုက်တာမှာပါ…ကျွန်တော် ကော်ဖီ သိပ်မကြိုက်တော့ သောက်လေ့မရှိဘူး…ဒါကြောင့် ဘာသောက်ရမှန်း မသိဘူး"

"ဒါဆို ရွက်နုသောက်တာပဲ မှာလိုက်မယ်နော်…**Cafe` Latte** ဆိုတဲ့ အဓိပ္ပာယ်က **Milky Coffee** တဲ့…အဲဒါပဲ သောက်ကြတာပေါ့… **Milk** များများလေးနဲ့ အချိုပေါ့ပေါ့၊


www.burmeseclassic.com

www.burmeseclassic.com


ကော်ဖီမှုန့်ကလည်း သိပ်မခါးဘူး...ကိုထိပ်က ဖျားနေတဲ့သူဆိုတော့ ကော်ဖီပူပူလေးတိုက်မှ ဖြစ်မယ်ဆိုပြီး ရွက်နုက တွေးလိုက်မိလို့"

"အားနာစရာ ရွက်နုရယ်... ကားနဲ့လည်း အိမ်ပြန်လိုက်ပို့သေးတယ်...ကော်ဖီလည်း တိုက်ဦးမယ်"

"ဘာမှ အပန်းမကြီးပါဘူး...ရွက်နုက ဒီအချိန်ဆို အပြင်ထွက်ပြီး ကော်ဖီသောက်နေကြ...ထမင်းမစားဘူး...ကော်ဖီနဲ့မုန့်ပြီးလိုက်တာလေ...ညနေစာကျမှ ကောင်းကောင်းစားတော့တယ်"

ထိပ်သည် ဒီလိုဆိုင်မျိုးလေးထဲမှာ ထိုင်ခွင့်ရခြင်း၊အရသာတစ်မျိုးလေးရှိသော ကော်ဖီကို သောက်ခွင့်ရခြင်းအပေါ် သာယာယစ်မူးမိတာကိုတော့ မငြင်းချင်ပါ။

ရွက်နုနေရာမှာ သွင်သာဆိုလျှင် သူတို့နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကော်ဖီကို တစ်ငုံချင်း အရသာခံ၍ သောက်နေမိမည်။ ပြီးတော့ ဆိုင်ထဲမှာဖွင့်ထားသော အချစ်သီချင်းချိုချိုလေးတွေကို နားထောင်နေမိလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com


"ကိုထိပ်နဲ့ သွင်က ရည်းစားသက်တမ်း ဘယ်လောက်ရှိပြီလဲ"

"နှစ်နှစ်ပေါ့...အဲဒီမတိုင်ခင်က သူငယ်ချင်းဖြစ်ကြတာ ငါးနှစ်ကျော်ပါတယ်"

"သူငယ်ချင်းဘဝကနေ ချစ်သွားရောလား"

"အင်း..."

"ဘယ်လိုဖြစ်ပြီး ချစ်သွားတာလဲ"

"အဟဲ..."

"မရှက်ပါနဲ့...ကိုထိပ်ရဲ့...ရွက်နုသိချင်လို့ပါ...ရွက်နုမှာလည်း ယောကျ်ားလေးသူငယ်ချင်းတချို့ရှိခဲ့ဖူးတာပဲ... သူတို့က ရွက်နုကို ချစ်ချင်ချစ်ကြမယ်...ရွက်နုကတော့ ပြန်ချစ်လို့ မရခဲ့ဘူး...သူငယ်ချင်းဘဝကြီးနဲ့ နေနေလာတော့ ဘယ်လိုမှ ချစ်ကြည့်လို့ မရခဲ့တာလေ...ကိုထိပ်တို့ကျတော့ သူငယ်ချင်းဘဝကနေ ချစ်သွားကြတာဆိုတော့ သိချင်လို့"

ဘယ်လို မိန်းကလေးလဲ...။ သူများသမီးရည်းစားဖြစ်ကြတဲ့အကြောင်းကို အတင်းမရမက လိုက်မေးနေတော့တာပဲ။


www.burmeseclassic.com

www.burmeseclassic.com


ထိပ်ဟာ ရက်လည်းရက်တတ်သူမို့ သွင့်ကို ဘယ်လိုချစ်သွားပါတယ်ဟု ပြောပြရမှာ ရက်နေပြန်သည်။

ကိုယ့်ချစ်သူ မဟုတ်သော တစိမ်းမိန်းကလေးရှေ့မှာ အချစ်အကြောင်းပြောရမှာ ပါးစပ်မရဲပါ။

"ကိုထိပ်က ရက်တတ်တယ်နော်...ရွက်နု မေးတာကို မဖြေရဲဘူး...အေးလေ...ရပါတယ်...အတင်းမမေးပါဘူး...သွင်က ချစ်စရာလေးဆိုတော့ ချစ်မိမှာပဲပေါ့"

ထိပ်သည် ဒီတော့မှ ရင်ချောင်သွားကာ ကော်ဖီကို တစ်ငုံသောက်လိုက်နိုင်ပါသည်။

"ကိုထိပ်တို့က ရည်းစားသက်တမ်း ကြာလှပြီဆိုတော့ လက်ထပ်ခါနီးနေပြီ ထင်တယ်"

"သူရော ကျွန်တော်ရော အဆင်သင့် ဘာမှ မဖြစ်သေးလို့ လက်ထပ်ဖြစ်ဦးမယ် မထင်ပါဘူး"

"ရှေးခေတ်ကလို သုံးနှစ်သုံးမိုး ကြာမှ လက်ထပ်မှာပေါ့"

"သွင့် သဘောပါလေ သွင် စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော်က သူစိတ်ကူးရှိတဲ့အတိုင်း လိုက်လုပ်ရမှာပဲ ဒါကြောင့် ဘာမှ သေသေချာချာ ပြောလို့မရသေးပါဘူး"

ရွက်နုသည် သူမ၏ရှေ့မှာထိုင်နေသော ကောင်လေးကိုသာ


www.burmeseclassic.com

www.burmeseclassic.com


သူမ လက်လွတ်ဆုံးရလျှင် ရင်ထဲမှာ ဘယ်လိုခံစားပြီး ကျန်ရစ်ရလိမ့်မလဲဆိုတာ တွေးကြည့်နေမိပါသည်။

ထိပ်က ဘယ်လောက်ရည်မွန်သလဲ၊ ဘယ်လောက်ချစ်ဖို့ကောင်းသလဲ၊ သူမဘဝမှာ ထိပ်ထက်သာတဲ့ကောင်လေး တော်တော်များများကို ဆုံဖူးပေမယ့် ဘယ်တစ်ယောက်ကမှ ရွှက်နုကို များစွာမဆွဲဆောင်နိုင်ခဲ့ဖူးပါ။

ထိပ်တစ်ယောက်သာ...။

အင်း...ခက်တာပဲ။ သူ့မှာလည်း ရည်းစားရှိပြီးသားသိရက်နဲ့ ကိုယ်က ချစ်မိတာကိုး။ အဲဒီတော့ စကတည်းက ခံစားရပြီပေါ့။

ဒါပေမယ့် ရွှက်နုက ရွှက်နုပဲလေ။ သွင်က ဘယ်လောက်လှတာမှတ်လို့၊ သွင့်မှာ ပိုင်ဆိုင်တာဆိုလို့ ရိုးသားပြီး ချစ်စရာကောင်းတဲ့ မျက်လုံးတွေပဲ ရှိတာ...။

ရွှက်နုကတော့နေရာတိုင်းမှာ ကွင်းအရွေးခံရဖူးတဲ့ အလှတရားများကို ပိုင်ဆိုင်ထားသူ...။မြန်မာပြည်မှာကျောင်းတက်တုန်းကလည်း ရွှက်နုမို့လို့၊ စင်ကာပူမှာကျောင်းတက်တုန်းကလဲ ရွှက်နုမို့လို့ အချော အလှ စာရင်းဝင်ခဲ့ဖူးတယ်လေ။ ဒီတော့ ရွှက်နုဟာ ဘာကြောင့် သွင့်ကို မယှဉ်နိုင်စရာ ရှိမလဲ...။

*　*　*


www.burmeseclassic.com

www.burmeseclassic.com


(၅)

ထိပ်သည် သွင်ဝယ်ပေးသော နိုင်ငံခြားဖြစ် ဘိစကစ်မုန့်ပုံးကြီး ကို အမေ့လက်ထဲ ထည့်လိုက်ပါသည်။

"သား ဝယ်လာတာလား"

"သူငယ်ချင်းတစ်ယောက်က လက်ဆောင်ပေးတာပါ"

"အိမ်မှာလည်း အဲဒီလို မုန့်ပုံကြီးတွေရော...မိုင်လို၊ ဟောလစ်၊ အိုဗာတင်းတွေရော...ပန်းသီး၊ လိမ္မော်သီး၊ ကြက်မောက်သီးတွေရော တစ်ပုံကြီးပဲ"

"ဘယ်လို"


www.burmeseclassic.com

www.burmeseclassic.com


"ရွက်နုဆိုတဲ့ ကောင်မလေးလေ… လာပေးသွားတယ်… အမေနဲ့စကားတွေ အကြာကြီး ပြောသွားတယ်…အမေ့လက်ရာ မုန့်ဟင်းခါးကို စားချင်တယ်ဆိုလို့ အမေတောင်နေကောင်းတဲ့ တစ်ရက်ကျရင် ချက်ကျွေးမယ်၊ လာစားလို့ ပြောလိုက်ပါတယ်"

"ဟာ…အများကြီးပဲဗျ…လာပေးသွားတာ…အမေကလည်း ယူလိုက်ရလား"

BURMESE CLASSIC .com

"ဟယ်…သူက အမေကလည်း သိပ်နေမကောင်းဘူး… သားလည်းသိပ်နေမကောင်းဘူးဆိုတာ မနေ့က သိသွားတော့ လူနာသတင်းမေးလာရင်း ဝယ်လာတာပါတဲ့…လက်ခံပါဆိုတော့ အမေက ဘယ်လိုလုပ် ငြင်းမလဲ"

ဒေါ်ညွန့်ညွန့်တင်ကတော့ ချမ်းသာကြွယ်ဝလွန်းမှန်း မြင်ရုံဖြင့်သိသာလှသော မိန်းမချောလေးတစ်ယောက်နှင့် သားဖြစ်သူ အကျွမ်းတဝင်ဖြစ်နေခြင်းကို ကျေနပ်နေခဲ့ပါသည်။

သူတို့ချင်းက မိတ်ဆွေတွေပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ကောင်မလေးကိုသာ ချွေးမတော်ရလျှင်ဟူသော စိတ်ကူးကို ခုကတည်းက ယဉ်နေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com


"ဟိုတစ်ခါ...အခန်းမှားပြီး တံခါးခေါက်တုန်းက အမေ မုန့်ဟင်းခါး ချက်နေတာနော်တဲ့...သတိရနေတာ...သား ရယ်"

"အမေနဲ့...အကြာကြီး စကားပြောသွားတော့...ဘာတွေ စပ်စုလိုက်နိုင်လဲ ပြောပါဦး"

ထိပ်သည် အမေ့အကြောင်းသိလေရာ တမင်ပဲ စကားစပေး လိုက်ပါသည်။ ထိုအခါ အမေက တတွတ်တွတ် ပြောပြနေတော့၏။

"မောင်နှမနှစ်ယောက် ရှိတယ်တဲ့...အစ်ကိုကြီးက ပြင်သစ် မှာနေတာ ကြာပြီတဲ့... အိမ်ထောင်နဲ့ပေါ့... သူကတော့ မြန်မာပြည်မှာ ဒုတိယနှစ်အထိ ကျောင်းနေပြီးမှ စင်ကာပူမှာ ဘာဆိုလဲ...ကွန်ပျူတင်းလား...ဘာစ်စနက်စ်လား မသိဘူး၊ သွားတက်တယ်တဲ့...ပြီးတော့ အစ်ကိုရှိတဲ့ ပြင်သစ်မှာသွား ပြီး ဒီဇိုင်းဆိုလားဘာလား သွားတက်လိုက်သေးတယ်ဆိုပဲ၊ မိဘတွေက ကုမ္ပဏီအလုပ်မှာ ဝင်လုပ်စေချင်လို့ ပြန်ခေါ် တာနဲ့ ပြန်လာရတာတဲ့..."

"အမေ့ဥစ္စာကလဲ သူသွားတတ်တဲ့ ပညာတွေ တစ်ခုမှ လဲ ရေရေရာရာ မသိပါလား"


www.burmeseclassic.com

www.burmeseclassic.com


“အို...မသိပေါင်၊ အမေက...ပညာဆိုလို့ ဆယ်တန်းတောင် မှ မအောင်ခဲ့တာ အဲဒီလို ခက်ခက်ခဲခဲတွေ ဘယ်မှတ်နိုင် မလဲ...အမေသိတာက သူတို့ သိပ်ချမ်းသာတယ်ဆိုတာပဲ”

ထိပ်သည် ရွက်နု၏ လက်ဆောင်ပုံများအေးတွင် ထီးထီးမားမား ရှိနေသော သွင့်ရဲ့လက်ဆောင်မုန့်ပုံးလေးကို မရေမရာ ငေးကြည့်နေ မိသည်။

“သားသာ...အဲဒီလို သူဌေးမကလေးနဲ့ ရလို့ကတော့... အမေတို့ အခုလို ပူပင်ကြောင့်ကြနေရတဲ့ ဘဝမျိုးမှာ ဘယ် နေရတော့မလဲဆိုတာ...စိတ်ကူးယဉ်မိတယ်”

“အမေ့ဟင်းတွေ...ဒီနေ့စပ်လိုက်တာ”

“အမေရိပ်မိတယ်...ကောင်မလေးက သားကို တော်တော် သဘောကျနေပုံပဲ...သာမန် ခင်မင်မှုမျိုးနဲ့ဆိုရင် သားမရှိ တဲ့အချိန် အမေ့ဆီလာလည်ပြီး လက်ဆောင်တွေ ဘယ်လာ ပေးပါ့မလဲ...သူလေးက မတော်ရသေးတဲ့ ယောက္ခမလောင်း နဲ့ ပေါင်းသင်းကြည့်ချင်လို့ လာအကဲခတ်တာလဲ ဖြစ်နိုင် တယ်”

“မနက်က...ကုမ္ပဏီမှာ ကျွေးတာ အမေရယ်၊ သူဌေးက


www.burmeseclassic.com

www.burmeseclassic.com


အစားအသောက်ကျွေးတာတော့ ရက်ရောပါတယ်၊ တရုတ်စာတွေ အမျိုးစုံပဲ”

“သားမှာ…ရည်းစားမရှိသေးရင် ရွက်နုကို ခေါင်းထဲထည့်ဖို့ သင့်တယ်၊ သူက ရုပ်ချောတယ်…ပညာတတ်တယ်၊ ချမ်းသာတယ်…စိတ်သဘောလည်း မဆိုးလှဘူး၊ သူ့လို မိန်းကလေးမျိုးဟာ ယောက်ျားလေးတစ်ယောက်အတွက် ဘာမှ ငြင်းစရာမရှိပါဘူး”

ထိပ်သည် အမေဘာကို ပြောချင်သလဲဟု…ကြိုတင်ရိပ်မိနေလေရာ…အမေ့စကားတွေကို စိတ်ဝင်စားဟန်မပြဘဲ…ထမင်းဟင်းတွေအကြောင်း စကားလွှဲပစ်ပါသည်။

သို့သော်…မရခဲ့ပါ။ အမေက သူပြောချင်တာကို ရအောင်ဆွဲပြောသွားခဲ့သည်။ ထိပ် ရင်မဆိုင်ချင်သောအခြေအနေထဲ ရောက်သွားခဲ့လေပြီတည်း။

“သား…ဘယ်လို သဘောရလဲ”

“ဘာကိုလဲ”

“အမယ်…ငါ့သား မအပါဘူး… အမေပြောနေတာတွေမင်း သိပါတယ်…တမင် ဟန်ဆောင်နေတာပါ”


www.burmeseclassic.com

www.burmeseclassic.com


"အမေရယ်...မိန်းကလေးတစ်ယောက်က သူ့ဘာသာ ရိုးရိုးသားသား ခင်မင်တာကို အထင်မလွဲချင်ပါဘူး"

"မရိုးပါဘူးလို့ မင်းလဲသိတယ်...အမေလည်း သိတယ်၊ မောင်ထိပ်ဘာလို့ မသိသလို လုပ်နေတာလဲ...မင်း သူ့ကို ဘာလို့ မကြိုက်တာလဲ...အံမယ်...ဒါနဲ့နေပါဦး မင်းကိုငါ တစ်ခါမှ မမေးဖူးတာ မေးရဦးမယ်၊ မင်းမှာ ရည်းစားရှိနေပြီလား ပြောပါဦး..."

ထိပ်သည်ပန်းကန်ဆေးရင်း ဘာဖြေရင်ကောင်းမလဲလို့ စဉ်းစားနေမိသည်။ အမေဟာ သူ့ကို တစ်ခါမှကို မမေးဖူးခဲ့တာ။

အမေနဲ့ သူ့ကြားမှာ မပြောမိသလောက်ရှိတဲ့ အကြောင်းအရာတစ်ခု။

အခုတော့ မထင်မှတ်ဘဲ ရှိလာခဲ့ပြီ။

ကြိုတင်ပြင်ဆင်မထားချိန်မှာ ရင်ဆိုင်ရတဲ့မေးခွန်းမို့ ထိပ်တွင် အဖြေရှိပြီးသားဖြစ်သော်လည်း ရုတ်တရက် ဖြေရခက်နေပါသေးသည်။

"ရည်းစားရှိလို့လား...သား"

"ဟုတ်ကဲ့..."


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည်…အမေ့မျက်လုံးတွေကို မကြည့်ဘဲ၊ ဖြေလိုက်မိပါသည်။ တစ်ကိုယ်လုံး ရှိန်းပြီး အမေ့ကို ကြောက်နေသလိုလိုဖြစ်လာရာ သူ့ကိုယ်သူ ပြန်ဒေါသဖြစ်လိုက်သေးသည်။

"ဘယ်သူလဲ…"

"သားတို့…သူငယ်ချင်းထဲကပဲ"

"သြော်…"

"သွင်ပါ"

"တသွင်သွင် လား"

"ဟုတ်ပါတယ်"

"ဆံပင်နက်နက်လေးတွေနဲ့ ချစ်တော့ ချစ်စရာကောင်းသား"

"………"

"သူ့ရုပ်ရည် သူ့ခြေအနေလေးဟာ ရွက်နုသာ ရှိမလာခဲ့ရင်…အမေလက်ခံချင် လက်ခံမိပါလိမ့်မယ်"

"ခင်ဗျာ…"

"ဟုတ်တယ်…သူ့မှာ မိဘထားခဲ့တဲ့ တိုက်ခန်းပိုင်လေးတစ်ခုရှိတယ်ပေါ့…အတွင်းပစ္စည်းလည်း အနည်းအကျဉ်းပေါ့ရှိတယ်၊ အလုပ်အကိုင်နဲ့ ဘာနဲ့ဆိုတော့ အမေ့အတွက်


www.burmeseclassic.com

www.burmeseclassic.com


ငြင်းလောက်စရာ မရှိပါဘူး၊ ဒါပေမဲ့ သူ့အခြေအနေဟာ ရွက်နုနဲ့စာရင် ဆန်အိတ်ကြီး တစ်အိတ်နဲ့ ဆန်စေ့ တစ်စေ့ လောက်နီးပါး ကွာနေတယ်...ဟိုက တိုက်ကြီးတာကြီးတွေ ပိုင်တယ်...ကားက ဘယ်နှစ်စီးရှိသလဲဆိုတာ မသိနိုင်ပေမယ့် ရေထွက်ပစ္စည်း ကုမ္ပဏီထောင်ထားနိုင်တာ...နည်းတဲ့ချမ်း သာမှုလား၊ သားလည်း သူများလက်အောက်မှာ အလုပ်ဝင် လုပ်စရာ မလိုဘူး၊ သူနဲ့သာဆိုရင်...ကိုယ့်ကုမ္ပဏီ အပိုင် ဘာညာနဲ့ဖြစ်လာမှာ သွင်နဲ့သာဆိုရင် သူလည်း အလုပ်သွား ကိုယ်လည်း အလုပ်သွား နှစ်ယောက်စလုံး အလုပ်ကိုယ်စီ လုပ်နိုင်မှ လူတန်းစေ့နေနိုင်ရုံလေးဖြစ်မှာ၊ ဘယ်မှာ ကိုယ်ပိုင် ကားစီးနိုင်မလဲ၊ ဒီလိုပဲ ဒုံရင်းဒုံးရင်းနဲ့ ဘတ်စ်ကားတိုးစီးပြီး ဘဝကို ရင်ဆိုင်ရမယ်"

အမေပြောတာ မှန်၍ ထိပ်ငြိမ်နေခဲ့သည်။ သို့သော် သွင့်ကိုပဲ ချစ်ပြီး...ရွက်နုစိမ်းကို ချစ်လို့မရကြောင်းတော့ ရင်ထဲမှာ ပြန်ပြောနေ မိ၏။

"ကောင်မလေးကို ဘယ်လောက်ထိ ကတိတွေလွှန်ထားပြီး ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ..."

"ဪ...လက်ထပ်မယ် ဘာညာ ကတိပေးပြီးပလားလို့ မေးတာပါ"

"မပေးရသေးဘူး...သားတို့ အဲဒါကို သေသေချာချာ မဆွေးနွေးဖြစ်သေးပါဘူး"

"ကောင်းတယ်"

"ဒါပေမယ့်..."

"ကတိပေးပြီးရင်တော့ အမေ မဖျက်ပါဘူး...အမေလည်း မိန်းမချင်း ကိုယ်ချင်းစာတတ်ပါတယ်...အခု သားက ကတိမပေးရသေးဘူးဆိုတော့...ကောင်းတာပေါ့...ကိုယ့်ဘက်က ပြောင်းချင်ရင် ပြောင်းလို့ရတာပေါ့"

"ဒါပေမဲ့...အမေရယ်"

"တော်ပါ...မင်းရဲ့ ဒါပေမဲ့ကို အမေ နားမထောင်ချင်လို့ တောင် ဖြတ်ပြောပြီးပြီ...ပြောမနေနဲ့တော့...။ အမေ ဘာမှ ဝင်မပါဘူး...သို့သော် အမေ ရွက်နုနဲ့ဆိုရင် စိတ်အပြည့် အဝ ချမ်းသာပြီး သဘောတူမယ်၊ တသွင်သွင်နဲ့ဆိုရင်တော့


www.burmeseclassic.com

www.burmeseclassic.com


စိတ်မကျေမနပ်နဲ့ သဘောမတူဘဲ လက်ခံရလိမ့်မယ်… ဒါပဲ”

ထိပ်သည်…ရင်မောစရာတွေ တစ်ပုံကြီးဖြစ်ပြီး သက်ပြင်းချမိသည်။

ထူးဆန်းစွာပင် သူ့ခေါင်းထဲမှာ သွင့်အပြင် တခြားမိန်းကလေး တစ်ယောက်ပါ နေရာယူလာသလို ခံစားရခြင်းပင်။ ဒီအတွက် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ကာ သွင့်ကိုလည်း သနားနေရပြန်သည်။

အမေ ပြောခဲ့သော ဒဿနတွေကလည်း သူ့ကို များစွာ အနှောင့်အယှက် ပေးနေဆဲပင်။

* * *


www.burmeseclassic.com

www.burmeseclassic.com


အိမ်ကနေ စိတ်မသာမယာဖြင့် ထွက်လာခဲ့ရလေရာ ထိပ်၏ မျက်နှာမှာ ကြည်လင်မနေခဲ့ပါ။

သွင့်ဆီ ရောက်တော့ သွင်သည် သူ့အလာကို ပြင်ဆင်ပြီး စောင့်နေသည်။

သွင်က တနင်္ဂနွေညနေတွေမှာ ထိပ်လာခေါ်တိုင်း ဟိုနား ဒီနား လောက်သာ လမ်းအတူလျှောက်၊ မုန့်ထွက်စားမည်ဆိုလျှင်တော့ သနပ်ခါးပါးကွက်လေးနှင့် အိမ်နေရင်း အဝတ်လေးတွေသာ ဝတ်ပြီး ထွက်တတ်လေရာ...

"ကိုထိပ်...ဘယ်သွားမလဲ...သွင်...အင်္ကျီလဲဖို့ လိုလား"

ဟု ရောက်ရောက်ချင်း မေးလဲမေး။ ကိုထိပ်မျက်နှာ ရွှင်ရွှင် ပျပျ မရှိတာကို အကဲလည်း ခတ်မိသေးသည်။

"မလဲရင်မလဲနဲ့လေ... ကိုယ်တို့ ဝေးဝေး မသွားပါဘူး၊ ဒီနား ဟိုနားပေါ့...ဩော်...ဒါပေမဲ့ သွင့်သဘောနော်၊ သွင်...သွားချင်ရင်တော့..."

"ဟင်...ရတယ်...သွင်လည်း ဒီနားပဲသွားမယ်...သွင် ဟိုဘက်လမ်းထိပ်က ရှမ်းခေါက်ဆွဲ သွားစားမယ်လို့ စဉ်းစား ထားမိလို့...ကိုထိပ်ရော..."


www.burmeseclassic.com

www.burmeseclassic.com


"ရှမ်းခေါက်ဆွဲ ကောင်းပါတယ်"

သူတို့နှစ်ဦး အတူတူ လမ်းလျှောက်ပြီး ထွက်လာခဲ့ပါသည်။

"ကိုထိပ်...ဘာဖြစ်နေတာလဲဟင်"

"အေးကွာ...ဆောရီး...ကိုယ်စိတ်ညစ်နေတာမို့ မျက်နှာ အမူအရာတောင် မပြင်မိဘူး"

"ရပါတယ်...သွင်နားလည်ပါတယ်"

"သွင့်ကိုပြောပြရင် သွင်ပါ စိတ်ညစ်သွားမယ်ကွာ...မပြော ချင်ဘူး"

"ဘာဖြစ်လဲ...ကိုထိပ်ရယ်...သွင်လည်း သိချင်တာပေါ့၊ သွင်တို့ကြားမှာ ဘာမှ ဖုံးကွယ်စရာမှ မရှိတာ"

သွင်က အဲ့ဒီလိုပြောလိုက်တော့ ထိပ်လည်း ရွက်နုနှင့် ဆုံရသည့်ကိစ္စကို သွင့်အား မပြောမိခြင်းအတွက် စိတ်မလုံတော့ပါ။

"ဆိုင်ထဲရောက်မှ အေးအေးဆေးဆေးထိုင်ပြီး စကားပြော ကြတာပေါ့"

ရှမ်းစာရောင်းသော ဆိုင်ကလေးထဲမှာ လူသိပ်မရှိသေးပါ။ ဒီဆိုင်မှာ သူတို့ အခေါက်များစွာ ရောက်ဖူးလေရာ ဆိုင်နဲ့ သိပ်မစိမ်းပါ။ အစားအသောက်ကောင်းသဖြင့် ဆိုင်က လူတွေ မပြတ်သောတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com


ရှမ်းစာအပြင် ကော်ဖီ၊ လက်ဖက်ရည်၊ အအေးတွေလည်း ရှိလေရာ အဆင်ပြေပါသည်။

"သွင်က အသုတ်နော်…ကြက်သားနဲ့"

"အင်း…ကိုယ်က အရည်ပဲစားမယ်…အအေးရာ"

"သွင်…လက်ဖက်ရည် သောက်မယ်"

"သွင်ကကွာ…ဗိုက်အောင့်အောင့်နေပြီး၊ လက်ဖက်ရည် ကျ…အသောက်မလျော့ဘူး…တော်ပြီ တစ်ခွက်ပဲမှာ… ကိုယ်က အအေးမှာမယ်"

"သွင် နှစ်ခွက်သောက်ချင်တယ်"

"ညနေဘက်ကြီး…သိပ်မသောက်နဲ့ သွင်လေးရာ…လိမ္မာ တယ်…ကိုယ့်စကားနားထောင်"

သွင်သည် တစ်ခါတလေလည်း ချစ်သူကို ထိုသို့ မူနွဲ့ကာ ပူဆာတတ်တာမျိုးတွေလည်း ရှိသည်။ တဒင်္ဂမှာတော့ ထိပ်ဟာ သွင့်ကြောင့် စိတ်ချမ်းမြေ့ရပြီး ခုနက စိတ်ညစ်နေတာတွေလည်း ခဏတော့ ပျောက်ကင်းသွားခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် အိမ်မှာ ထိုင်စိတ်ညစ်နေတာနှင့်စာလျှင် ချစ်သူ


www.burmeseclassic.com

www.burmeseclassic.com


နဲ့ လာတွေ့ပြီး စိတ်အပန်းဖြေရသဖြင့် စိတ်ညစ်တာတွေ အတော်အတန် လျော့သွားတာတော့ အမှန်ပင်။

"ပြောပါဦး...ကိုထိပ်...ဘာစိတ်ညစ်နေတာလဲဟင်"

"ဟင်း..."

"သက်ပြင်းကြီးကလည်း ချနေပြန်ပြီ... စိတ်ညစ်စရာရှိရင်လည်း မြူထားတာထက် ကိုယ်နဲ့ရင်းနှီးတဲ့ တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်တာက ပိုသက်သာတယ်လို့ သွင်တော့ ယူဆတယ်။ သွင်သာဆိုရင် ဘယ်တော့မှ ကျိတ်မခံနိုင်ပေါင်...ပြောကိုပြောမှာ"

"ကိုယ်က သွင်စိတ်ညစ်မှာစိုးလို့"

"ဩော်...ဒီလိုပေါ့ သွင့်မှာ ဘာမှ စိတ်ညစ်စရာမှ မရှိတာ၊ ကိုထိပ်က သွင့်ရဲ့ အရင်းနှီးဆုံးလူပဲ...ကိုထိပ်ဆီက စိတ်ညစ်စရာကို သွင်ပါ ကူပြီးခံစားရတာ သွင့်အတွက် ဘာမှ ဝန်မပိပါဘူး"

"အေး...ကောင်မလေး ဒါဖြင့်လည်း ပြောမယ်၊ ဒီလောက်သိချင်တာ...နားထောင်...စိတ်ညစ်ဖို့သာ ပြင်ပေတော့...ကဲ..."



www.burmeseclassic.com

www.burmeseclassic.com


ကိုထိပ်သည် သွင့်ကို ချစ်စနိုးနှင့် ခပ်မာန်မာန်လေးပြောပြီးမှ သူ့အကြောင်းကို ဆက်ပြောလိုက်ပါသည်။

"အမေကွာ...ကိုယ့်ကိုလည်း မတိုင်ပင် အသိလည်းမပေးပဲနဲ့ကွာ အလုပ်တွေ လုပ်ထားတာ..."

"ဟုတ်လား..."

"အထည်ကို အကြွေးတွေရောင်း...သူကိုယ်တိုင်လည်း ဒိုင်က အကြွေးယူ...အတိုးတက်၊ သူပေးထားတဲ့ လူတွေဆီကလည်း ပုံမှန်ပြန်မရတာတွေလည်း များလာတယ်၊ ကိုယ့်အမေက ဈေးသည်မပီဘူးကွ...ကိုယ်ပေးထားတဲ့ အကြွေးကို သွားမတောင်းရဲဘူး၊ မတောင်းတတ်ဘူးပေါ့၊ အဲဒါနဲ့ ဆုံးရှုံးတာတွေ များလာပြီး သူကိုယ်တိုင်ကျ အကြွေးတွေ အတိုးတွေတက်နေတာ ကိုယ့်ကိုမပြောဘူး၊ ဟိုဟာ ကျိတ်ရောင်း၊ ဒီဟာ ကျိတ်ရောင်းနဲ့ ဆပ်တယ်၊ ခုတော့ ဘယ်ရမလဲ အထည်ဆိုင်ဒိုင်လုပ်တဲ့ ကြွေးရှင်က ကြွေးတွေသိပ်များလာတော့ ဆပ်ခိုင်းတော့တာပေါ့...နေ့လယ်က အိမ်ရောက်လာပြီး အကြွေးတောင်းခံရတယ်ကွာ..."

သြော်...။ သွင်သည် ကြွေးရှင်က အိမ်ကိုလာ ကြွေးတောင်း


www.burmeseclassic.com

www.burmeseclassic.com


သည်ဟူသော ဓာတ်လမ်းမျိုးကို တကယ်ပဲ လက်တွေ့ကြားရသဖြင့် ငြိမ်ပြီး နားထောင်နေမိသည်။

"ဘယ်လောက်လဲဟင်"

"ရှစ်သိန်းတောင်တဲ့...ဒါတောင် အမေက သူ့လက်ဝတ် လက်စားတွေရောင်းလိုက် ပေါင်လိုက်လုပ်ပြီး၊ နည်းနည်း ဆပ်ထားလို့တဲ့"

"ရပ်ကွက်ဈေးက အထည်ဆိုင်ကလေးကလည်း အရင်း အနှီးမသေးဘူးနော်"

"ဟုတ်တယ်...အကြွေးများလာတော့ အတိုးပါတက်တာ ကိုး..."

"ဒီလိုလုပ်လေ...သွင့်မှာ ဘဏ်ထဲမှာ ငါးသိန်းလောက် တော့ရှိတယ်...ပြီးတော့ မေမေ့လက်ဝတ်လက်စားလေးက နှစ်စုံရှိတယ်...နီလာကြိုးတစ်ကုံး၊ ကျောက်ရောင်စုံကြိုးတစ် ကုံး၊ နောက်ပြီး အဲဒါတွေနဲ့ဆင်တူ လက်ကောက်၊ နားကပ်၊ လက်စွပ်တွေပေါ့...ကိုထိပ်တို့ အသုံးလိုရင် သွင့်ဆီက ယူ သုံးလိုက်ပါ..."

"ဟာ...မဟုတ်တာ"


www.burmeseclassic.com

www.burmeseclassic.com


"သွင့်ဆီက ချေးတယ် သဘောထားလိုက်ပေါ့...ကိုထိပ် အမေကို သွင် လိုက်ပြောပေးမယ်လေ"

"မဟုတ်ဘူး...မဟုတ်ဘူး...ကိုယ် ဘယ်သူ့ဆီကမှ အကူအညီမလိုချင်ဘူး၊ အထူးသဖြင့် သွင့်ဆီကပေါ့၊ သွင့်မိဘက သူတို့ရဲ့ သမီးလေးတစ်ယောက်တည်း ကျန်ခဲ့ရတာကို တမလွန်ကနေ စိတ်မချဖြစ်နေရတဲ့အချိန်မှာ သမီးလုပ်တဲ့သူက ရည်းစားကိုအကြွေးဆပ်နိုင်ဖို့ သူတို့ပေးခဲ့တဲ့ ငွေကြေးဥစ္စာတွေကို ပေးသုံးနေတာကိုပါ သိကြရင် ပိုပြီး ရင်ထုမနာဖြစ်လိမ့်မယ်"

"အာ...အဲဒီလို မဟုတ်ဘူးကွာ"

"ဟုတ်ပါတယ်ကွာ...ကိုယ်ကိုယ်တိုင်လည်း ကိုယ့်သမီးလုပ်တဲ့သူက အဲဒီလိုလုပ်နေရင် အသေဖြောင့်မှာ မဟုတ်ဘူး"

"ဒါဖြင့်...ကိုထိပ်က ဘယ်လိုလုပ်မယ်များ စိတ်ကူးထားလို့လဲ"

ထိုသို့ မေးလိုက်သောအခါ ထိပ်သည် ပြန်မဖြေနိုင်ပြန်။



www.burmeseclassic.com

www.burmeseclassic.com


ဖြေစရာလည်းမရှိ။ လက်ထဲမှာ ပိုက်ဆံများများစားစား မရှိသော ကိုယ့်အခြေအနေ ကိုယ် ပြန်စိတ်တိုနေမိသည်။

"မာနကြီးမနေပါနဲ့ ကိုထိပ်ရယ်...သွင်က ချေးတယ်လို့ သဘောထားလိုက်ပါနော်...သွင့်ကို သူများတကာ အတိုး ပေးသလိုမျိုး ပေးမယ်ဆိုလည်း သွင်လက်ခံပါတယ်...နည်း နည်းချင်း ခွဲဆပ်လို့လဲ ရတယ်"

"ဟူး...စိတ်ရှုပ်တယ်ကွာ"

"ဘာမှ စိတ်မရှုပ်ပါနဲ့... မနက်ဖြန်ကျ သွင် ဘဏ်က ပိုက်ဆံငါးသိန်း သွားထုတ်လာခဲ့မယ်၊ နောက် သုံးသိန်း အတွက်ကတော့ သွင် ခုလောလောဆယ်ဝတ်ထားတဲ့ ဆွဲ ကြိုးရယ် စိန်လက်စွပ်လေးရယ်ကို ရောင်းရင်ရပြီ၊ ဆွဲကြိုးက နှစ်ကျပ်သားရှိတယ်...စိန်လက်စွပ်က မေမေဝယ်ပေးတုန်း ကတောင် တစ်သိန်းရှိတာ...အခုဆို ပိုရမယ်ထင်တယ်၊ ကိုထိပ်နဲ့ သွင် သွားရောင်းကြတာပေါ့"

"သွင်ရယ်...ဟာကွာ...သွင်ရယ်...ကိုယ်မယူရက်တော့ ဘူး"

ထိပ်သည် မချိမဆန့် ညည်းညူကာ သွင့်လက်ချောင်းလေး တွေကို ခပ်ဖွဖွ ဖျစ်ညှစ်လိုက်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"မနက်ဖြန်ကျ ထမင်းစားချိန်လောက်မှန်းပြီး ကိုထိပ် သွင့်ကို ဖုန်းဆက်နော်...သွင်တို့ အတူတူသွားရအောင်... ကိုထိပ် ရုံးကရော သွင့်ရုံးကရော ခွင့်တော့တောင်းရမယ်ထင်တယ်"

ထိပ်သည် သွင်ပြောသမျှကို ငေးနေခဲ့သည်။ သူ့တွင် ရွေးချယ်စရာလမ်းမရှိပါ။ သူ...ဒါကိုပဲ တနံ့နံ့နာကြည်းနေခဲ့၏။ ဒီအဖြစ်ကို သူငယ်ချင်း အရင်းကြီးတွေပင် သိသွားမှာ စိုးရိမ်နေမိခဲ့ပြန်သည်။

သို့သော်

အဖြစ်အပျက်တချို့ဟာ မထင်မှတ်စရာတွေ ဖြစ်တတ်လာခဲ့ပြန်ကြောင်း ထိပ် နောက်ထပ်ဆက်၍ သိရှိရပြန်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


ထိပ် အိမ်ပြန်ရောက်တော့ အမေ ရှိမနေပါ။ ထိပ်က ကိုယ့်သော့ကိုယ်ဖွင့်ဝင်ရလေရာ ခါတိုင်းလည်း အမေတံခါး လာဖွင့်ပေးစရာမလို။

ဒါပေမဲ့ များသောအားဖြင့် အမေက အိမ်မှာရှိတာ များသဖြင့် အမေ့မကိုမတွေ့တော့ အကြွေးကိစ္စနဲ့ အပြင်ပဲ ခဏထွက်သွားသလားလို့ တွေးလိုက်မိစဉ်…

"ဟဲ့…မောင်ထိပ် ပြန်လာပြီလား"

"ဟုတ်ကဲ့"

"အံမယ်လေး… မင်းအပြင်ထွက်သွားတုန်း… မညွန့်ရယ် ဘာဖြစ်တယ်မသိဘူး… မူးတယ်… မူးတယ်ဆိုပြီးဖြစ်လို့ အန်တီ့အခန်းကို တံခါးလာခေါက်ပြီး ပြောတာနဲ့…"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ...အမေ ဘာဖြစ်သွားလဲ"

"ဆေးရုံမှာ...အခုလေးတင် ဆေးရုံသွားပို့ပေးပြီး အိမ်ပြန်လာရုံရှိသေးတယ်...မင်းပြန်ရောက်တဲ့အသံကြားလို့..."

"အမေ...ဘာဖြစ်လို့လဲ အန်တီရင်"

ထိပ်သည် တုန်တုန်လှုပ်လှုပ်ဖြင့် အိမ်ထဲပြန်မဝင်တော့ဘဲ အိမ်ခန်းတံခါးကို သော့ပြန်ခတ်ရင်း မေးမိသည်။

"သွေးအရမ်းတက်ပြီး လေဖြတ်ချင်သလိုလိုလဲ ဖြစ်သွားတယ်"

"ဟာ..."

"အန်တီနဲ့အိမ်က သမီးတွေ ကားငှားဖို့ လမ်းထိပ်အထွက်ပဲ၊ လှေကားဝမှာ မင်းသူငယ်ချင်းကောင်မလေးနဲ့ဆုံလို့ သူပဲ သူ့ကားနဲ့ လိုက်ပို့ပေး၊အစစအရာရာ ဟိုအပ်ဒီအပ် လုပ်ပေးပေါ့...သူ့အဒေါ်တွေ ဦးလေးတွေက အထူးကုဆရာဝန်တွေပဲ...အဲဒါ(---)ဆေးရုံမှာ တင်လိုက်တယ်"

"ကျွန်တော့်သူငယ်ချင်းက ဘယ်သူလဲ"

"ဟဲ့...သမီး...ဘာ...ရွက် ဘာဆိုလဲ"

"ရွက်နုစိမ်းလေ မေမေရဲ့"


www.burmeseclassic.com

www.burmeseclassic.com


"အေး...အေး...သူပဲ...ကောင်မလေး ချောချောလေးပဲ"

"ကျွန်တော်မရှိတုန်း အမေ့ကို ကူညီစောင့်ရှောက်ပေးလိုက်တာ ကျေးဇူးတင်ပါတယ်...အန်တီရင်...ဒါဆို ကျွန်တော် အမေ့ဆီ လိုက်သွားလိုက်ဦးမယ်...ဘာများသယ်သွားရဦးမလဲ"

"မင်းအမေ အင်္ကျီ၊ လုံချည်နဲ့ ခတ်ဘူး ဘာညာပေါ့... မှန်းပြီး ထည့်သွားလိုက်ပါ...ဆေးရုံရောက်မှ မင်းအမေ ဘာလိုမလို ထပ်ကြည့်ပြီး သူမှာတာရှိလည်း ပြန်ယူပေါ့"

"ဟုတ်ကဲ့"

ထိပ်သည် ဘေးခန်းက မိသားစုကို နှုတ်ဆက်ကာ တိုက်လှေကားပေါ်မှ ပြေးဆင်းလာခဲ့သည်။

ပိုက်ဆံကို နမြောမနေအားတော့။ ကကတစ်စီးတွေ့တော့ တားပြီး (---)ဆေးရုံကိုဟု တစ်ခွန်းပြောကာ ဈေးပင် မမေးဘဲ တက်လိုက်လာသည်။

ဆေးရုံရောက်တော့မှ အမေ ဘယ်အခန်းမှာမှန်း မမေးမိလာတာကို သူသတိရသွားသည်။

သေတော့မှာပဲ။ ဘယ်လိုမေးရမလဲ မသိဘူး။


www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ ခင်ဗျာ...ခုနလေးကမှ ထင်တယ်...ဆေးရုံတင်ထားတဲ့ လူနာထဲမှာ ဒေါ်ညွှန့်ညွှန့်တင်ဆိုတာ ဘယ်အခန်းမှာလဲ ဆိုတာ ရှာပေးနိုင်မလား ခင်ဗျာ"

ထိပ် ထိုသို့မေးမြန်းစုံစမ်းပြီး အမေ့အခန်းကို ရောက်လာသည်။

"ဟော..."

စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်လိုက်လျှင် အသံတစ်ခုကို စတင်ရင်းနှီးရသည်။

"ကိုထိပ် ရောက်လာပါပြီ အန်တီ"

"သား..."

"အမေ...ဘာဖြစ်သွားသလဲ...ဘယ်လိုနေသေးလဲဟင်"

"လေတစ်ခြမ်းဖြတ်ချင်သလို ဖြစ်သွားတယ်...ကိုထိပ်ရဲ့၊ စိတ်မပူပါနဲ့၊ သေသေချာချာ ပြန်ကုရင် ပြန်ကောင်းလာမှာပါ"

"အမေ့ကို ဂရုစိုက်ပေးတဲ့အတွက် ရွက်နုကို ကျေးဇူးတင်ပါတယ်"

"ဩော်...ရပါတယ်...ရွက်နုလည်း တနင်္ဂနွေနေ့ ညနေဆိုတော့ လမ်းလည်းကြုံတာနဲ့ ကိုထိပ်များ ရှိမလားဆိုပြီး


www.burmeseclassic.com

www.burmeseclassic.com


လှည့်ဝင်လာတုန်း...အန်တီ အခုလိုဖြစ်တော့ ကူညီခွင့်ရသွားတယ်လေ"

"ရွှက်နုလေးရဲ့ အဒေါ်တွေ ဦးလေးတွေက အထူးကုတွေ သားရဲ့...အမေ့ကို ရွှက်နုမျက်နှာနဲ့ အရမ်းဂရုစိုက်ကြပါတယ်...ဝမ်းသာလိုက်တာလေ"

အမေက ဘာကို ဝမ်းသာနေသလဲ။ ထိပ်သည် သူသာ အမေ့အနားမှာ ရှိလျှင်တော့ ဒီလို ပုဂ္ဂလိက အထူးကုဆေးရုံကြီးတွေကို ခေါ်လာမှာ မဟုတ်။ အများပြည်သူ သက်သာချောင်ချိစွာ တက်နိုင်မယ့် အစိုးရပိုင် ဆေးရုံတစ်ခုခုကိုသာ ခေါ်လာမှာဖြစ်သည်။ ခုတော့ ကြည်ဦး ရွှက်နုက သူ့စိတ်ကူးနဲ့သူ ဇွတ်လုပ်ချလိုက်တာ တစ်နေ့တစ်နေ့ ကုန်ရမယ့် အခန်းခ၊ ဘာညာ၊ နှစ်ငှားခ၊ ဆေးဖိုး... ဘုရား...ဘုရား...အဲဒါတွေကို ဘယ်လို ရင်ဆိုင်ရမလဲ။

ကိုယ့်အမေ တစ်ယောက်လုံး ဒီလောက်ဖြစ်နေတာကို ပြောရက်သလားဟု အပြစ်တင်ရင်လည်း ခံရမည်။ သူတို့မှာက ဝမရှိဘဲ ဝိလုပ်လို့ရသော ဘဝမှ မဟုတ်တာ။

ငွေကို ဘယ်တွင်းထဲက လိုက်နှိုက်ရမလဲ။ ဒီကြားထဲ ချစ်သူ


www.burmeseclassic.com

www.burmeseclassic.com


ဆီက ပိုက်ဆံချေးရဦးမယ်။ အမေ့အကြွေးတွေကို ကူဆပ်ပေးရဦးမယ်တဲ့...ဟူး...ရင်လေးလိုက်တာ။

"ဆေးရုံမှာ ဘယ်လောက်နေရမလဲ အမေ"

"သိပ်တော့...မနေရပါဦး...သုံးလေးရက်ဖြစ်မှာပေါ့"

"ဆေးရုံဆင်းရင် အမေ့အခြေအနေက စိတ်ချရပါ့မလား"

"အဲဒါ ဆေးခန်းအမြဲပြပြီး ကုရမယ် ထင်တယ်"

"အမေ့လက်က လှုပ်လို့ ရလား"

"ရတော့ရတယ်...ဒါပေမဲ့ လက်က ကပ်နေတယ် သားရယ်...ခြေထောက်ကလည်း လေးလေးကြီး ခံစားနေရတယ်၊ လမ်းလျှောက်လို့ ရပါ့မလားတောင် မသိဘူး"

"လေ့ကျင့်ခန်း ပြုလုပ်ယူရမယ်ထင်တယ် အန်တီ"

ညှော့ချိန်ကုန်တော့ ထိပ်သည် အမေ့ကို စပါယ်ရှယ်နာ့စ်နှင့် ထားခဲ့ပြီး၊ ရွက်နုနှင့်အတူ ပြန်ရပါသည်။ နာ့စ်ငှားရတာကအစ ရွက်နုက အကုန်စီစဉ်ပြီးသား ဖြစ်နေသည်။

ရွက်နုကားကို လိုက်မစီးချင်ခဲ့ပေမယ့်၊ စီးရဖို့ကို ဖန်တီးလာခဲ့ပြန်သည်။ ရွက်နုက ကားစက်နှိုးလိုက်တာနှင့် ကက်ဆက်သီချင်းသံကပါ ဖွင့်ဟပြီးသား ဖြစ်နေရပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


"oops...I. did it again...I'm breaking your heart"

ရွက်နုက **Britney Spears** ၏သီချင်းကို အသာလိုက်ငြီး နေသည်။

ရွက်နု၏ ကားထဲမှာ **CD** တွေ သုံးလေးချပ် တွေ့ရသည်။ အသာယူကြည့်လိုက်တော့ **Britney Spears** ရှိသည်။ **Shakira** ရှိသည်။ **Atomic Kittens** ရှိသည်။ ယောက်ျားလေးဆိုလို့ **Blue** အဖွဲ့တစ်ဖွဲ့ရဲ့ **CD** သာ ရှိသည်။

"ကိုထိပ်က **Music** ကြိုက်လား"

"ကျွန်တော်က အစွဲတော့ မထားဘူး...ဒါပေမယ့် မိန်းကလေးသီချင်းတွေ မကြိုက်ဘူး၊ **R & B** နားထောင်တာများတယ်၊ **Craig David** ကြိုက်တယ်...သူ့သီချင်းတွေတော့ စွဲစွဲမြဲမြဲ နားထောင်ဖြစ်တယ်...အဟဲ...ဒါပေမယ့် အိမ်မှာ **CD Player** မရှိတော့ ကက်ဆက်ခွေပဲ ဝယ်နားထောင်ရတာပေါ့"

"အင်း...**Craig David** ကောင်းတယ်နော်...**I'm walking away** နဲ့ **7 days** ကို အကြိုက်ဆုံးပဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ...ရွက်နုက တော်တော်သိတာပဲ"

"သွင်ကရော...ဘာကြိုက်သလဲ"

"သွင်က အကုန်ကြိုက်တယ်...သူက အနုပညာကို အကုန်ခံစားတတ်တယ်...ရုပ်ရှင်၊ ဗီဒီယို၊ သီချင်း၊ စာအုပ်၊ ပန်းချီ အကုန်ဝါသနာပါတယ်...သူ့ဘဝမှာ ဘာအဖော်မှမရှိတော့ အဲဒါတွေအတွက် အချိန်အမြဲပေးလို့ရတာလည်း ဖြစ်မှာပေါ့"

ရွက်နုသည် သွင့်အကြောင်းပြောရလျှင် နှုတ်သွက်လှသော ထိပ်ကို မျက်စိလေးစွေကြည့်ပြီး မထိတထိလေး ပြုံးလိုက်ပါသည်။

ထိုအခါ ထိပ်က ရှက်သွားပြီး အသံတိတ်၍ ငြိမ်သွားပါသည်။

"ကိုထိပ် ရောက်မလာခင်...ရွက်နုနဲ့ အန်တီ အကြာကြီး စကားတွေ ပြောနေကြတယ်"

"ဟုတ်လား"

"သူ...ကိုထိပ်ကို အရမ်းသနားနေတယ်"

"ခင်ဗျာ..."

"အန်တီကလေ သူလုပ်ထားတဲ့ ပြဿနာတွေအတွက် **guilty** ဖြစ်နေတယ်တဲ့...အဲဒီသဘောပေါ့၊ ဒါကြောင့် နှိုကတည်းက သွေးတိုးရှိတာက ပိုဆိုးပြီး ရတ်တရက်ကြီး


www.burmeseclassic.com

www.burmeseclassic.com


ကောက်ခါငင်ခါ ဖြစ်သွားတာထင်ပါရဲ့တဲ့...ဆောရီး... ရွက်နု စပ်စုတာ...ဝင်ပါတာတော့ မဟုတ်ဘူးနော်...ဒါပေမဲ့ ကိုထိပ်အမေက သူ့ဘာသာ ရင်ဖွင့်လို့ ရွက်နုသိလိုက်ရတာလေ"

ထိပ်သည် ရှက်ပြီး စိတ်တိုနေသည်။ အမေက ရွက်နုနဲ့သူ့ကို ဘယ်လောက်ထိမှန်းပြီး...မိသားစုအတွင်းရေးတွေကို အသိပေးလိုက်သလဲ။

"ကိုထိပ်...ဘာမှ မပူပါနဲ့နော် ရွက်နု ဆေးရုံကိစ္စကို အကုန်တာဝန်ယူပါတယ်"

"ဟာ...မဟုတ်တာ"

"လူကြီးတစ်ယောက် နာမကျန်းဖြစ်တာကို ဆေးကုသပေးဖို့ ကူညီရတာ ကုသိုလ်ရပါတယ်...ကူညီကောင်းပါတယ်... ရွက်နုမွေးနေ့တွေမှာဆိုရင် ဆေးရုံတွေ လူအိုရုံတွေကို ငွေလှူနေတာပဲ... ဒီလို ကူညီရခြင်းကိုလည်း အလှူတစ်မျိုးလို့ပဲ ယူဆပေးပါ...ဟို တစ်မျိုးမထင်နဲ့နော် ကိုယ်ထိပ် ရွက်နု...ဒီလိုကုန်တဲ့ပိုက်ဆံဟာ ရွက်နုအတွက် ဘာမှမပြောပလောက်ပါဘူး...အဲဒါကြောင့်..."


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်...ဘာပြောရမလဲဗျာ...ဘယ်လို အင်အားနဲ့ ငြင်းဆန်ရမလဲ၊ တောက်...ကျွန်တော် ကိုယ့်ကိုယ်ကို ညံ့တယ်လို့ပဲ အပြစ်တင်ချင်တယ်"

ထိပ်သည် မေးကြောကြီးတွေ ထောင်တဲ့အထိ အံကြိတ်လိုက်မိသည်။

"ပြီးတော့...ရွက်နု...ပြဿနာအားလုံးကို ဖြေရှင်းဖို့ အကူအညီ ပေးပါ့မယ်"

"ခင်ဗျာ..."

"အန်တီ့ကို ရွက်နုက အတိုးနဲ့ပိုက်ဆံချေးမယ်လေ၊ အန်တီ့ကို ကူညီရာလည်းရောက်သလို ရွက်နုလည်း အလုပ်တစ်ခု လုပ်တဲ့သဘောပါပဲ"

"မဟုတ်သေးဘူး..."

"ဟုတ်ပါတယ်လို့ပဲ သဘောထားလိုက်ပါ...ကိုထိပ်တို့ အလကားယူတာမှ မဟုတ်တာ...ချေးတာပဲ၊ပြီးတော့ အတိုးလည်း ပေးရမှာပဲ"

"ကျွန်တော်တို့အင်အားနဲ့ ဒီလောက်ပိုက်ဆံကို နှစ်ပေါင်းအများကြီး ဆပ်ရလိမ့်မယ် ရွက်နု၊ မဖြစ်နိုင်ဘူးထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်နိုင်တာ...တစ်ခုပြောရမလား"

ထိပ်သည် လောလောဆယ်မှာ ဖြစ်ပျက်နေသော အကြောင်းအရာတွေကို စိတ်ပျက်ပြီး ဘာမှ ပြန်ပြောချင်စိတ်ပင် မရှိတော့။

"ရွက်နုတို့ မြောက်ဒဂုံမှာ အိမ်တစ်လုံး ဆောက်ထားမိတယ်၊ အိမ်ခန်းလေးခန်းပါတဲ့ တစ်ထပ်ခွဲတိုက်အိမ်လေးပေါ့...အဲဒါကို အစက လူငှားတင်ထားတာ လူငှားကလည်း သူ့အိမ်သူဆောက်ပြီးသွားတော့ အခုဆင်းသွားပြီ...ဆင်းသွားပြီးတော့ သိပ်မကြာဘူး၊ အိမ်မှာ ရေစုပ်စက် အခိုးခံရတယ်...နောက်တစ်ခါ အိမ်ထဲမှာ အလှတပ်ထားတဲ့ မီးပန်းဆိုင်းတွေ အခိုးခံရပြန်ရော၊ အခုနောက်ဆုံး မီးစက်ကိုပါ အခိုးခံရတာလေ၊ ပိုပြီးအတင့်ရဲလာတာ နောက်ဆို အိမ်က တံခါးရွက်တွေပါ ဖြုတ်ခိုးမလား မသိဘူး...ဒီတော့ ရွက်နုတို့ မိသားစု လူငှားတင်ဖို့ လိုက်စပ်တော့လည်း ဘယ်သူမှ ရှာမရသေးဘူး၊ အဲဒီတော့ နောက်တစ်မျိုး စဉ်းစားတာက အိမ်စောင့်သဘောမျိုး လူထားချင်တယ်၊ လခလည်းပေးမယ်ပေါ့...နေတဲ့အချိန်မှာ အိမ်ရဲ့ လုံခြုံရေး၊ ပစ္စည်းပစ္စယတွေ ထိန်းသိမ်းစောင့်ကြည့်ပေးဖို့လေ..."


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ စကားစလိုက်လျှင် ထိပ်သည် ကောင်မလေး ဘာကို ပြောသလဲဆိုတာကို ရိပ်မိလာသည်။

ဪ...သူက ငါတို့လည်း အိမ်ကောင်းကောင်းနေစေ၊ လခ လည်း ရစေဆိုတဲ့သဘောနဲ့တဲ့။

ငါတို့က လူအသနားခံရတဲ့ဘဝကို ရောက်နေပြီလား။ သွင်က လည်း ပိုက်ဆံချေးမယ်လို့ ပြောထားတယ်။ အဲဒီလိုပြောဖို့...အင်း နှုတ်မရဲပြန်ပါ။ ယောကျ်ားတစ်ယောက်ဟာ သူ့ရဲ့ရည်းစားမိန်းကလေး တစ်ယောက်ဆီက ပိုက်ဆံချေးတယ်ဆိုတာ တော်တော် ရှက်စရာ ကောင်းတဲ့ ကိစ္စပဲ။

"ကိုထိပ်တို့အတွက် အလုပ်တစ်ခု ထပ်လုပ်ရတဲ့သဘောနဲ့ လက်ခံနိုင်မယ်လို့ ထင်တယ်...အန်တီ့ကိုလည်း ပြောထား ပြီးပြီ၊ အန်တီကတော့ လက်ခံတာပေါ့...ကိုထိပ်ပဲ လက်မခံ မှာ စိုးရိမ်တယ်"

ထိပ်သည် လမ်းမီးရောင်များဖြင့် လင်းတစ်ဝက် မှောင်တစ် ဝက်ဖြစ်နေသော ညကို စိုက်ကြည့်နေခဲ့သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


(၆)

ဒီတစ်ခါ သွင်၏အဆောင်ကို မဟေမာ လာခေါ်သောအခါ မဟေမာနှင့်အတူ ညည့်သည်နှစ်ယောက် အပိုပါလာသည်။

မဟေမာအမျိုးသား ကိုဇင်မင်းနှင့် စောကမ္ဘာတို့ပါလာခဲ့သည်။

စောကမ္ဘာ၏ကားနှင့် သူတို့ ရောက်လာကြတာ ဖြစ်သည်။

"မင်္ဂလာဆောင်က နောက်လထဲမှာ လုပ်ဖို့ ရက်ရထားပြီး ပြီ... သွင်က အိမ်ပဲ လာခဲ့တော့... တစ်ခုခုဆို သွင့်ပဲ လာလာခေါ်ရတယ်"

မဟေမာက ရောက်ရောက်ချင်း ခနဲ့သလို ပြောသည်။ သွင်သည် စောကမ္ဘာ ပါလာ၍ သိပ်တော့အလိုမကျလှပါ။ သို့သော် အလိုက်အထိုက်တော့ ပြုံးပြရသည်။



www.burmeseclassic.com

www.burmeseclassic.com


"မေမေက မှာလိုက်တယ်...သွင်က လက်စွပ်ဗန်းကိုင်ရမယ်တဲ့...အဲဒါလာပြောရင်း..."

"ဟုတ်ကဲ့...သွင် ကူညီပါ့မယ်...သွင်လည်း လာဦးမလို့ပါပဲ...အခုရက်ပိုင်း သွင် လည်ချောင်းနာနေလို့လေ"

"ဟဲ့...အခု ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်...**Antibiotics** သောက်ရတော့လေ လူက နုံးနေတာနဲ့ အလုပ်ကပြန်လာရင် ခွေနေရော...အားရက်တောင် ဘယ်မှ မသွားဖြစ်ဘူး"

"ဒါဆို အခုရော အပြင်လိုက်လို့ ဖြစ်လား..."

"ဘယ်သွားရမှာ မို့လို့လဲ"

"သွင့်ကို အင်္ကျီချုပ်ပေးရမှာလေ...အဲဒါ အင်္ကျီတိုင်းဖို့ သွင်တစ်ယောက်ပဲ ကျန်တော့တယ်...အပ်ချုပ်ဆိုင်သွားဖို့ လာခေါ်တာ...ဆိုင်က ထုံးစံအတိုင်း မင်္ဂလာဆောင်ရာသီဆိုတော့ အပ်ထည်တွေ ပုံနေတာနဲ့ ကိုယ့်အတွက်ကို တစ်လခွဲလောက်ကြိုအပ်ရတယ်...သွင်ရဲ့"

"ခဏပဲဆို သွင် လိုက်နိုင်ပါတယ်"

"ဟုတ်ပြီ"


www.burmeseclassic.com

www.burmeseclassic.com


"သွင် အဝတ်သွားလဲလိုက်ဦးမယ်နော်"

"အေး...သွား...သွား...ငါတို့ စောင့်မယ်"

သွင်သည် တကူးတကြီး လာခေါ်၍ မငြင်းလိုတာနှင့် ဝတ်စားပြင်ဆင်ရသည်။ သြော်...အောက်တိုဘာ...သီတင်းကျွတ်တောင်ရောက်ပြီပဲ။ ဝါကျွတ်ပြီဆို လက်ထပ်မယ့်စုံတွဲတွေက ပုံနေပြီ။ ငါတို့စုံတွဲသာ လက်ထပ်ဖို့ဆိုတဲ့ ခေါင်းစဉ်ကို ဘာကြောင့် မဆွေးနွေးဖြစ်ကြသလဲ။

ကိုထိပ်ဟာ ခုဆို မြို့ထဲမှာ မနေတော့ မြောက်ဒဂုံမှာ သွားနေရပြီ။ ကိုထိပ်ပြောတော့ သူ့အလုပ်ရှင်ရဲ့အိမ်ကိုစောင့်ရင်း နေပေးရှိသတဲ့။ လခလည်း အနည်းအကျဉ်း ရသတဲ့။ အလုပ်ရှင်ဆီကပဲပိုက်ဆံချေးပြီး အကြွေးတွေ ဆပ်လိုက်သတဲ့။

"ကောင်းလိုက်တဲ့ **Boss**ပဲ...သူ ဒီလိုသာ လိုက်ကူညီနေရင် တော်တော့်ကို စေတနာကြီးတဲ့သူလို့ ပြောရမလို ဖြစ်နေပြီ"

သွင်က အဲဒီလို အမှတ်မထင်ပြောတုန်းက ကိုထိပ်ဘာကြောင့်မျက်နှာ ပျက်ရသလဲ။

အို...ကိုထိပ် ဘာမကောင်းမှု ဒုစရိုက်တွေများလုပ်ပြီး ဒီလို


www.burmeseclassic.com

www.burmeseclassic.com


အဆင်ပြေသလဲလို့ မတွေးပါရစေနဲ့။ လူဆိုတာ ချမ်းသာချင်လွန်းလာရင် ပိုက်ဆံကို ဖြစ်တဲ့နည်းနဲ့ ရှာချင်လာကြတာ၊ ကိုထိပ် ဘာအလုပ်တွေများ လုပ်နေပါလိမ့်။

သွင်သည် ကိုထိပ်အကြောင်း တစိမ့်စိမ့်တွေးရင်း မျက်နှာကို **Revlon** ထုတ် **Touch & Glow** ပေါင်ဒါမှုန့်ကို ထပ်ရိုက်လိုက်ပြီး **REV-LON** တံဆိပ် **Duck** အရောင် **Colorstay** နှုတ်ခမ်းဆိုးဆေးကို ဆိုးကာ ဆံပင်ကို ဘရပ်ရှ်ဖြင့် တစ်ချက်ဖြီး၍ အောက်ဆင်းလာလိုက်သည်။

အောက်ထပ်အဆောင်ဧည့်ခန်းတွင် ထိုင်နေသော လူစုက သွင့်ကို လှမ်းကြည့်ကြ၏။

"သွင်က ပြင်ဆင်တာ မြန်သားပဲ"

မဟေမာက ပြောလည်းပြော ထလည်းရပ်ပြီး ဖြစ်နေသည်။

"ဟော့...တို့စုံတွဲက ဆွေးနွေးစရာတွေ ရှိသေးလို့ နောက်မှာ ထိုင်မယ်နော်...ကိုကမ္ဘာနဲ့သွင် ရှေ့မှာထိုင်ရင် ဖြစ်မလား"

"ဖြစ်ပါတယ်...မဟေမာ"

"ရပါတယ် မဟေမာ...ကျွန်တော်နဲ့ သွင်လည်း မဆုံကြတာ ကြာပြီ...စကားပြောရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


စောကမ္ဘာသည် ကားမောင်းသူနေရာမှာ ဝင်ထိုက်ပြီး သွင့်ကို ပြုံးကာ ပြောပါသည်။

သွင်သည် အသက်ရှူရတာ မဝသလို ခံစားနေရ၏။

ကားမောင်းလာတော့ မဟေမာတို့စုံတွဲက မင်္ဂလာဆောင် ကုန်ကျစရိတ်တွေ၊ ဝယ်ရခြမ်းရမှာတွေ၊ ဟိုလူ့ဖိတ်မယ် ဒီလူ့မဖိတ် ဘူးဆိုတာတွေ ပြောကာ ပတ်ဝန်းကျင်ကို မေ့နေတော့သည်။

"သွင့် ဆံပင်တွေက ဘယ်အချိန်တွေ့တွေ့ ဒီအရှည်ပုံစံ အတိုင်းပဲနော်"

"ရှင်..."

"ဆံပင်အသားက အိပြီးထူထူနက်နက်ကလေးပဲ...**Pantene** ခေါင်းလျှော်ရည်ကြော်ငြာထဲက ဆံပင်လိုပဲ...ဘာခေါင်းလျှော် ရည်သုံးလဲ"

"သွင်က **Head & Shoulders** သုံးတာလေ...အခုအသစ် ပေါ်တဲ့ **Smooth & Silky** သုံးတယ်"

"ဆံပင်အရှည် မကြိုက်ဘူးလား"

"မကြိုက်လို့ အခုအရွယ်ပဲ ခြောက်ပတ်တစ်ခါလောက် ဆိုင် မှာ သွားသွားတိလိုက်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"အဆောင်မှာ နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်...အင်း...ဒီလိုဆိုပေါ့...ကိုယ်က အနေတတ်ရတာပေါ့လေ... အဲဒါဆိုရင် အဆောင်မှာနေရတာ သိပ်အခက်အခဲမရှိပါဘူး...အခက်အခဲရှိတာက..."

သွင်က မပြောဘဲ ရပ်သွားသည်။ ဘာကြောင့်လည်းဆိုတော့ သွင့်မြင်ကွင်းထဲမှာ ကိုထိပ်ကို တွေ့လိုက်ရရုံမက ကိုထိပ်ဘေးမှာ ရွက်နုကိုပါ တွဲတွေ့လိုက်ရ၍ပင်။ ဘုရားရေ...သူတို့ပုံစံက သိပ်ကို ရင်းနှီးနေသလိုပဲ။

ဟာ...သေတော့မှာပဲ...။ စောကမ္ဘာလည်း သူတို့ကို မြင်သွားပြီ။ သွင်သည် ရုတ်ချည်းပင် အော်ငိုပစ်ချင်သလို ခံစားလာရ၏။ သွင့်နှားတွေ အူနေသည်။ ကိုထိပ်က ကားလမ်းကူးတော့ ရွက်နုလက်ချောင်းထိပ်လေးတွေကို ဆွဲပြီး ကူးလိုက်သလိုလိုပဲ...။

"အဆောင်မှာ ဘာ အဆင်မပြေတာလဲ သွင်...ပြောပါဦး"

စောကမ္ဘာသည် သွင့်ကို စိတ်ပြောင်းလိုသဖြင့် ခုန စကားကို ဆက်မေးလေသည်။

သွင်သည် သူ့မျက်နှာကို မကြည့်ရဲပေ။ သွင် ရှက်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့မှာ သွင့်ချစ်သူက မိန်းကလေးတစ်ယောက်နဲ့လက်တွဲပြီး လမ်းဖြတ်ကူးသွားတယ်...။

"အဆောင်မှာ တချို့က ပိုက်ဆံဈေးတတ်တဲ့ အကျင့်ရှိတယ်...တချို့ကတော့ အလကားနေရင်း အပြစ်ရှာပြီး အတင်းပြောကြတယ်လေ...အဲဒါလေးတွေကတော့ အခက်အခဲ အသေးအလွှားလေးတွေပါ"

သွင်သည်အားတင်းပြီး စကားပြန်ပြောနေရသော်လည်း ဘာကိုစိတ်မပါသလို ဖြစ်နေခဲ့ပါသည်။

အခုအချိန်မှာ သွင် အဆောင်ပြန်ပြီး တိတ်တိတ်လေး ငိုလိုက်ချင်တယ်။ ကိုထိပ်ဘယ်လိုဖြစ်သွားတာလဲလို့ လိုက်အော်မေးချင်တယ်။ အားမှာ ဘယ်သူ့မှသာ မရှိရင် သွင်ဟာ ကိုထိပ်နောက်ကို ပြေးလိုက်ပြီး ရန်တွေ့လိုက်မိမယ် ထင်ပါရဲ့...။

"ကျွန်တော် ထိပ်ကို သူနဲ့တွဲတွေ့တာ ဒါနဲ့ပါဆို သုံးခါရှိပြီ သွင်"

စောကမ္ဘာသည် သွင့်ကို တိုးတိုးလေး ပြောလိုက်လျှင် သွင်သည် မျက်လုံးတွေပြူးလျက် စောကမ္ဘာကို လှည့်ကြည့်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သွင့်မျက်ဝန်းတွေထဲမှာ စိမ့်အိုင်နေသော မျက်ရည်တွေဖြင့် ပြည့်ဝိုင်းနေသည်ကို သူ ငေးနေခဲ့၏။

* * *


www.burmeseclassic.com

www.burmeseclassic.com


"ပထမဦးဆုံး စတွေ့တာ ကြာပါပြီ... ဟိုး လွန်ခဲ့တဲ့ သုံးလေးလဖြစ်မယ်...ကျွန်တော်လည်းမမှတ်မိတော့ပါဘူး... **Cafe` Latte** ဆိုတဲ့ ကော်ဖီဆိုင်မှာ..."

"သြော်..."

သွင်က အဲဒီလို ကော်ဖီဆိုင်လေးတွေကို သွားလိုသော်လည်း ကိုထိပ်က ကော်ဖီ မကြိုက်ဟု ငြင်းကာ ရှောင်၍ မသွားဖြစ်သော ဆိုင်ကို သူတို့တော့ တွဲပြီး ရောက်ခဲ့တာတဲ့လေ...။

"ဒုတိယတစ်ခါကတော့ ထူးဆန်းတယ်ဗျ...(---)ဆေးရုံမှာ..."

"သြော်...သွင်သိတယ်...အဲဒီတုန်းက သူ့အမေ လေတစ်ခြမ်းဖြတ်တော့မလိုဖြစ်ပြီး ဆေးရုံတက်ရတာ သွင်တောင် သူငယ်ချင်းတွေနဲ့ သတင်းသွားမေးခဲ့တယ်"


www.burmeseclassic.com

www.burmeseclassic.com


"အဲဒီနေ့ကတော့ သူ့အမေဆေးရုံက ဆင်းလာတာ ဖြစ်မှာပေါ့လေ...အမျိုးသမီးကြီးတစ်ယောက်ကို သူက တွဲဆင်းလာတယ်......ကောင်မလေးရဲ့ကားနဲ့ပဲ ပြန်သွားကြတယ်"

"ဩော်...အဲဒါတွေတော့ သွင် မသိခဲ့ရပါဘူး...သူ ဘာဖြစ်လို့ မပြောလဲတော့ မသိဘူးပေါ့လေ..."

"ကျွန်တော်တွေ့တဲ့နှစ်ခါစလုံးကတော့ သူတို့ပုံစံက မိတ်ဆွေတွေလိုပါ"

ဒါဖြင့် အခုတွေ့လိုက်ရတဲ့ပုံစံကတော့...။

သွင်သည် နှလုံးသားထဲက အက်သံတစ်ခုကို ပန်ကြားရကာ ခေါင်းငုံ့ချလိုက်ပြီး သွင့်ရှေ့က အအေးခွက်ကို စိုက်ကြည့်နေပါသည်။

မဟေမာတို့ကို ပြန်ပို့ပြီးမှ သွင့်ကို အဆောင်ပို့ပေးမည်ဟု စောကမ္ဘာက ပြောသဖြင့် မဟေမာ ပြုံးစိစိဖြင့် လက်ခံခဲ့သည်။

အမှန်တော့ သွင့်ကို သူ ဒါတွေ အေးအေးဆေးဆေး ပြောပြပြီး အသိပေးချင်လို့ဆိုတာ သွင် သဘောပေါက်ပါသည်။

သွင်သည် ဘာမှ မသောက်လိုသော်လည်း စောကမ္ဘာမှာပေးသော **Fruit Salad**(ဖရုတ်ဆဲလပ်စ်)အမည်ရှိ သစ်သီးစုံဖျော်ရည်အေးကို စိတ်မပါစွာ သောက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com


စောကမှာကတော့...

"ကျွန်တော်က **Fruit Salad** အရည်ကို ကြိုက်တယ်ရယ်တော့ မဟုတ်ဘူး...ဒါပေမဲ့ အရည်တစ်မျိုးတည်းနဲ့ အသီးအနှံစုံရဲ့အရသာကို ခံစားရတယ်လို့ ယူဆပြီး သောက်မိနေတယ်...လူတစ်ယောက်အတွက် ကျန်းမာဖို့ဆိုရင် တစ်နေ့ကို အသီးနှစ်မျိုးနဲ့ ဟင်းသီးဟင်းရွက် ငါးမျိုးစားပေးရမယ်တဲ့၊ သွင်...ကြားဖူးလား"

"မကြားဖူးပါဘူး"

"သွင်က ဖျော်ရည်သမား မဟုတ်ဘူး ထင်တယ်"

"ဘာကို ကြည့်ပြီး ပြောတာလဲ"

"စိတ်ပါလို့ပဲ သောက်သောက်...စိတ်မပါလို့ပဲ သောက်သောက်...ကိုယ်နှစ်သက်တဲ့ အရည်ကို သောက်ရင်တစ်မျိုး၊ မနှစ်သက်တဲ့အရည်ကို သောက်ရင်တစ်မျိုးဆိုတာ ကျွန်တော် အကဲခတ်လို့ရတယ်"

"သွင်...အအေးမကြိုက်ဘူး... သွင်က လက်ဖက်ရည်ကော်ဖီ ပိုကြိုက်တယ်"

"ဪ...ဪ..."



www.burmeseclassic.com

www.burmeseclassic.com


စောကမ္ဘာက ထိပ်အကြောင်းကို တမင်ဆက် မပြောတော့ဘဲ တခြားအကြောင်းတွေ ဆက်ပြောနေပါသည်။

သို့သော် သွင်က မရပါ။ ဒီလိုသိသိကြီးနဲ့ မသိချင်ယောင်ဆောင်ပြီး စကားမလွှဲချင်တော့။ ထို့ကြောင့် သွင်ကပဲ ကိုထိပ်အကြောင်း ဆက်၍ စကားစလိုက်ပါသည်။

"ကိုထိပ်အကြောင်း ပြောရအောင်..."

သွင်က ခပ်တင်းတင်း လေသံဖြင့် စကားစ၏။ စောကမ္ဘာသည် သွင့်ကိုချစ်စနိုးဖြင့် ပြုံးရင်း ခေါင်းညိတ်ပါသည်။

"ခုနက သူတို့ ကိုစောကမ္ဘာ ကားရှေ့က လမ်းဖြတ်ကူး သွားတယ်"

"ဟုတ်တယ်"

"အဲဒီပုံစံက ဘာထူးခြားနေလဲ"

"အင်း..."

"အရင်တွေ့တဲ့ပုံစံတွေထက် တစ်ခုခုတော့ ထူးတယ်လို့ ဘာကြောင့် ကိုစောကမ္ဘာ မပြောရဲတာလဲ"

သွင်သည် အနားမှာရှိနေသော လူကိုမဲလေပြီ။

"သြော်...သွင်ရယ်...လူတစ်ယောက်ခံစားရမှာစိုးရင် ကိုယ်


www.burmeseclassic.com

www.burmeseclassic.com


မြင်တဲ့အမြင်ကို အမှန်အတိုင်း မဝေဖန်သင့်ဘူးလို့ ကျွန်တော် ယူဆလို့ပါ"

"ရွက်နုကို အစကတည်းက သွင် အကဲခတ်လို့ ရခဲ့တယ်... ဒါကို ကိုထိပ်က လက်မခံဘူး...ယောက်ျားလေးက စမှ ဖြစ်လာမှာတဲ့"

"ကောင်မလေးကို သွင် သိနေသားပဲ"

"ကိုစောကမ္ဘာရော သူ့ကို သိလို့လား"

"ကျွန်တော့်မိတ်ဆွေ အိမ်မှာလေ...သူတို့ရဲ့မင်္ဂလာနှစ်ပတ်လည်ပါတီလုပ်တော့ တစ်ခါတွေ့ဖူးတယ်...သူ့မိဘတွေနဲ့ လာတာပါ...ဝတ်တာစားတာ ခေတ်မီပေမယ့် ကြန်အံတော့ ရှိပါတယ်"

"ဒီမှာ..."

"ခင်ဗျာ..."

"သွင်က ကိုထိပ် အမေမဟုတ်ဘူး...ရွက်နုဟာ ကြန်အံရရ မရရ သွင်နဲ့မဆိုင်ဘူး...သွင် သူ့ကို အပြစ်မတင်ဘူး... ယောက်ျားလေးနဲ့မိန်းကလေးဟာ သူတို့အချင်းချင်း အဆင်ပြေသွားတယ်ဆိုတာဟာ ယောက်ျားလေးဘက်က စလို့ဖြစ်ရတာ


www.burmeseclassic.com

www.burmeseclassic.com


ပဲ...ဒါကြောင့် သွင် ကိုထိပ်ကိုပဲ အပြစ်တင်မယ်"

"သွင့် သဘောပါ...ကျွန်တော်က သွင့်ကို ကူညီစရာရှိရင် ကူညီဖို့ အသင့်ပါပဲ...ဒါပေမဲ့ ထိပ်ကိုတော့ ချောင်းရိုက်ခိုင်းတာမျိုး မလုပ်ခိုင်းနဲ့နော်...ဟဲဟဲ...ရန်ဖြစ်ရတာ ကျွန်တော် ဝါသနာ မပါဘူး"

စောကမ္ဘာက ရယ်စရာပြောပြီး သူ့ဘာသာ ရယ်နေသည်။ သွင်က လိုက်မရယ်ဘဲ တည်တည်ကြီးလုပ်နေပေမယ့် သူကားအရယ်မပျက်ဘဲ ဖြစ်နေခဲ့၏။

စောကမ္ဘာသည် ကောင်မလေး၏ ခံစားချက်ကို ကိုယ်ချင်းစာပါသည်။ သို့သော် ပြောလို့တော့မကောင်းပါဘူး။ သူတို့ ဒီလိုအဆင်မပြေဖြစ်ကြတာကို ကျေနပ်နေမိတယ်လေ။

ကိုယ်တိတ်တဆိတ်ချစ်မိတဲ့ မိန်းကလေးက လက်ရှိရည်းစားနဲ့ အဆင်မပြေတော့တာကိုသိရတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ စိတ်သဘောထားမျိုးဟာ ဘာမှ မှုမမှန်တာ မရှိဘူးဟူ၍ ထင်နေပါသည်။

*   *   *



www.burmeseclassic.com

www.burmeseclassic.com


ဒီရက်ပိုင်းတွေဟာ သွင့်အတွက် ဒီသတင်းကိုပဲ ထပ်ခါတလဲလဲ ကြားရဖို့ ဖြစ်လာသည်။

အလုပ်အားရက် ညနေတစ်နေ့ဖြစ်သော တနင်္ဂနွေတိုင်းကို ကိုထိပ်ဟာ အရင်ကလို ရောက်မလာနိုင်တော့ပါ။

"အရင်ကတော့ မြို့ထဲမှာနေတာဆိုတော့ သွင့်ဆီလာရတာ လွယ်တယ်...ပြန်ရင်လည်း ကားမရှားဘူး...အခု ဒဂုံမြို့သစ်ဘက်ဆိုတော့ အသွားက လွယ်ပေမယ့် အပြန်ကျ ကားမရတတ်ဘူး...သွင်၊ ဒီတော့ ကိုယ် အမြဲမလာနိုင်ဘူး... တစ်လတစ်ခါလောက်လာမယ်နော်"

ကိုထိပ်က အိမ်ပြောင်းပြီး မကြာမီ ထိုတစ်ခုကို စပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


သွင်က ဒါဟာ လက်မခံစရာမရှိ။ စိတ်ဆိုးစိတ်ကောက်စရာ မရှိလေရာ ကျေနပ်စွာ လက်ခံခဲ့၏။

နောက်တစ်ခါကျတော့ သွင်ကိုယ်တိုင်ကကို အစီအစဉ်ပြောင်း ခဲ့ရတာ...။

"ကိုထိပ်ရယ်...မနက်ဆို အလုပ်အတူသွားဖို့ကို သွင့်ဆီ လာလာခေါ်ရတာ အဆင်မပြေပါဘူး...လမ်းက မသင့်တော့ ဘူး...ဒီတော့ လာခေါ်မနေပါနဲ့တော့...သွင့်ကို အပြန်ကျ မှ အတူစောင့်ခေါ်ပြီး ပြန်ကြရအောင်နော်"

အဲဒီတော့လည်း ကိုထိပ်က စိတ်မကောင်းသလို မျက်လုံးတွေ နဲ့သွင့်ကို ငေးနေခဲ့သည်။ သို့သော် ဒီအစီအစဉ်ကို ကိုထိပ်လည်း ငြင်းစရာမရှိလေရာ အသာတကြည် လက်ခံမိပါသည်။

ကောင်မလေးက သူ့အခက်အခဲကို ရိပ်မိပြီး စီစဉ်လိုက်၍သာ တော်သေးသည်။ နောက်မို့ သူ့မှာ သွင့်ကို လာခေါ်ဖို့ အလုပ်သွားရန် အိမ်ကနေ အစောကြီး ကြိုထွက်ရသည်။

အဲဒီလိုနဲ့ပဲ သူတို့ချစ်သူနှစ်ဦးကား တစ်နေ့မှာ ညနေပိုင်းတစ်ခါ သာ ဆုံဖြစ်ကြပြီး အရင်ကလို တနင်္ဂနွေညနေပေါင်းများစွာမှာ အတူ ဆုံကြတာမျိုးလည်း မရှိတော့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com


ထိုတစ်နေ့သော တနင်္ဂနွေညနေမှာတော့ အဆောင်မှူးမှ သွင့် ထံဖုန်းလာသည်။ (အဆောင်တွင် အဆောင်မှူးဘွားဘွားက သူ့ဖုန်း ကို ပြောခွင့် သုံးခွင့် ပေးထားပါသည်။)

"ဟဲ့...သွင်...ငါတို့ပါ"

"မေပျို..."

"အေး...နင်အားလား အားရင် ငါတို့ လာမလို့"

"လာလေ..."

"ဘယ်မှ မသွားဘူးလား...ဟဲ့...နေဦး ထိပ်လာခေါ်မှာ လား"

"မခေါ်ဘူး...သူနေတာဝေးတော့ သိပ်မလာဖြစ်ဘူး"

"အေး...ဒါဆို...ငါတို့ ခုထွက်လာပြီ"

မေပျိုက သူငယ်ချင်းတွေထဲမှာ စိတ်မြန်လက်မြန် ရှိသူပီပီ၊ စကားကို မြန်မြန်ပြော၊ မြန်မြန်ဖုန်းချသည်။ နောက် ဆယ့်ငါးမိနစ် လောက်ဆို သူတို့ရောက်လာတော့မည်ဟု သွင်က ခန့်မှန်းမိလေရာ အဆင်သင့် စောင့်နေခဲ့သည်။

သူငယ်ချင်းတွေ ရောက်လာတော့ သွင်တို့ အပြင်သွားဖို့ တိုင် ပင်ကာ အဆောင်မှ ထွက်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


"မုန့်စားကြမယ်...မဟုတ်လား"

"အေး..."

"သွင်တို့ အဆောင်နားက ရှမ်းခေါက်ဆွဲပဲ စားရအောင်"

"ကောင်းပါတယ်...အဝေးကြီးလျှောက်သွားနေရင် အပြန် ခက်နေမယ်...နှင်တို့ကလည်း စောစောလာတာ မဟုတ် ဘူး... Blazon လေး ဘာလေး သွားရအောင်..."

"နန္ဒာက ငါ့ဆီရောက်နေတာ ကြာပြီ...ငါတို့က နှင့်ဆီ လာသင့် မလာသင့်ထိုင်ပြီး တိုင်ပင်နေတာနဲ့ နောက်ကျသွား တာ..."

"ဘာတွေ တိုင်ပင်ရလို့လဲ"

ဆိုင်ထဲ သုံးယောက်သား ဝင်ထိုင်ပြီးလျှင် မှာစရာရှိတာမှာပြီး မှ နန္ဒာက ပြောပါသည်။

"ငါတို့က...နှင့်ကို...သနားလို့ပါ"

"ဘာဖြစ်ကြတာလဲဟယ်...ပြောမှာ ပြောစမ်းပါ"

"သွင်...တစ်ခုခုတော့ ဖြစ်နေတယ်နော်၊ အရင်ကလို သိပ် မရွှင်ဘူး...စိတ်လည်းတိုချင်နေတယ်"

"ဒါပေါ့...နှင်တို့တောင် ငါ့ကို ပြောသင့်မပြောသင့်တွေ


www.burmeseclassic.com

www.burmeseclassic.com


တိုင်ပင်ရတဲ့အဆင့် ဖြစ်နေရင် ငါလည်း...မှန်းလို့ရနေပြီ”

“နှင်...ဘာထင်နေလို့လဲ သွင်”

“ကိုထိပ်အကြောင်းလားလို့”

“ဟုတ်တယ်”

“ပြော...သူ့ကို ဘယ်မှာ ဘယ်သူတွေနဲ့ တွဲတွေ့လဲ”

မေပျိုနှင့် နန္ဒာ မျက်လုံးတွေ ပြူးကျယ်ကုန်၏။

“နှင်တို့ ဘယ်လိုဖြစ်ကြတာလဲဟယ်”

“ဘယ်လိုမှ မဖြစ်ပါဘူး...သူ့ဘက်ကစပြီး ဖောက်ပြန်တာ ဖြစ်မှာပေါ့...ငါကတော့ ပုံမှန်ပဲ”

“ငါတို့တွေ့လာတာက...နှင်နဲ့တစ်ခါ ဗိုလ်ချုပ်ဈေးမှာဆုံခဲ့တဲ့ ကောင်မလေးနဲ့တွေ့တာ”

“သူတို့...တော်တော် ရင်းနှီးနေတယ်နော်”

“ထိပ်ကတော့ နည်းနည်းလေး တည်တယ်...ရွက်နုစိမ်းက ထိပ်ကို တော်တော် အရေးပေးတာဟဲ့... အရမ်းချစ်ပုံရတယ်”

“ကောင်းတာပေါ့...သူ ကံကောင်းတာပေါ့”

“ဟဲ့...နှင်ကလည်း”


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်လေ...ကိုထိပ်က သိပ်ချမ်းသာချင်နေတာ... အဲဒီလိုမျိုး ကုမ္ပဏီပိုင်ရှင်မျိုး...ကားဆယ်စီးလောက်ပိုင်တာမျိုး...အိမ်လေးငါးခြောက်လုံးရှိတာမျိုး သိပ်ဖြစ်ချင်နေတာ သူအဲဒီလိုဘဝကိုရောက်ဖို့ ဖြတ်လမ်းနည်းကို ရှာတွေ့သွားပြီလေ...သူ ချစ်တာမချစ်တာထက် ရွက်နုက သူ့ကိုပိုချစ်တယ်ဆိုတာ သံသယမရှိပါဘူး...ငါ သူနဲ့စပြီး ဆုံကတည်းက ရိပ်မိခဲ့တာပဲ...တစ်နေ့ကျရင် တစ်ခုခုဖြစ်မယ်လို့ ထင်ကိုထင်နေခဲ့တယ်...အခုတော့ တကယ်ဖြစ်လာတယ်"

သွင်သည် ရှမ်းခေါက်ဆွဲပန်းကန်နှင့် အရာမယွင်းဘဲ၊ တူဖြင့် ဟိုမွှေ သည်မွှေ လုပ်နေမိသည်။

သွင် အခုရက်ပိုင်း အဲဒီစိတ်နဲ့ပင် စားရတာလည်း အရသာမရှိ။ အိပ်ရင်လည်း အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် အိပ်မက်ဆိုးတွေမက်ကာ နိုးနိုးလာတဲ့ ညပေါင်းလည်း မနည်းတော့။

"သွင်ရဲ့ နှင့်မျက်နှာတောင် တော်တော် ချောင်ကျသွားတယ်...အဲဒီကိစ္စကြောင့် အရမ်း စိတ်ဆင်းရဲနေရပြီနော်... ဖြစ်ရလေဟယ်...ထိပ်က ဘယ်လိုများဖြစ်သွားတာလဲ"

"နင်တို့ မတွေ့ကြတော့ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com


"အလုပ်သွားရင်တော့ ညနေကျ အတူတူပြန်တယ်...တွေ့တော့ တွေ့သေးတာပေါ့"

"အဲဒီတော့ သူ့အမူအရာက ဘယ်လိုနေလဲ"

"ဒီလိုပါပဲ...ငါဘာမှ မသိဘူးထင်နေတော့ အရင်ကလိုပဲပေါ့"

"အေးဟယ်...ထိပ်နဲ့နှင်က သူငယ်ချင်းဘဝကတည်းက တစ်ယောက်နဲ့တစ်ယောက် အရမ်းသံယောဇဉ်ကြီးလာပြီးမှ ငါတို့ ကြိုပြီးမှန်းထားတဲ့ အတိုင်းပဲ နှင်တို့ ရည်းစားဖြစ်သွားကြတော့ ငါတို့က ဝမ်းသာကြရတယ်...ဒီလိုဖြစ်ရလိမ့်မယ်တောင် မထင်ဘူး"

"ငါတို့တင်မကဘူး...ဟိုကောင်တွေလေ...ကျော်ခန့်တို့ လွင်မင်းတို့တောင် သိနေကြတယ်...ထိပ်တော့ သွင့်ကို ငိုရအောင် လုပ်တော့မယ် ထင်တယ်တဲ့"

"သူတို့ တွေ့လာလို့လား"

ထိုအခါ မေပျိုနှင့် နန္ဒာတို့ တိတ်သွားပြီး ပြောဖို့ နှုတ်ခံရဲသလို ဖြစ်နေပြန်သည်။ သွင်ကား စိတ်မရှည်တော့။ ပြောင်လည်း


www.burmeseclassic.com

www.burmeseclassic.com


ပြောလိုက်။ ဒါဟာ တကယ်ဖြစ်ပြီးသားပဲ။ ရင်မဆိုင်ချင်လို့ ရမှမရ တော့တာ။

"ပြောပါ...ငါ သူ့အကြောင်းထပ်ကြားရလို့လည်း အခု ထက် ပိုပြီး ခံစားစရာတော့ ရှိမှာ မဟုတ်ဘူး"

နန္ဒာက သက်ပြင်းချပြီး ပြောလိုက်၏။

"ကျော်ခန့်တို့ သုံးယောက် ထိပ်အိမ်ကို အရင်အပတ်က သွားလည်တယ်...အဲဒီမှာ ရွက်နုရောက်နေတယ်တဲ့...ထိပ် အမေနဲ့ မီးဖိုချောင်မှာ အတူတူ ချက်ပြုတ်နေကြတာ တော် တော့်ကို တရင်းတနှီးဆိုပဲ...ချက်နည်းပြုတ်နည်း လာသင် တာဆိုပြီး ထိပ်က ပြောပြနေသေးတယ်တဲ့"

"သြော်..."

သွင်သည် ဒီလိုကြားရတော့ ရင်ထဲမှာ ဝမ်းနည်းသွားပါသည်။ သွင်ဖြင့် ကိုထိပ်အိမ်ကို သွားလည်လျှင် အမြဲတမ်း သူငယ်ချင်းအုပ်စု ကြီးနဲ့မှ သွားဖူးတာ။

အခု ပြောင်းလိုက်တဲ့အိမ်တောင် ကိုထိပ်က သူငယ်ချင်းတွေ နဲ့ပါ အတူတူဖိတ်လို့ တစ်ခါပဲ ရောက်ဖူးပါသည်။

ရွက်နုကတော့ ကိုထိပ်နဲ့ ဘယ်လိုပတ်သက်ပါတယ်ဆိုပြီး


www.burmeseclassic.com

www.burmeseclassic.com


ကိုထိပ်အမေက သတ်မှတ်နိုင်တဲ့အဆင့်ကို ရောက်နေပြီဆိုတာ သေချာပါသည်။

"ဘာပဲဖြစ်ဖြစ်...နင်နဲ့က ငယ်ချစ်ပဲဟာ သူခဏစိတ်ယိုင်သွားတာလည်း ဖြစ်ချင်ဖြစ်မယ်...သွင်"

"နင်ဘာမှ တွေဝေမနေနဲ့၊ ထိပ်ကို လက်ထပ်မယ် ဘာညာ နင်ပဲ စပြောလိုက်ပါ သွင်ရယ်...၊ သူစပြောမှ ဆိုတာ စောင့်နေရင် နင်..."

"အို...နေပါစေ ငါမပြောဘူး၊ ဘာလို့ ပြောရမှာလဲ... အောက်တယ်...ငါကမှ စပြီးမမှားတာ...ငါက ဘာလို့ သူ့ကို ခြေသလုံးဖက်ပြီး တောင်းပန်ရမှာလဲ...သူကသာ ငါ့ကို တောင်းပန်ရမှာ စောင့်ကြည့်နေ"

"ဟဲ့...ဒုက္ခပါပဲ သွင်ရယ်...ဘာတွေ လျှောက်လုပ်ဦးမလို့လဲ"

"ငါဒီလိုချည်း ဟိုလိုလို ဒီလိုလိုနဲ့ အီလည်လည်လုပ်နေတာ မကြိုက်ဘူး...ဒီတော့ ငါကစပြီး သူ့ကို ရှောင်မယ်...သူ ဘယ်လောက်နေနိုင်သလဲ...ကြည့်ရသေးတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ...နင် အဲဒီလိုလုပ်ရင် ထိပ်က ဟိုဘက် ပိုပါသွားမှာပေါ့ သွင်ရယ်"

သွင်က နှာကျင်စွာ ခပ်မဲ့မဲ့ပြုံးသည်။

"ယောက်ျားတစ်ယောက်ကို ပြိုင်ပြီးမလုချင်ပါဘူး...ပြိုင်ရင်လည်း ငါက ရှုံးဖို့ပဲရှိတယ်...ဒီတော့ မပြိုင်ခင် ရှောင်လိုက်တာကောင်းတယ်...သူက ငါ့ကို လက်လွှတ်မခံနိုင်လောက်အောင် ချစ်တယ်ဆိုရင် သူလုပ်ခဲ့တဲ့အမှားကို ငါ့ဆီလာတောင်းပန်မှ...သူကိုယ်တိုင် အစအဆုံးပြောပြဝန်ခံမှ ငါကျေနပ်မယ်...အဲဒီလိုမှမပြောခင်အတွင်းမှာ ငါလုံးဝကိုရှောင်ပစ်မယ်...ဘာကြောင့် ရှောင်သလဲဆိုတာ သူမသိလိုက်ရဘဲကိုရှောင်မှာ...လူတစ်ယောက်က ခိုးပြီးလုပ်တာကို ငါက ငါသိကြောင်းပြောပြပြီး ပြဿနာမလုပ်ချင်ဘူး...သူကိုယ်တိုင် ဝန်ခံတာပဲ လိုချင်တယ်"

သွင်သည် ပြတ်သားစွာပင် ပြောပြလိုက်ပါသည်။ သူငယ်ချင်းနှစ်ယောက်က သွင့်ကို ငေးနေခဲ့၏။

သွင်က...

"နင်တို့လည်း ဘာမှ ကြားဝင်ပြီး ဖြေရှင်းပေးမနေနဲ့နော်...



www.burmeseclassic.com

www.burmeseclassic.com


မသိသလိုနေ၊ တစ်နေ့ကျရင်...ဆိုတာကိုပဲ စောင့်ကြည့်နေ၊ ကောင်းတာပဲ ဖြစ်လာလာ၊ ဆိုးတာပဲ ဖြစ်လာလာ ငါခံမယ်”

ဟုလည်း ထပ်ပြောလိုက်သေးသည်။

သွင်သည် နှုတ်ခမ်းအတွင်းသားများကို တိတ်တဆိတ်ကိုက်ထားမိသည်။

သွင်ဟာ ကိုထိပ်ကို အချစ်ကြီးချစ်မိသူဖြစ်ပါသည်။သို့ဖြစ်၍ သွင့်တွင် အချစ်ကြီးရခြင်းတည်းဟူသော ခံစားချက်ကလည်း ဖြစ်ပေါ်လာခဲ့တော့လေသည်။

*  *  *


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း(၇)

## တောင်ခြင်း


www.burmeseclassic.com

www.burmeseclassic.com


စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com


(၇)

"ကိုစောကမ္ဘာ...သွင့်ကို တစ်ခုလောက် ကူညီနိုင်မလား"

စောကမ္ဘာက မဆိုင်းမတွ ပြောချလိုက်သော သွင့်ကို အံ့သြဟန်မပြဘဲ၊ ပြုံး၍ မေးဆတ်ကာ မေးဟန်ပြလိုက်သည်။

"သွင် အဆောင်ပြောင်းချင်လို့"

"ဟုတ်ပြီ"

"အဲဒါ...သန့်ပြီး စည်းကမ်းလည်းရှိတဲ့ အဆောင်ပေါ့ ... အဲဒီလိုအဆောင်မျိုး ဘယ်မှာရှိတယ်လို့ ကြားဖူးလဲ"

"ကျွန်တော်တော့ သိပ်မသိဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

"ဒါပေမယ့်...စိတ်မပူပါနဲ့၊ ကျွန်တော့်ရုံးက ကောင်မလေး တွေကို စုံစမ်းပေးပါ့မယ်... သူတို့ထဲက တစ်ယောက်တလေ လောက်ကတော့ သိမှာပါ"

"သွင်က မနက်ဖြန်လောက်တောင် ပြောင်းချင်တာ"

"ဘာအဆင်မပြေလို့လဲ"

"အဆောင်က အဆင်ပြေပါတယ်...သွင့်ဘာသာ တခြား ပြောင်းချင်တာ...ဘာဖြစ်လို့လဲ မမေးနဲ့နော်"

"ရပါတယ်...မမေးပါဘူး၊ သွင်စိတ်မပူပါနဲ့ ကျွန်တော် သိသိချင်း သွင့်ဆီ ဖုန်းဆက်ပြီးပြောမယ်...လိုက်လည်း ပို့ပါ့မယ်"

ကောင်မလေး ဘာ့ကြောင့် အရင်လိုပြီး၊ ဒီလိုဖြစ်ရသလဲဆိုတာ သူမမေးချင်။ သိလည်းမသိလို။ သူ့ကို အရင်ကထက် ပိုရင်းနှီးလာ ပြီး ပိုအကျွမ်းတဝင် နေလာတာကို သူကျေနပ်သည်။ ရည်းစားနဲ့ အဆင်မပြေချိန်မှာ ကိုယ်က နေရာဝင်လုတယ်ပဲ ပြောပြော၊ လောက ကြီးမှာက ကိုယ်လိုချင်တာ ရဖို့ပဲ မဟုတ်လား။

နောက်တစ်နေ့မှာပဲ ကုမ္ပဏီက ဝန်ထမ်းအမျိုးသမီး ဆော်တော်


www.burmeseclassic.com

www.burmeseclassic.com


များများထံမှ အဆောင် စုံစမ်းကြည့်သည်။ သုံးလေးခုလောက်တော့ သိရသည်။

သွင့်ရုံးကိုပင် ချက်ချင်းဖုန်းဆက်ပြီး ပြောပြတော့ သွင်က...

"ပိတ်ရက်ကျရင် သွင့်ကို အဲဒီနေရာတွေ လိုက်ပို့ပေးမလား" ဟု တောင်းဆိုလာသည်။

"ရပါတယ်..."

"ရှင်က စိတ်မပါသလိုပဲနော်"

"မဟုတ်ပါဘူး...ကျွန်တော် စိတ်ပါပါတယ်...စိတ်ပါလို့ပဲ လုပ်ပေးနေတာပေါ့...ကျွန်တော်စိတ်မပါရင် ဘာမှ မလုပ်ဘူးဗျ...သွင် တဖြည်းဖြည်း မြင်လာမှာပါ"

"ဒါဖြင့် ဒီတနင်္ဂနွေ သွင့်ကို..."

"စိတ်ချ...ကျွန်တော် ဆယ့်တစ်နာရီ လာခဲ့မယ် သွင်"

တနင်္ဂနွေနေ့ရောက်တော့ သူ သွင်နေသော အဆောင်ရှေ့မှာ ကားရပ်လိုက်ရုံနှင့် သွင်က ထွက်လာပြီးဖြစ်နေပါသည်။ အဆောင်မှာလည်း ရုံးအားရက် ကျောင်းအားရက်မို့ လူစည်နေသည်။သတိထားမိသော တချို့တလေက သွင့်ကိုကြည့်ပြီး တီးတိုးပြောလျက်ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဘာပြောကြမလဲ၊သွင်တော့ အရင်တစ်ယောက်နဲ့ မဟုတ်တော့ဘူး။ ကြည့်စမ်း...ဒီတစ်ယောက်လည်း ချောတယ်နော်။ ဒါပေမဲ့ ပိုပြီး ချမ်းသာပုံရတယ်။ **Land Cruiser** လင်ခရူစာကြီးနဲ့။

စောကမ္ဘာသည် ကောင်မလေးများပြောမည့် စကားကို သူ့ဘာသာ တွေးကြည့်ပြီး သွင့်ကို အကဲခတ်နေပါသည်။

သွင်က ပတ်ဝန်းကျင်ကို တစ်စက်မှ ဂရုမစိုက်သော မျက်နှာပေးဖြင့် ဖြစ်နေသည်။ သူမသိသော တစ်ဖက်တွင် သွင်နှင့်ထိပ်တို့ ဘာတွေများ ပဋိပက္ခ ဖြစ်ထားကြသလဲ။

**"I can be you hero…baby…**

**I will stand by you forver… you can take my breath away…"**

စောကမ္ဘာက သီချင်းကို တိုးတိုးလိုက်ဆိုရင်း သွင် ဘာစပြောမလဲဆိုတာ စောင့်နေခဲ့သည်။ **Enrique Iglesia** အန်းရစ်ဂ် အစ်ဂလစ် ဆီးယား၏ သီချင်းကို သိပ်ကြိုက်လှသည် မဟုတ်ပေမယ့် ဒီတစ်ပုဒ် ကိုတော့ သူ သွင့်ရှေ့မှာ ဆိုပြချင်နေသည်။

ငါမင်းရဲ့ ဟီးရိုးတော့ ဖြစ်နိုင်ပါတယ်။ ဒါဆို သွင်က ဘာပြန်ပြောမလဲ။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သွားမှာလဲ...ကိုစောကမ္ဘာ"

"ကမ္ဘာဖြစ်ဖြစ် ကိုကမ္ဘာဖြစ်ဖြစ် ခေါ်ပါ...သွင်နှာမည်တွေ အများကြီး ခေါ်နေရမယ်"

"ကိုကမ္ဘာလို့ ခေါ်မယ်"

"အိုကေ"

"ဘယ်သွားမှာလဲ..."

"ပထမဆုံးက အဆောင်က (...)လမ်းမှာလေ၊ အဲဒီကို သွားမလို့...ဒီကဆို လမ်းသင့်တယ်...သွင့်ကို ကျွန်တော် သိထားတဲ့ လေးခု လိုက်ပြမယ်...သွင် ကြိုက်တာရွေးပေါ့၊ ပြောင်းဖို့ရွှေ့ဖို့ကို ကျွန်တော်ပဲ ကူညီပါ့မယ်...ကြိုပြောထား ပြီးပြီနော်...မငြင်းပါနဲ့"

"ကိုကမ္ဘာမပြောလည်း သွင်က သွင့်ကို လိုက်ကူညီပြောင်း ပေးဖို့ ပြောမလို့ပါပဲ"

သူတို့ အဆောင်တွေ တစ်ခုပြီးတစ်ခု လိုက်စုံစမ်းကြသည်။ လေးခုမှာ နှစ်ခုပဲ ရွေးခွင့်ရှိနေသည်။ ကျန်တဲ့နှစ်ခုက လူပြည့်နေ၍ ရဖို့ လမ်းမမြင်။ သွင်ကလည်း အဲဒီ ကျန်သောနှစ်ခုကိုသာ ကျော့ကျော့ နပ်နပ်ရွေးဖို့ ဆုံးဖြတ်သည်။


www.burmeseclassic.com

www.burmeseclassic.com


"အလုပ်သွားရင် အဆင်ပြေဖို့ မပြေဖို့ကို ကြည့်မနေတော့ပါဘူး...သွင်(...)လမ်းက တစ်ခုကိုပဲ ပိုသဘောကျတယ်၊ အဲဒါကို ရွေးလိုက်မယ်နော်...ကိုကမ္ဘာတို့အလုပ်က ကောင်မလေးတွေတောင် ရှိတယ်၊ ပြီးတော့ နေကြတာက ဆရာမတွေများတော့ ပိုပြီးကောင်းမယ်ထင်တယ်နော်"

"သွင့်သဘောပါ...သွင်နေကြည့်ပြီးမှ မကြိုက်လည်း ထပ်ပြောင်းပေါ့...အမှန်တော့ သွင့်ကို အကြံပေးချင်တာ..."

စောကမ္ဘာက ပြောပြီးမှ ပြန်တိတ်ဆိတ်နေသဖြင့် သွင်လှည့်ကြည့်ရင်း...

"ပြောပါ ရပါတယ်...သွင် ဘယ်လိုမှမထင်တတ်ပါဘူး"

"ဩော်...သွင့်အမျိုးတွေနဲ့ နီးနီးနားနားမှာ အခန်းလေးတစ်ခုပြန်ဝယ်ပြီး နေလို့ရတာပဲလို့ ပြောချင်တာပါ...ဟေမာတို့အိမ်နဲ့ နှစ်အိမ်ကျော်လောက်မှာ ကန်ထရိုက်တိုက်အသစ်လေးတစ်ခု ပြီးထားတယ်လေ၊ အခန်းကျယ်မဟုတ်ဘူး၊ အခန်းကျဉ်းတွေပဲ သွင်သာနေချင်ရင်ရတာပဲ...သွင့်အရင်အခန်းကိုရောင်း ဒီအခန်းလေးဝယ်နေ...အဆင်ပြေသားပဲ"

"အဲဒီတော့ ကြီးမေတို့က စိတ်ဆိုးမှာပေါ့၊ သူတို့အိမ်ကျယ်


www.burmeseclassic.com

www.burmeseclassic.com


ရဲ့သားနဲ့ လာတော့မနေဘဲ၊ သူတို့နားက အခန်းမှာ လာနေတယ်ဆိုပြီး စိတ်ဆိုးလိမ့်မယ်...မဖြစ်ပါဘူးလေ၊ သွင်အဆောင်မှာပဲ အရိုးထုတ်ရရင် ထုတ်ရပေါ့...အဲဒီလိုပဲ နေချင်တယ်"

ချစ်တဲ့သူနဲ့ လက်ထပ်ဖြစ်ရင်တော့ သွင်မနေရပါဘူး။ ဒါမှမဟုတ် သွင်က မချစ်နိုင်ပေမယ့်၊ သွင့်ကိုချစ်တဲ့ သွင့်အတွက် အားကိုးခွင့်ရှိတဲ့ ယောကျ်ားလေးတစ်ယောက်ကို (ဥပမာ...ကျွန်တော်ပေါ့)လက်ထပ်ရင်တော့ သွင်ဒီလို နေရမှာမဟုတ်ပါဘူး။

"နေ့လယ်စာ စားတဲ့အချိန်တောင် ကျော်သွားပြီ...သွင်မဆာဘူးလား"

"သိပ်တော့ မဆာပါဘူး... ကိုကမ္ဘာစားမယ်ဆိုရင်တော့ စားလေ"

"သွင်ရော"

"စားမှာပါ...ဒါပေမယ့် သိပ်အများကြီးတော့ မစားနိုင်ဘူးထင်တယ်"

"မနက်က ဘာစားထားလို့လဲ"

"ပေါင်မုန့်မီးကင်နှစ်ချပ်နဲ့ ကြက်ဥပြုတ်ဖရိုင်းရယ်၊ လက်


www.burmeseclassic.com

www.burmeseclassic.com


ဖက်ရည်ရယ်၊ လက်ဖက်ရည်က နှစ်ခွက်"

"ဟာ...တော်တော် သောက်တာပဲ"

"သွင်က လက်ဖက်ရည် ကော်ဖီ ကြိုက်တယ်လေ"

"ပေါင်မုန့်မီးကင်က ဆိုင်က ဝယ်စားတာလား"

"မဟုတ်ဘူး...သွင့်မှာ Toaster ရှိတယ်...မီးလာတဲ့နေ့ဆိုရင် ကင်တာပေါ့...မီးမလာတော့လည်း ဒီအတိုင်း အစိမ်းစားရင်စား...မစားရင်လည်း အပြင်က မုန့်ဝယ်စားတာပေါ့"

"အဖတ်မစားတာက အကြောင်းမဟုတ်ပါဘူး...လက်ဖက်ရည်တွေ အရမ်းသောက်ထားလို့ ရင်ခံပြီး ခုထိမဆာတာဖြစ်မယ်"

စောကမ္ဘာသည် သွင့်အတွက် ပူပူပင်ပင်အသံဖြင့် ပြောလိုက်သည်။ သွင်သည် မိဘလည်းမရှိ၍ အစားအသောက်ကို အချိန်မှန်မှန်စားဖို့ မစားဖို့လည်း ပြောမည့်သူမရှိရာ၊ ကလေးတစ်ယောက်လိုပင် ကြိုက်တာဆို ဖွတ်စားပြီး မကြိုက်တာဆို လုံးဝမစားသော ပုံစံမျိုးဖြစ်နေပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com


သွင်အဆောင်ပြောင်းတာကို ကိုထိပ်လုံးဝမသိလိုက်ချေ။ အဲဒီရက်တွေမှာ သွင်က သူနဲ့ ညနေ အလုပ်ပြန်လျှင် ဆုံသော်လည်း မပြောပါ။

နောက်တော့ သွင်လုပ်နေသောကုမ္ပဏီမှ အလုပ်ထွက်ပစ်လိုက်သည်။ အဲဒါလည်း ကိုထိပ် မသိလိုက်ရ။ မနက်မနက်တွေမှာ သွင့်ကို အလုပ်အတူသွားဖို့ လာမခေါ်ရလေရာ ညနေကျတော့ အလုပ်မှ အတူတူ ပြန်ဖို့ စောင့်နေကျနေရာတွင် သူသွားစောင့်နေခဲ့၏။

ခါတိုင်း နာရီဝက်အတွင်း ရောက်လာတတ်သော၊ ဒါမှမဟုတ် ချိန်းသောနေရာဟာ သွင့်ရုံးနဲ့သိပ်မဝေးလှ၍ သွင်က အမြဲလိုလို အရင်ရောက်နေကျဖြစ်တတ်သော ညနေတွင် သွင်ရောက်မလာလျှင် ထိပ်သည် စိတ်ပူလာပြီး တမျှော်မျှော် ဟိုတွေး သည်တွေ ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


နာရီဝက်ထက်ကျော်လာတော့ သူ လမ်းဘေး စတိုးဆိုင်မှ ဖုန်းမှတစ်ဆင့် သွင်တို့ ရုံးကို ဖုန်းလှမ်းဆက်၍ မေးပါသည်။

“တသွင်သွင်…အလုပ်က ထွက်သွားပါပြီ”

“ခင်ဗျာ…”

“အလုပ်ထွက်သွားပြီ…ဒါကြောင့် ဒီနေ့ကစပြီး အလုပ် မဆင်းတော့ဘူး”

ထိပ်သည် မမျှော်လင့်ဘဲ သိလိုက်ရသော အကြောင်းအရာကို အံ့သြပြီး ကြောင်နေသည်။ တစ်ဖက်မှ…

“ဒါပဲ…မဟုတ်လား၊ ဖုန်းချလိုက်မယ်…ကျွန်မက အိုဗာ တိုင်(**over time**)လုပ်နေလို့ ရုံးမှာလူကျန်တာ…နောက်မို့ ဒီအချိန်ဆက်ရင် ဘယ်သူမှ ရှိမှာ မဟုတ်တော့ဘူး”

“ခဏ…ခဏလေး နေပါဦးခင်ဗျာ…သူဘယ်အလုပ်ကို ပြောင်းသွားတာလဲ…သိလားခင်ဗျာ”

“အဲဒါတော့…မသိဘူး၊ သူက အလုပ်မထွက်ခင် နှစ်ပတ် ကြိုပြီး ပြောထားပြီးသားဆိုတော့ သူ့မှာ တခြားအလုပ်ရဖို့ အခွင့်အလမ်းရှိလို့ ထွက်တာဖြစ်မှာပေါ့”

ထိပ်သည် ဒီလောက်သိခွင့်ရလိုက်တာနှင့်ပင် သွင့်ကို ပပျောက် ဖြစ်သွားပါသည်။


www.burmeseclassic.com

www.burmeseclassic.com


နှစ်ပတ်ကြိုပြီး ခွင့်တောင်းထားလျက်သားနဲ့...ဒီရက်ပိုင်းတွေမှာ ညနေ အလုပ်ဆင်းတိုင်း သူတို့တွေ့လျက်သားနဲ့ သွင်...ဘာကြောင့် သူ့ကို မပြောသလဲ။

ထိပ်သည် တွေဝေစွာပင် ဘတ်စ်ကားဂိတ်ကို လျှောက်လာပါသည်။

သွင့်ဆီ သွားမေးချင်လာသည်။ အိမ်အပြန် နောက်ကျရင်လည်း နောက်ကျတော့ပေါ့။

"ကိုထိပ်ရေ..."

ခေါ်သံကြောင့် ထိပ်သည် ကားဂိတ်မရောက်ခင် လမ်းတစ်ဖက်မှ ပြန်လှည့်ကြည့်မိသည်။

"ဘယ်လာတာလဲ"

ရွက်နုသည် ထိပ်၏ရုံးမဟုတ်သောနေရာမှာ တွေ့ရ၍ အံ့သြပြီး မေးသည်။

"ဒီဘက်မှာ ကျွန်တော်နဲ့သွင်က အတူတူစောင့်ပြီး ပြန်နေကျလေ...ဒါကြောင့် သွင့်ကိုလာစောင့်တာ...ကျွန်တော့်ရုံးကနေ လမ်းတော့ လျှောက်လာရတာပေါ့"

"ဒါဖြင့် သွင်ရော"


www.burmeseclassic.com

www.burmeseclassic.com


"သွင်လား...အင်း...သူအလုပ်ထွက်သွားပြီဆိုတာ ကျွန်တော်အခုမှ သိရတယ်...သူ့အလုပ်ကို ဖုန်းဆက်ပြီး မေးလိုက်တာလေ...အဲဒါကြောင့်ကျွန်တော် အခုပဲ သူ့အဆောင်ကို သွားမေးမလို့ ကျွန်တော့်ကိုလည်း ဘာမှ မပြောထားဘူး"

ထိပ်သည် ရွက်နုနှင့်ရင်းနှီးနေပြီဖြစ်ရာ အမှန်အတိုင်း ပြောပြလိုက်ပါသည်။

"ဒါဆို ရွက်နု...လိုက်ပို့ပေးမယ်"

"ရွက်နု...သွားစရာရှိရင်သွားနော်...ကျွန်တော့်ကို တကူးတကကြီး..."

"ဩော်...အဲဒါ ပြောနေစရာလိုလို့လား...ကိုထိပ်ရယ်၊ ရွက်နုက ကိုထိပ်အတွက် သူစိမ်းတစ်ယောက် ဖြစ်နေပြီလား"

ထိပ် ဘာမှမပြောဘဲ ငြိမ်သွားပါသည်။ သွင့်အပေါ်ထားသော အချစ်...။ ရွက်နုအပေါ်မှာ ဖြစ်ပေါ်လာသော သံယောဇဉ်။

အဲဒီနှစ်ခုကြားမှာ ထိပ်ဟာ တွေဝေလို့ ကောင်းနေဆဲ။

တစ်ခါတလေမှာ သာယာယစ်မူးမိခဲ့တဲ့အခြေအနေတွေ ရှိပေ


www.burmeseclassic.com

www.burmeseclassic.com


မယ့်၊ သူ…ခုထိတိုင် သွင့်ကိုတော့ ချစ်နေသေးသည်။ သွင့်ကိုလည်း လက်တွဲမဖြုတ်နိုင်။ ဒီမိန်းကလေး၏ သိတတ်သော စိတ်သဘောနှင့် အလိုက်သိတတ်မှုကိုလည်း လျစ်လျူမရှုနိုင်။

"ကိုထိပ်…"

"ဟင်…"

"အကယ်၍ပေါ့လေ…သွင့်ကို လက်ထပ်မယ်ဆိုရင် ရွက်နု က ကိုထိပ်ရဲ့ ဘယ်လိုနေရာမျိုးမှာ ရှိနေမလဲ"

"ဘယ်လို မေးတာလဲ ရွက်နု"

"ရွက်နုတို့ သံယောဇဉ်တွေ ရှိနေကြတယ်ဆိုတာ ကိုထိပ် မမေ့ပါဘူးနော်…ရွက်နုအပေါ် သာယာလို့ထားတဲ့ သံယော ဇဉ်ပဲဖြစ်ဖြစ်၊ အဲဒါလေးကိုတော့ အိပ်မက် မဖြစ်ချင်ပါဘူး"

"ရွက်နုရယ်…"

ထိပ်သည် ရွက်နုက ရက်ရွံ့ရွံ့မျက်နှာလေးနှင့် ခပ်တိုးတိုး ပြောနေဟန်ကိုမြင်ကာ…သူ ရွက်နု၏ ကားမောင်းနေသော လက် တစ်ဖက်၏ လက်ဖမိုးကို အသာငုံ့၍ နှုတ်ခမ်းဖြင့် ထိလိုက်မိသည်။

အချစ်ဆိုတာ ပြောင်းလဲလို့တော့ မရပေမယ့်၊ ဒီမိန်းကလေးကို


www.burmeseclassic.com

www.burmeseclassic.com


လည်း ရင်ထဲမှာ နေရာတစ်နေရာပေးချင်နေပြန်သည်မှာ ထိပ်အတွက် ရင်မောစရာ ဖြစ်နေပါသည်။

သွင်နေသော အဆောင်ကိုရောက်တော့ သွင် ဒီမှာ မနေတော့ ဘူးဆိုတာ ထပ်၍ သိရပြန်သည်။

"ဘယ်ပြောင်းသွားတယ်ရယ်လို့တော့ အသေအချာ မပြော ဘူး...သူ့ကို လာခေါ်ပေးတာ...သူ့ပစ္စည်းတွေ ကူရွှေ့ပေး တာကိုတော့ ကောင်လေးတစ်ယောက် လာကူပေးတာတွေ့ တယ်"

"ဟုတ်လား..."

"**4WD** နဲ့ပဲ ရုပ်ချောချောလေး...ဘယ်သူလဲဆိုတာတော့ သူက ဘာမှ မိတ်ဆက်မပေးလို့ မသိရဘူး၊ ဒါပေမဲ့ အဲဒီ မပြောင်းခင် ရက်ပိုင်းတော့ သူတို့ ခဏခဏတွဲပြီး အပြင် ထွက်ကြတာ တွေ့တယ်"

ထိပ်သည် ရုတ်တရက်တော့ ဒေါသဖြစ်သွားပါသည်။

အဲဒါ ဘယ်ကောင်ဖြစ်နိုင်မလဲ။

ငါ့ကိုလည်း ဘာမှ အသိမပေးဘဲ၊ အဲဒီကောင်ရဲ့ အကူအညီ ကို ယူနေတဲ့အထိ သွင့်ဘဝမှာ အရေးပါနေပြီလား။


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည် စောကမ္ဘာဟူသော အမည်နာမတစ်ခုကို ဖျတ်ခနဲ သတိရလိုက်၏။ ဒီကောင်များ ဖြစ်နေမလား။ စောကမ္ဘာဟာ **four wheel drive (4WD)**တော့ စီးတာတွေ့တယ်။ ရုပ်ကလည်း ချော တယ်။

သူတို့ ဘယ်အချိန်မှာ ဘယ်လို ဆက်စပ်ပြီး ဒီလောက်ထိ ရင်းနှီးသွားသလဲ။

ထိပ်သည် တွေဝေပြီး ရွက်နုကိုပင် စကားပြန်မပြောနိုင်ဘဲ၊ ရွက်နုနံဘေးမှ ပါလာခဲ့ပါသည်။

**"I'm not a gril... not yet a woman... all I need is love..."**

ရွက်နုက တိတ်ဆိတ်နေတာကို မနေတတ်သလိုဖြင့် **CD** ခလုတ်ကို နှိပ်လိုက်ရာ... **Briteny Spears**၏ သီချင်းသံလေးက ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

သွင့်ကို သတိရနေသော စိတ်တွေက ရွက်နုထံ ပြန်ရောက်လာ သည်။

ထိပ် စကား စပြောလိုက်ပါသည်။

"သူ...ဘယ်ပြောင်းသွားတာလဲ မသိဘူး၊ သူ...ဘာဖြစ် သွားတာလဲ မသိဘူး၊ ရွက်နုရာ...၊ ရွက်နုရော ဘယ်လို ထင်လဲ"


www.burmeseclassic.com

www.burmeseclassic.com


"သွင်က သူ့ကိုယ်သူ ကောင်မလေးတစ်ယောက်လည်း မဟုတ်တော့ဘူး...ဒါပေမဲ့ မိန်းမကြီးတစ်ယောက်လည်း မဟုတ်သေးဘူး...သူလိုချင်တာ အချစ်ပဲလို့ ပြောချင်တာ ထင်တယ်"

"အချစ်ကို...လိုချင်တယ်...ဟုတ်လား၊ ကျွန်တော်နဲ့သူက ချစ်သူတွေပဲ...ဘာကြောင့် အချစ်ကို လိုချင်တယ်လို့ ရွက်နုက ထင်ရသလဲ"

"သွင်က ကိုထိပ်နဲ့ ရွက်နုတို့ကို တွေ့ရင်တွေ့မယ်...ဟို အကြောင်း ဒီအကြောင်း သတင်းနည်းနည်းကြားရင်ကြား မယ်...ဒါကြောင့် သူလည်း သူ့ကို အချစ်ထပ်ပေးမယ့်သူကို ရှာပြီး အဲဒီလူကို အားကိုးသွားတာ ဖြစ်မှာပေါ့"

"မဟုတ်သေးဘူး...မဟုတ်နိုင်သေးပါဘူး ရွက်နုရယ်"

ထိပ်သည် သူ့လက်ဖဝါးနှစ်ဖက်ထဲ သူ့မျက်နှာကို ထည့်မြှုပ် ထားပြီး ကြံရာမရ ဖြစ်နေခဲ့ပါသည်။

အခြေအနေတွေ ဘာမှ မလွန်သေးရင်တော့ သွင့်ကို သူပြန် လိုချင်နေတာတော့ အမှန်ပဲ။

* * *


www.burmeseclassic.com

www.burmeseclassic.com


အဲဒီရက်ကစပြီး ထိပ်သည် သွင်ဘယ်မှာရှိနိုင်မလဲ ဆိုတာကို ရသမျှ လိုက်စုံစမ်းပါသည်။

မေပျိုကလည်း

"ငါ...လုံးဝဘာမှ သိရတာမဟုတ်ဘူး...သူက သိပ်လျှို့ ဝှက်တယ်ဟဲ့"

ဟု စိတ်တိုသလို ပြောသည်။

"သူ အဆောင်ပြောင်းမယ်ဆိုတာလည်း ကြိုသိတယ်၊ အလုပ် ထွက်မယ်ဆိုတာလည်း သိတာပဲ...ငါက နင်သိမယ်ထင်လို့ ဘာဖြစ်လို့လဲဆိုတာ ဘယ်မေးမိမလဲ...နင့်ဆီက သိရရင် ငါတို့လည်း သိမှာပဲဆိုပြီး မမေးထားလိုက်မိဘူး"

ဟု၍ နန္ဒာကတော့ စိတ်ရှည်လက်ရှည် ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


သူနဲ့အတူ ရွက်နုပါ ပါလာသည်ကိုတော့ မေပျိုနှင့် နန္ဒာက အရေးမစိုက်သလို၊ မအံ့ဩသလို၊ မစပ်စုချင်သလို ပုံစံနှင့် ဘာမှ မမေးဘဲနေနေခဲ့သည်။ ထိုသို့သောအမူအရာကို သူကတော့ ယောကျ်ား လေးမို့ မဖမ်းမိပေမယ့် ရွက်နုကတော့ ချက်ချင်းရိပ်မိပြီး...

သူတို့က ရွက်နုနဲ့ ကိုထိပ် တွဲတွေ့တာကို မထူးဆန်းသလို နဲ့ဟု ထိပ်ကို ပြောပါသည်။

"ဘာဖြစ်လို့လဲ ရွက်နု..."

"ဘာမှမဖြစ်ပါဘူး...သူတို့က ရွက်နုနဲ့ ကိုထိပ် တွဲတွေ့ရ မယ်လို့ ကြိုမှန်းဆထားနိုင်တာဟာ မထူးဆန်းဘူးလား... သူတို့နဲ့ သွင်ဟာ အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ သူတို့ သိရင် သွင်လည်း သိရမယ်လို့ ကိုထိပ် မမှန်းမိဘူးလား"

"အင်း..."

"သွင်...ကိုထိပ်ကို စိတ်ကောက်လို့ ဒီလိုလုပ်သွားတာပါ"

ရွက်နုက ပုစ္ဆာကို ဖြေရှင်းပေးသလို လေသံဖြင့် ထိပ်ကို ပြောပါသည်။

ထိပ်သည် ထိုသောအခါ သွင်ဘယ်လိုလုပ်သိသလဲဟု ပဟေဠိ ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ကျတော့ သူသည်မေပျို့ထံ တစ်ယောက်တည်း ထပ်သွားကာ စောကမ္ဘာ၏ ရုံးခန်းဖုံးနံပါတ်ကို တောင်းပါသည်။

"ဘာဖြစ်လို့တောင်းတာလဲ"

"သွင်နေတဲ့ နေရာကို သူသိမယ်ထင်လို့..."

"ဟဲ့...ဘယ်လိုတွေလဲ"

"သိပ်တော့ မသေချာဘူးလေ၊ ငါလည်း လိုအပ်မှ ဒီကောင့်ကိုမေးမှာပါ...မလိုအပ်ရင်တော့ ဖုန်းမဆက်ပါဘူး၊ လိုရမယ်ရ တောင်းထားတာ"

မေပျိုက မထင်မှတ်ထားသော သတင်းမို့ အံ့ဩနေသည်။ သို့သော် ဖုန်းနံပါတ်ကိုတော့ ရှာပေးလိုက်ပါသည်။ ငါတောင် အလုပ်လျှောက်တုန်းကမို့ သိမ်းထားတာ။ မလိုအပ်ရင် လွှင့်ပစ်တော့မလို့တောင် စဉ်းစားနေတာဟုလည်း ပြောလိုက်သေးသည်။

ထို့နောက် စောကမ္ဘာ၏ ကုမ္ပဏီရုံးခန်း လိပ်စာနှင့် ဖုန်းနံပါတ် **Hand Phone** နံပါတ်များပါသော **Visiting Card** ကို ထိပ်အား ပေးလိုက်ပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


(၈)

နှစ်ပတ်မျှ ခရီးထွက်ရာမှ ပြန်လာသော စောကမ္ဘာကို တွေ့ချင်သူနှစ်ဦးရှိကြောင်း ပြန်သိရလျှင် စောကမ္ဘာသည် သူ့အတွက် အရေးပါမည့် သူကိုသာ အရင်ဆုံး ဆက်သွယ်ပါသည်။

အဆောင်မှ ဖုန်းကိုပင် သူလှမ်းဆက်လိုက်၏။

"တသွင်သွင်နဲ့ စကားပြောချင်လို့ပါ...စောကမ္ဘာလို့ ပြောပေးပါခင်ဗျာ"

သူ ပြည့်စုံစွာ ပြောလိုက်ပါသည်။ တအောင့်လောက်စောင့်ရပြီးမှ သွင်လာကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကိုကမ္ဘာ...”

“သွင်လား...ကျွန်တော့်ရုံးခန်းကို ဖုန်းဆက်ထားတယ်ဆိုလို့”

“ပြန်ရောက်တာ ကြာပြီလား”

“မကြာသေးဘူး၊ ညကမှ ရောက်တာ...မနက်ကျ ရုံးခန်းဘက် ခဏလာတော့ သတင်းရတာ”

“ကိုကမ္ဘာကို စကားပြောစရာရှိလို့...”

“ကျွန်တော် အခုလာခဲ့ရမလား”

“အားရင်တော့ လာခဲ့ပါ...ဒါပေမယ့် သိပ်အရေးတကြီးတော့ မဟုတ်ပါဘူး”

“ဒါပေမဲ့ ကျွန်တော်လာခဲ့ပါမယ်... သွင် လိုအပ်နေတဲ့ အချိန်မှာ ကျွန်တော် ရှိသင့်တယ်လေ”

စောကမ္ဘာသည် ပြောလည်းပြော...‘ဘိုင့်...ဘိုင့်’ဟု နှုတ်ဆက်ကာ ဖုန်းချလိုက်သည်။ သွင်ရှိသော အဆောင်ကိုရောက်တော့ သွင်က သူ့ကို ကြိုစောင့်နေပါသည်။

သွင်သည် ကော်ဖီရောင် ဖျော့ဖျော့ ဖြောင့်ဝမ်းဆက် ဝတ်စုံနှင့် ဖြစ်သည်။ သွင်က ရုပ်အလှကြီး မဟုတ်ပေမယ့် သူ့ဘာသာတော့



www.burmeseclassic.com

www.burmeseclassic.com


ချစ်စရာကောင်းလျက် ကြည့်ကောင်းလေရာ သွင့်ကို အမှုမဲ့အမှတ်မဲ့ ဖြစ်မိစရာမရှိသော ရုပ်ရည်မျိုးလေး ဖြစ်သည်။

သို့သော သူ ကောင်မလေးကို ချစ်တာဟာ ချောတာလှတာ နှင့် မဆိုင်ပါ။

ဘာကြောင့်ရယ်မသိ စတွေ့တွေ့ချင်းမှာ ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားပြီး အဲဒီထဲကစ၍ တစိမ့်စိမ့် ချစ်လာမိတာပဲ ဖြစ်ပါသည်။

"သွင်...ဘယ်သွားမလဲ"

"ကိုကမ္ဘာသွားတဲ့နေရာကို လိုက်မယ်"

"အိုကေ..."

သွင်နဲ့ စောကမ္ဘာထွက်သွားတော့ အဆောင်မှာ တချို့တလေ ရှိနေသော အလုပ်မသွားသေးသလား၊ ကျောင်းမသွားသေးသလား မသိရသော မိန်းကလေးတချို့က ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

လက်ဖက်ရည်၊ ကော်ဖီ၊ အအေး စသည်များရသော ဆိုင် လေးတစ်ဆိုင်မှာ အတူတူဝင်ထိုင် ဖြစ်ကြပါသည်။

"ကိုကမ္ဘာ...ခရီးသွားရတာ ပျော်ရဲ့လား"

"ပျော်တယ်ရယ်လည်း မဟုတ်ပါဘူး...ညှော်သည်တွေကို ပို့စရာလည်း ရှိပြီး...သူတို့က ကိုယ်မပါရင် မဖြစ်ဘူးဆိုလို့


www.burmeseclassic.com

www.burmeseclassic.com


လိုက်ပို့ရတာလေ...အလုပ်သဘောလည်းပါတော့...မပျော်ဘူးပေါ့၊ အင်း...ဒါပေမဲ့ ဒေသရှုခင်းလေးတွေက အေးချမ်းပြီး သာယာတော့ စိတ်တော့ ကြည်နူးရတာပေါ့...ပြီးတော့ စိတ်ကူးတွေဘာတွေ ယဉ်လိုက်မိသေးတယ်"

"ဘာလဲဟင် သွင့်ကိုပြောပြမလား"

"သြော်...ကျွန်တော်သာ လက်ထပ်ပြီး ဟန်းနီးမွန်းထွက်ရင် ဒီဘက်လာမယ်လို့ တောင်ကြီး၊ အင်းလေးဘက်လေ...သိပ်နေလို့ကောင်းတဲ့ရာသီဥတုနဲ့ ရှုခင်းတွေနဲ့..."

လက်ထပ်ရမယ့်သူ ရှိနေပြီလားလို့ သွင်မမေးတော့ပါ။ သူက ကိုယ့်အပေါ် တွယ်ငြိနေတာလည်း သိနေတယ်။ သိပ်အရင်းအနှီးကြီး မဟုတ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကို ဂရုတစိုက် လာကူညီနေတာဟာ ဘာကြောင့် ဖြစ်မလဲ။

အဲဒီ မေးခွန်းဟာ သိပ်ဦးနှောက်ခြောက်စရာ ကောင်းလှသော မေးခွန်းမျိုး မဟုတ်၍ သွင့်တွင် အဖြေရှိပြီးသားပင်။

"သွင် ဘာတွေ ပြောစရာရှိလို့လဲ"

"အင်း...ဒီလိုပါ... သွင်တော့ တခြားတစ်နေရာရာကို ပြောင်းမှ ဖြစ်မယ်ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"သွင့်သဘောလေ"

"ဘာဖြစ်လို့လဲလို့...မမေးဘူးလား"

"သွင်...မဖြေချင်မှာ စိုးလို့ပါ"

"မေးရင်...ဖြေမှာပေါ့"

"ကဲ...ဒါဖြင့် မေးပါတယ်...သွင့်မှာ ဘာ အခက်အခဲ ရှိလို့လဲ"

သွင်က စားပွဲပေါ်က နက်စ်ကဖီး **Blend 43** ကော်ဖီတွေ ရှိနေသော ကော်ဖီခွက်ကိုင်းလေးကို ဘာရယ်မဟုတ် လက်ညှိုးထိပ်မှ လက်သည်းလေးဖြင့် အသာထိရင်း ဖြည်းဖြည်းလေး ပြောပါသည်။

"ကိုကမ္ဘာတို့ အလုပ်မှာလုပ်တဲ့ ဝန်ထမ်းကောင်မလေးတွေက သွင့်ကို အထင်မှားကြတယ်"

"ဘာတွေထင်လို့လဲ"

"ဟို သွင်က သွင်ကလေ ကိုကမ္ဘာနဲ့ တစ်မျိုးတစ်မည်ပေါ့၊ အဲဒီလိုထင်ကြတယ်၊ လူသိမခံချင်လို့ ပေါ်ပေါ်ထင်ထင် မထားတာပေါ့၊ ဒါကြောင့် အဆောင်တစ်ခုမှာ ထားတယ်၊ အပြင်ထွက်ဖို့ ခေါ်လာတယ်...အဲဒါမျိုးတွေထင်ပြီး ပြောကြတယ်နဲ့ တူပါရဲ့လေ...သွင့်ကို အဆောင်ကလူတွေက


www.burmeseclassic.com

www.burmeseclassic.com


သိပ် အရေးမလုပ်ကြဘူး။ အရောမဝင်ချင်သလိုလို...ဘာ လိုလိုနဲ့ သွင်ကပဲ မကောင်းတဲ့မိန်းမ ဖြစ်နေသလိုကြီးနဲ့လေ။ တစ်ခါတလေ ကြီးမေတို့အိမ်မှာ တစ်ညလောက်များ သွား အိပ်ဖို့ ကိုကမ္ဘာကပဲ လာခေါ်ခိုင်းတော့လေ သွင်ကပဲ အထုပ် တွေ ပြင်ဆင်ပြီး လိုက်သွားတော့ ပြန်လာတဲ့နေ့ဆို သူတို့ မျက်နှာတွေက တစ်မျိုးကြီးပဲ...အဲဒါ..."

"ရပြီ...ရပြီ...သွင်...သွင်ဒီလောက်ပြောရင် ကျွန်တော် နားလည်ပါပြီ...အမှန်တော့ ကျွန်တော် အဲဒီကောင်မလေး တွေကို သွင်နဲ့ကျွန်တော် အမျိုးတော်တယ်...ဘာညာ... ပြောထားလိုက်မိဖို့ သင့်တယ်"

"သွင်က သွင့်ဘာသာ အလုပ်လည်းမလုပ်တော့ဘဲ၊ အဆောင် မှာပဲအခန်းကောင်းတစ်ခန်းယူပြီး သီးသန့်နေတယ်...ပစ္စည်း ပစ္စယလည်း စုံတယ်... ပိုက်ဆံသုံးနိုင်တယ်... ဆိုတော့ အထင်ခံရတာပေါ့"

"ဩော်...ဒါကတော့ လောကကြီးထဲမှာ ရှိနေတဲ့ အဖြစ် အပျက်တွေဆိုတော့ ဖြစ်တတ်ပါတယ်လေ...ဆောရီးသွင် ရယ် ကျွန်တော် အဲဒီလိုကြားရတာ စိတ်မကောင်းပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


"သွင်ဘာလုပ်ရမလဲ"

"သွင်ပဲ တခြားပြောင်းမယ်ဆို"

"တခြားပြောင်းရင်လည်း အဲဒီလိုပဲ ပြောမလားမသိဘူး၊ ဟိုအဆောင်တုန်းကတော့ ကြီးမေကိုယ်တိုင် လိုက်ပြောပြီး အပ်ပေးတော့...ပြီးတော့လေ ပြောင်းတုန်းကလည်း သူငယ်ချင်း တစ်အုပ်စုလုံးက ဝိုင်းကူပေးကြတော့ ဘာမှ အထင်မခံရဘူး..."

ကောင်မလေးတော့ သူ့ချစ်သူဆီ စိတ်လည်ပြီး သတိရနေပြီထင်တယ်။ အားငယ်လာရင် လူတွေဟာ ကိုယ့်စိတ်နှလုံးနဲ့ အနီးစပ်ဆုံးဖြစ်တဲ့သူကို သတိရတတ်ကြတယ်။

ဝမ်းနည်းစရာကောင်းတာက အဲဒီလူဟာ ငါမဟုတ်ဘူးပဲ။ စောကမှာသည် သွင့်ကို ချစ်စိတ်ဖြင့် သွင့်စိတ်တွေ တစ်ဖက်လူဆီပြန်လည်မသွားစေချင်သော ဆန္ဒတွေဖြင့် ရှုးသွပ်နေပါသည်။

"သွင်... ကိုကမှာပြောသလို ကြီးမေတို့နဲ့ပဲ သည်းခံပြီးနေရင် ကောင်မလား၊ ဒါမှမဟုတ် နောက်တစ်ခါ အဆောင်ပြောင်းခဲ့ရင် သွင့်ဘာသာပဲ တစ်ယောက်တည်း ပြောင်းမယ်၊


www.burmeseclassic.com

www.burmeseclassic.com


ကိုကမ္ဘာလည်း လာမတွေ့ဘဲနေရင် ကောင်းမလားလို့လည်း စဉ်းစားတယ်”

ထိုအခါ စောကမ္ဘာ တိုးတိုးလေး ရယ်လိုက်၏။

“မလုပ်ပါနဲ့...သွင်ရဲ့၊ ကျွန်တော် သွင့်ကို မတွေ့ရဘဲ၊ မနေနိုင်တော့ဘူး”

ရုတ်တရက် သွင့်ကို ဖွင့်ပြောမိတော့မလို ဖြစ်သွားသည်။ ပြီးမှ မထူးတော့ပါဘူးဟု ဆုံးဖြတ်ပြီး...

“သွင်သာ လိုအပ်မယ်ဆိုရင် ကျွန်တော် သွင့်အနားမှာ တစ်သက်လုံး နေခွင့်ရချင်တယ်၊ ကျွန်တော်က သွင့်ကို...”

သွင်က...သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။ စောကမ္ဘာသည် သွင့်မျက်ဝန်းထဲကို စိုက်ကြည့်လိုက်၏။

**“I can be your hero......”**

သူက ထိုစကားကို လေသံသဲ့သဲ့လေး ပြောလိုက်သည်။ သွင် ပြုံးလည်း မပြုံး။ တည်လည်း မတည်ပါ။ သွင် တစ်နေရာရာကို ငေးသွားသည်။

“သွင့်ကို ကျွန်တော်...ချစ်တယ်”

သွင်က တဒင်္ဂမှာ ကိုထိပ်ကို သတိရသွားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


သွင့်ကို သူ ရည်းစားစကားပြောတုန်းက ဟူသော ပြကွက်ကလေးတစ်ကွက်ကို သွင် သတိရလိုက်မိပါသည်။

*　*　*


www.burmeseclassic.com

www.burmeseclassic.com


အဲဒီတုန်းက သွင်သည် ကိုထိပ်ကို သွင်ညက ဖွားကြည့်လာသော ဗီဒီယိုအကြောင်း ပြောပြနေဆဲဖြစ်သည်။ (ထိုစဉ်က မေမေမဆုံးသေး။ မေမေ့မှာ ကင်ဆာ စဖြစ်နေပြီဆိုတာတောင် မသိသေးရာ သွင်က မေမေနဲ့ အတူတူနေရသေးသည်။)

ကိုထိပ်ကတော့ အကြံနဲ့မို့ သွင်ပြောသော ရုပ်ရှင်ကားကို စိတ်မဝင်စားဘဲ သွင့်မျက်နှာကို တကြည့်ကြည့် အကဲခတ်ရင်း ခေါင်းသာ စွတ်ညိတ်နေသည်။

"ငါက ဂျူလီယာရောဘတ်စ်ကို အဲဒီ့ကားမှာ မကြိုက်ပါဘူး၊ အမြင်တောင်ကပ်သေးတယ်...သူ့ အချစ်ဆုံးသူငယ်ချင်းကောင်လေးကို တခြားကောင်မလေးနဲ့ မယူစေချင်တာလေ...ကိုယ်တိုင်ကျတော့ လက်ထပ်ဖို့တောင် စဉ်းစား


www.burmeseclassic.com

www.burmeseclassic.com


ထားတဲ့ ရည်စားရှိတာပဲ... အဲ့ဒီလို တစ်ဖက်သတ်ကြီး ဘာမှမဆိုင်ဘဲ မနာလို အူတိုကတော့ မကောင်းပါဘူး၊ ငါက **Drama**ကားလေးတွေ ကြိုက်လို့သာ ကြည့်ရတာ၊ တစ်စက်မှ သဘောမကျဘူး..."

သွင်က ပါးစပ်ထဲက အမြုပ်ပင်ထွက်မတတ် ရုပ်ရှင်ကားကို အားရပါးရ ပြောနေပါသည်။

"နေဦး...သွင်ရဲ့၊ နင်ပြောနေတာ ဘာကားလဲ"

"**My Best Friend's Wedding** လေ ဟယ် ကိုထိပ်ရယ် နင်ဘယ်လိုဖြစ်တာလဲ၊ ငါက နင့်ကို ပြောထားပြီးသားဆိုတော့...ဘာကားလဲဆိုတာသိလို့ နားထောင်နေတယ်ထင်လို့"

"သွင်..."

"ဘာလဲ"

"ငါ...မေးမလို့"

"မေး...ဟဲ့ ဟိုကောင်တွေလဲ ရောက်မလာကြသေးဘူးနော်...ကြာလိုက်တာ၊ ငါတောင် လက်ဖက်ရည်နှစ်ခွက် ကုန်သွားပြီပြီ"



www.burmeseclassic.com

www.burmeseclassic.com


"သွင်...တကယ်လို့ ငါသာ တခြားကောင်မလေးနဲ့ လက်ထပ်ရမယ်ဆိုရင် နင်ရော အဲဒီလို မနာလိုတိုရှည်ဖြစ်ပြီး လိုက်ဖျက်မှာလား"

"ဘာဆိုင်လဲ... ငါက အဲဒီလောက် စိတ်မပုပ်ပါဘူး၊ သံယောဇဉ်ရှိတာက ရှိတာပဲ၊ ဒါပေမဲ့ ကိုယ့်သူငယ်ချင်း လင်ကောင်းသားကောင်း...အဲလေ...မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲ...ကောင်းရာမွန်ရာပေါ့၊ အေး...အဲဒါမျိုးဖြစ်သွားရင် ဝမ်းသာမှာပဲ...ငါကတောင် အင်တိုက်အားတိုက် လိုက်ကူညီဦးမယ်"

"သွင်ရာ...ငါက နင့်ကို...ဟို...နင့်ကိုပဲ လက်ထပ်ချင်တာပါ..."

"ဟယ်...ဘာရယ်"

"ငါ...နင့်ကိုချစ်တယ်...သွင်၊ ချစ်နေတာ ကြာပြီ...ငယ်ငယ်ကတည်းက..."

သွင်သည် ကြက်သီးမွေးညင်းလေးတွေထသွားပြီး ခြေဖျားလက်ဖျားတွေ ရုတ်ချည်းအေးစက်သွားသည်။ ပြီးတော့ ရင်တွေလည်း ခုန်သည်။ ကိုထိပ် ကိုယ့်ကို သဘောကျနေသလို ဖြစ်နေနိုး သိ


www.burmeseclassic.com

www.burmeseclassic.com


ပေမယ့် ဒီလို ပြောလာလိမ့်မယ်။ ပြောရဲလိမ့်မယ်လို့ မထင်မိပါပေ။ သွင်က…လူကဲခတ်ညံ့လေသည်။

အင်း…အဲဒီနေ့က သူ့ကို **My Best Friend's Wedding** ရုပ်ရှင်ကားအကြောင်းပြောနေတုန်း သူက ဆက်စပ်ပြီး ရည်စားစကား ပြောတာ ဒါ နိမိတ်လား။

တစ်နေ့ကျရင် ကိုထိပ်ရဲ့ မင်္ဂလာပွဲကို သွင်က အချစ်ဆုံး သူငယ်ချင်းတစ်ယောက် အနေနဲ့ အဖိတ်ခံရမှာလား။

"သွင်…"

သွင်သည် မျက်နှာချင်းဆိုင်ထိုင်နေသော စောကမ္ဘာ၏ ခေါ်သံကြားမှ ပြန်အသက်ဝင်လာသလို ဖြစ်လာသည်။

"သွင်…ဘာတွေ တွေးသွားတာလဲ"

"အင်း…ဒီလိုပါပဲ"

"သွင့်ကို…ချစ်တယ်လို့ပြောတာကို သွင်စိတ်ဆိုးမိသလား"

"ဘာကြောင့် စိတ်ဆိုးရမှာလဲ"

"သြော်…ကျွန်တော်က ခင်ခင်မင်မင်နဲ့ အကူအညီပေးတာကို အခွင့်ကောင်းယူပြီး ပြောလိုက်တယ်ထင်မှာ စိုးရိမ်လို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"သွင် အဲဒီလို မထင်တတ်ပါဘူး…သွင်ကတောင် ရှင့်ကို ပြန်မေးရဦးမယ်"

"မေးလေ"

"သွင့်မှာ ချစ်သူရှိပြီးသားလေ…ဘာကြောင့် ကိုကမ္ဘာက ချစ်နေရသလဲ"

စောကမ္ဘာက သူသောက်နေသော **coffee chilled** အရည်တွင် တတ်ထားသည့် ပလတ်စတစ်ပိုက်တံကိုထုတ်ယူ၍ ချိုးလိုက်ရင်း ပြုံးနေသည်။

နောက်ပြီးမှ အေးအေးဆေးဆေးပင် ပြောပြပါသည်။

"သွင့်ကို ဂျာနယ်ဆိုင်မှာ စတွေ့ရကတည်းက ရင်ထဲမှာ တစ်မျိုးဖြစ်ပြီး ချစ်သွားတာ၊ ရည်းစားရှိနေမှန်းသိတော့လည်း အနှောင့်အယှက်မပေးဘဲ နေနေခဲ့ပေမယ့်၊ သွင့်ကိုတော့ ချစ်နေတာပဲ…ချစ်တဲ့ စိတ်က ပျောက်မသွားဘူး"

"အခုအချိန်မှာ ဘာကြောင့် ဖွင့်ပြောလာရသလဲ"

"ဘယ်လိုသဘောမှ မဟုတ်ပါဘူး…ရုတ်တရက် ပြောမိသွားတယ်…ဒါပေမဲ့ ကျွန်တော် အပြစ်မရှိဘူးလို့ ထင်ပါတယ်…သွင့်မှာ ချစ်သူရှိတာပဲ…ယောက်ျားရှိတာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com


တာ၊ ကျွန်တော့်ကို လက်ခံဖို့၊ လက်မခံဖို့ထက် သွင်သိစေချင်လို့ ပြောတာပါ”

သွင်က အလိုလိုပင် မျက်ရည်လေးတွေ ဝိုင်းလာပြီး ငြိမ်သွားသည်။

“သွင်တို့နှစ်ယောက် သိပ်ချစ်ကြတယ်ဆိုတာ ကျွန်တော် မှန်းဆလို့ရပါတယ်...ဒါပေမဲ့ ကျွန်တော် သွင့်ကို လက်ထပ်ပြီး စောင့်ရှောက်ချင်တယ်...သွင့်မှာ အခုလို စိတ်ညစ်စရာ အခက်အခဲတွေ ရင်ဆိုင်လာရတိုင်း သွင့်ကို အားပေးခွင့်၊ ဖေးမခွင့်ရချင်တယ်... အကယ်၍ပေါ့... အဟား... ကျွန်တော့်ကို လက်ထပ်မယ်ဆိုရင်ပေါ့...သွင်က ကျွန်တော့်ကို ချစ်တာ မချစ်တာကိုလည်း မမျှော်လင့်ပါဘူးလေ၊ ဒါပေမဲ့ ကျွန်တော်နဲ့သာ လက်ထပ်ရင် ကျွန်တော့်လောက် ဒီလောကမှာ ပျော်တဲ့လူ ရှိမယ်မထင်ဘူး”

သွင်သည် ဒီအကြောင်းတွေ ကိုထိပ်ကို ပြေးပြောချင်သည်။ သို့သော် စောကမ္ဘာကို စိတ်ဆိုး၍တော့ မဟုတ်။ သွင်ဘာလုပ်ရမလဲ ဆိုတာ ဝေခွဲလို့မရပါ။

သွင့်မှာ စိတ်ပင်ပန်း နွမ်းနယ်ရတဲ့ ရက်တွေ များနေပြီလေ။


www.burmeseclassic.com

www.burmeseclassic.com


သင့်ကို လက်တွဲဖေးမနိုင်မယ့် တစ်ယောက်ယောက်ရဲ့ ပခုံးမှာ မှီပြီး ခဏလေးတော့ စိတ်အပန်းဖြေခွင့် ရချင်နေတာပါ။

*  *  *


www.burmeseclassic.com

www.burmeseclassic.com


ရွက်နုက ဘယ်ကဘယ်လို စုံစမ်းပြီး ရလာသည်မသိ။ သွင်ပြောင်းနေသော အဆောင်ကို သိလာသည်။

ထိပ်သည် မဆိုင်းမတွပင် သွားဖို့ စိတ်လောတော့သည်။

"သားရဲ့...ဘယ်သွားမလို့လဲ...နေပါဦး...ဒီမှာ ရွက်နုက ခုလေးတင်ရောက်တာ၊ ထမင်းစားကြပါဦးလား"

မေမေက ထိပ် ဘယ်သွားမည်ကို မသိပေမယ့်၊ မကျေမနပ်ဖြစ်ပြီး တားနေသေးသည်။ သို့သော် ရွက်နုက အလိုက်သိစွာပင်...

"နေပါစေ အန်တီ...ကိုထိပ်သွားချင်တဲ့နေရာကို ရွက်နု အရင် လိုက်ပို့ပြီးမှ ပြန်လာမှပဲ ရွက်နုစားတော့မယ်...အခု ရွက်နုလည်း သိပ်မဆာသေးပါဘူး...မုန့်တွေစားလာတယ်"

"အေး...ဒါဖြင့် ဆက်ဆက်ပြန်လာစား...ဒီမှာ သမီးခံတွင်း


www.burmeseclassic.com

www.burmeseclassic.com


တွေ့တယ်ဆိုတဲ့ပုစွန်ချဉ်သုပ်လုပ်ထားတယ်...ဒန့်ဒလွန်ရွက်နဲ့ ရုံးပတီသီးဟင်းချိုရယ်၊ သားကြီးအကြိုက်က ကြက်သားဆီပြန်ရယ်...ရွက်နုပါ စားမယ်ဆိုရင် အန်တီ ဟင်းထပ်စီစဉ်လိုက်ဦးမယ်"

"ဟာ...နေ...နေ...အန်တီ ဒီလောက်နဲ့ပဲ စားလို့ကောင်းနေပါပြီ...ရွက်နုကြိုက်ပါတယ်...အန်တီဘာစားဦးမလဲ၊ ရွက်နုဝယ်ခဲ့မယ်၊ မိုင်လို ကျန်သေးလား...အိုရှုပ်ပါတယ်၊ ရွက်နုပဲ ဝင်ကြည့်တော့မယ်"

အမေက သူ့အပေါ်မှာ ရွက်နု ဂရုတစိုက်ရှိသည်ကို တပြုံးပြုံးဖြင့် ကြည်နူးနေသည်။ ရွက်နုသာ ငါ့ချွေးမလေးဖြစ်ရင်လို့ ရွက်နုပြန်သွားတိုင်း အမေ ပြောတော့မည်။

ထိပ်နဲ့ရွက်နုတို့ သံယောဇဉ်တစ်မျိုးဖြစ်ပြီး ရင်းနှီးကြတယ်ဆိုတာဟာ တစ်နည်းအားဖြင့် တိုက်တွန်းမှုကြောင့်လည်း ပါသည်။

ပြီးတော့ ထိပ်ကိုယ်တိုင်ကလည်း...။

ထိပ်သည် ချောမောလှပပြီး ချမ်းသာလွန်းသော မိန်းကလေးတစ်ယောက်နဲ့ တရင်းတနှီး ခင်မင်မိ၍ သူမအပေါ် စိတ်ယိုင်ချင်တာဟာ မမှားပါဘူးလို့ သူ့ကိုယ်သူ ထင်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သူ့နေရာမှာ တခြားတစ်ယောက်ဆိုလည်း ဒီလိုဖြစ်သွားမှာပဲ။ ချစ်တာနဲ့စိတ်ထဲမှာ သာယာမိတာဟာ တခြားတော့ တခြားစီပဲ။ ဒါပေမယ့် ရှင်းပြရခက်တယ်။

သွင့်ကို ချစ်တယ်။ ဒါပေမယ့် သွင်နဲ့အတူတူ ရှိရတဲ့အချိန်က နည်းပြီး ရွက်နုနဲ့တွေ့ဖြစ်တဲ့အချိန်ကပိုများလာတော့ အနေနီးတဲ့အပေါ် စိတ်ပိုတိမ်းညွတ်မိတာဟာ မဆန်းလှပါဘူး။

ထိပ်သည် သူ့အပေါ် အစစအရာရာ အလိုက်သိပြီး ဒေါသနဲ့ အတ္တမာန်မာနတွေနည်းလှသော ရွက်နုကိုငေးရင်း စိတ်ထဲတွင် သနား လာကာ သူ့ကိုယ်သူ ပြောလိုက်မိပါသည်။

ထိုသောအခါ သူသည် ခုနက သွင့်ဆီ ချက်ချင်းထသွားလို စိတ်တွေ မရှိတော့သလိုဖြစ်ပြီး အေးဆေးစွာ ပြန်ထိုင်နေမိပြန်သည်။

ရွက်နုရောက်လာတော့...

"လာလေ...ကိုထိပ်...သွားရအောင်"

ဟု တည်ငြိမ်သော အပြုံးဖြင့် ပြောသည်။

"ကျွန်တော် မသွားသင့်ဘူး ထင်တယ်... အထူးသဖြင့် ရွက်နုကို လိုက်မပို့ခိုင်းသင့်ပါဘူး"

"ကိုထိပ်ရယ်..."


www.burmeseclassic.com

www.burmeseclassic.com


"နောက်မှ ကိုယ့်ဘာသာ သွားလိုက်ပါ့မယ်...ဒီနေ့ ရွက်နု လာတာဟာ ကျွန်တော်တို့အိမ်ကို လာလည်တာပဲ... ကျွန်တော်သွားချင်တဲ့ နေရာကို လိုက်မပို့ခိုင်းတော့ဘူး"

"ရွက်နု လိုက်ပို့ချင်ပါတယ်"

"ကျွန်တော် သွင့်ကို တွေ့ရင် ဘာစကားတွေ ပြောရမလဲ ဆိုတာ အဆင်သင့် မဖြစ်သေးဘူး"

"ကိုထိပ်...စိတ်ချမ်းသာသလိုပြောပါ...ရွက်နုလက်ခံတယ်... ကိုထိပ်အနားမှာ ရွက်နု အမြဲရှိနေတယ်ဆိုတာဟာ ဘာမှ မျှော်လင့်လို့ မဟုတ်ပါဘူး...ရွက်နုက...အင်း...နေပါစေ တော့ မပြောတော့ပါဘူးလေ"

ထိပ်သည် သက်ပြင်းတွေ စွတ်ချနေမိသည်။ သွင့်ကို ချစ်တော့ ချစ်တာပဲ။ ဒါပေမဲ့ လောလောဆယ် သွင့်ကို လက်ထပ်မလား ဆုံးဖြတ်ပါဆိုရင် သူ မဆုံးဖြတ်ရဲပါ။

အမေပြောသလိုပဲ...။ သွင်နဲ့ဆိုရင် ဘဝက နည်းနည်းလေး တော့ အသက်ရှူချောင်သွားပေမယ့် ဒီ့ထက်ပိုမြင့်စရာတော့ သိပ်မမြင်။

ကိုယ်ပိုင်ကားကြီးစီးဖို့၊ သိန်းထောင်နဲ့ချီပြီး ချမ်းသာဖို့ ဆိုတာ တွေက အိပ်မက်မက်လို့ ကောင်းတာပဲရှိမည်။


www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ရွက်နုကိုသာ လက်ထပ်ရမယ်ဆိုရင် ယိမ်းယိုင်တိမ်းညွတ်နေသော သံယောဇဉ်တစ်ခုတည်းနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ပြီး လက်ထပ်ရဲလေသည်။

ရွက်နုတို့ မောင်နှမက မိဘမဆုံးခင်ကတည်းက စာချုပ်စာတမ်းနှင့် အမွေရပြီးသားဆိုတာတွေ၊ တိုက်ဘယ်နှစ်လုံးဆိုတာတွေ၊ ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်ချင်ရင်တောင် ဖြစ်နိုင်မယ့် အခြေအနေတွေ။ အဲဒါတွေ သူအကုန်သိထားပြီးသားဖြစ်ရာ ရွက်နုကို ဘာမှလက်မထပ်ရဲစရာမရှိ။ သူ မလိုချင်သော နံ့ချာပြီး စိတ်ပျက်စရာကောင်းတဲ့ဘဝကိုလည်း မျက်စောင်းထိုးပြီး ကြည့်စရာမလိုတော့၊ အဲဒါတွေကိုလည်း သူမက်မောနေပြန်သည်။

ဘယ်သူမဆို သည်လိုဘဝမျိုးကို မက်မောကြမှာပဲ၊ တပ်မက်ကြမှာပဲ၊ မလိုချင်ဘူးဆိုတာ ဘယ်သူ့ဆီမှာမှ ရှိမှာမဟုတ်ဘူး။ ကိုယ်မရနိုင်လို့သာ ဒါတွေ မလိုချင်ပါဘူးလို့ မလိုချင်ပါဘူးလို့ ဟစ်ကြွေးနေတာ၊ အသံကောင်းဟစ်နေတာ။

ထိပ်သည် သူ့ဆင်ခြေနဲ့သူ စိတ်ချမ်းသာနေလေရာ သွင့်ကိုနောက်တော့မှပဲ သွားတွေ့မည်ဟု စိတ်ဒုန်းဒုန်းချလို့ ရသွားပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိပ်သည် ကားသော့လေးကိုင်ပြီး ရပ်နေဆဲဖြစ်သော ရွက်နု၏ လက်ချောင်းလေးတွေကို လှမ်းဆုပ်ကိုင်လိုက်ပါသည်။

"လာ...ထိုင်...ကျွန်တော် ဒီနေ့ ဘယ်မှ မသွားတော့ဘူး လို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမယ့် ရွက်နု ဈေးသွားမယ်... **Blazon** သွားမယ်ဆိုရင်တော့ လိုက်ရလိမ့်မယ်"

ရွက်နု၏ မျက်လုံးလေးတွေ မျက်ရည်ကြည်လဲ့သွားကာ လှစ်ကနဲ ပြုံးသွားခဲ့ပါသည်။

*　*　*


www.burmeseclassic.com

www.burmeseclassic.com


(၉)

"သား...မောင်ထိပ်...မဟုတ်လား"

ထိပ်သည် အဆောင်မှ ထွက်ထွက်ချင်း နောက်မှ လှမ်းခေါ်လိုက်သံကြောင့် ခြေလှမ်းတွေ ရပ်တန့်သွား၏။

အသံကို မရင်းနှီးလှသော်လည်း သူ့အမည်ကို တိုက်ရိုက် တရင်းတနှီးခေါ်သံကတော့ တစ်ဖက်လူ၏ ရင်းနှီးမှုကို ပြနေပါသည်။

"မှတ်မိလား..."

"ဆရာမ...ဟို...ဆရာမ ဒေါ်မြင့်သူလား မသိဘူး"

"ဟုတ်တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ...ဆရာမ နေကောင်းလား...မတွေ့တာတောင် ကြာပြီနော်...အခု ဆရာဘယ်မှာလဲ"

"အခုထိ သင်္ချာဆရာမ လုပ်နေတုန်းပါပဲ...ကျူရှင်ကြီးတွေတော့ မပြတော့ဘူး...ဝိုင်းကျူရှင်တွေပဲ လိုက်ပြတော့တယ်ကွယ်...အထက်တန်းကျောင်းအလုပ်ကတော့ ထွက်လိုက်ပြီ"

ထိုဆရာမကတော့ ထိပ်၏ သင်္ချာကျူရှင်ဆရာမ ဖြစ်လေသည်။ ထိပ်တို့ သူငယ်ချင်းတွေမှာ အထက်တန်းကျောင်းသားဘဝမှာတုန်းကတော့ ကျူရှင်သိပ်မတူကြပါ။ ထိုဆရာမကို ထိပ်သိသော်လည်း သွင်တော့ မသိပါ။ ဆရာမကလည်း သွင့်ကို မသိနိုင်ပါ။

"ဆရာမ...ဒီအဆောင်မှာ နေတာလား"

"ဟုတ်တယ်"

"ကြာပြီလား...မသိဘူး"

"ကြာပြီပေါ့...သုံးနှစ်လောက်တောင် ရှိတော့မယ်...ဒါနဲ့ သားက ဘယ်သူ့ဆီလာတာလဲ"

"သူငယ်ချင်းတစ်ယောက် ဒီမှာနေတယ်ဆိုလို့ လာစုံစမ်းတာ၊ သူက အခုမရှိတော့ဘူး...ပြောင်းသွားပြီတဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ...တသွင်သွင်ဆိုတဲ့ ကောင်မလေးများလား ...ခု တလောမှ ဝင်လာတာ မကြာသေးဘူး ...ပြန်ပြောင်းသွား တာလေ"

"ဟုတ်တယ်... ဟုတ်တယ်... တသွင်သွင်ပဲ ဆရာမ... သူဘယ်ပြောင်းသွားလဲဆိုတာ ဆရာမ သိများသိမလား ခင်ဗျာ"

"သားနဲ့ သူငယ်ချင်းလား ...ဘယ်လိုပတ်သက်လို့လဲ ... ဒီလိုမေးတာ စိတ်မရှိနဲ့နော်...ဆရာမက သူ့ Character လေးကို သိပ်သဘောမတွေ့လို့ပါ ...ဒါကြောင့် သားနဲ့ဘယ် လိုပဲ ပတ်သက်ပတ်သက်ပေါ့ ...သားသိအောင် သတိပေး ချင်လို့"

ထိပ်သည် ခေါင်းက ဆံပင်မွေးတွေ ထောင်သွားသလို ခံစား လိုက်ရပါသည်။

သွင့်ကိုတဲ့ ...။

သွင်က Character မကောင်းဘူးတဲ့၊ ဘယ်လိုဖြစ်တာလဲ။ ဘာ့ကြောင့် ဒီလိုအပြောခံရတာလဲ။

သွင်ဟာ အနေအထိုင် တည်ငြိမ်ပြီး သူစိမ်းတွေနဲ့လည်း သိပ်


www.burmeseclassic.com

www.burmeseclassic.com


မရောနှောတတ်ဘူး။ သဘောကောင်းပြီး လက်လွယ်လို့ သူ့ဆီက သူများတွေ အချေးအငှားလုပ်လွန်း၊ ချေးပြီး အကြွေးပြန်တောင်းရမှာ ကြောက်လို့ အကြွေးဆုံးရလွန်းလို့ အေမလေးပေါ့။

သွင့်မှာ ဘယ်လိုအကွက်ကများ **Character** မကောင်းဘူးလို့ ထောက်ပြစရာ ရှိသွားသလဲ။

"ဟဲ့...မောင်ထိပ်...အံမယ်လေးကွယ်၊ တွေးသွားလိုက်တာ...ဘယ်လိုဖြစ်ရတာလဲ"

"ရုတ်တရက် ကြားလိုက်ရတော့ အံ့သြသွားလို့ပါ...သူက တော်တော်လေး အနေအထိုင်တည်တာပဲ၊ ဘာဖြစ်လို့များလဲ ဆရာမ"

"မသိဘူးကွဲ့...ကောင်မလေးတွေ ပြောသံကြားတာပဲ... လူတစ်ယောက်ရဲ့ အပျော်မယားလိုလို ပြောကြတယ်"

"ခင်ဗျာ...

ထိပ်သည် ဒီစကားကို ပိုပြီး ရှော့ခ်ဖြစ်ရလေသည်။

"အဲဒီလူက...တော်တော်ကြီးကို ချမ်းသာပုံပါပဲ...ကောင်မလေးပြောင်းလာတော့...သူ့ကားနဲ့ပဲပြောင်းလာတာ...ဆရာမလည်း တွေ့လိုက်သားပဲ...ပြီးတော့ လာလာခေါ်သွားတယ်၊


www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတလေ ညအိပ်ညနေ ပါသွားတာတောင် ရှိတယ်ကွဲ့၊ သူက ဘာအလုပ်မှလည်း မလုပ်ဘဲ၊ သီးသန့် ဈေးအကြီးဆုံးအခန်းမှာ ငှားနေနိုင်တယ်...ပစ္စည်းတွေများ ဆိုတာကွယ် ပြည့်စုံလိုက်တာ...ပေါင်မုန့်မီးကင်စက်တို့ ရေနွေးအိုးကျိုတဲ့ **Kettle** တို့၊ ရီချာ့ချ်အေဘယ်လ်လိုက်တ်စ်ကလည်း အကောင်းစား၊ မီးပူဘာညာပေါ့ အစုံပဲရှိတယ်၊ ရေသန့်ကို သူ့ဘာသာ ပုံးလိုက်မှာသောက်တယ်”

ဒါတွေ အရင်ကတည်းက သွင်လုပ်နေကြပဲ။ အဲဒါတွေ သုံးနိုင်တာဟာ သံသယဖြစ်စရာ မဟုတ်ပါ။ ထိပ်အတွက် ဒီလိုကြားရတာ သိပ်မအံ့သြခဲ့ပါ။ သွင်က မိဘအမွေအနှစ် အသင့်အတင့်လေးနဲ့မို့ သုံးနိုင်စွဲနိုင်နေတာမှန်း ထိပ်သိပါသည်။

“ရေချိုးတဲ့ ဆပ်ပြာက အခဲမဟုတ်ဘူးတဲ့...**shower gel** ဆိုလား သုံးသတဲ့၊ နိုင်ငံခြားဖြစ်တွေချည်းသုံးတာ၊ ရေမွှေးက ဘယ်နှစ်သောင်းတန်တဲ့...အေးလေ...ဆရာမတို့က လူကြီးတွေဆိုတော့ မသိပါဘူး...ရွယ်တူကောင်မလေးတွေက သူ့ဆီက သွားငှားသုံးကြပြီး ကွယ်ရာကျတော့ အကောင်းမပြောကြပါဘူး...သူဌေးလေးရဲ့ အပျော်မယားမို့ ပိုက်ဆံသုံးနိုင်


www.burmeseclassic.com

www.burmeseclassic.com


တာပေါ့လေ၊ လူသိမခံချင်လို့ နာမည်ကြီး သန့်တဲ့အဆောင်မှာ လာနေခိုင်းတာ ဖြစ်လိမ့်မယ်လို့တော့ ထင်တယ်… ဆရာမလည်း အစကတော့ ကောင်မလေးချင်း မနာလိုလို့ ပြောတယ် ထင်မိတာပါ၊ နောက်တော့လည်း မယုံလို့မရတော့ဘူး…အဲဒီ သူဌေးကောင်လေးကားနဲ့ ပါပါသွားတာ၊ ညအိပ်ညနေတောင်ဆိုတော့ ဒီခေတ်ကြီးထဲမှာကလည်း ဒီလိုမျိုးတွေရှိနေတာဆိုတော့ ယုံလာတယ်”

ထိပ်သည် တခြားပြောသမျှကို အဆန်းတကြယ်မဖြစ်ပေမယ့်၊ သွင့်ကို လာလာခေါ်သော သူဌေးလေးဆိုတာ မည်သူနည်းဟု တွေးနေပါသည်။

ဘယ်လိုမှ အဖြေထုတ်လို့ကို မရခဲ့။

သွင့်မှာ သူကလွဲရင် တွဲစရာ ဘယ်ယောက်ျားမှ မရှိခဲ့သည်ဖြစ်ရာ ဒီစကားက အင်မတန်မှ ထူးဆန်းနေပါသည်။

သို့သော်…သူက ဟိုကောင်များလားဟု တွေးနေခဲ့မိသည်။

“ဆရာမ……အဲဒီ သူဌေးလေးဆိုတာ ဘယ်လိုပုံစံမျိုးလဲ… သိလားခင်ဗျာ”

“ခပ်ချောချောပဲ…သားတို့အရွယ်မျိုးပဲ…Land Cruiser


www.burmeseclassic.com

www.burmeseclassic.com


စီးလိုက် **Mark II** စီးလိုက်ပဲ...သြော်...နေဦး သတိရပြီ၊ ဟိုကွယ်...ဘာတဲ့ (...)ကုမ္ပဏီကတဲ့...ပိုင်ရှင်လို့ပြောတယ်၊ အဲဒီကုမ္ပဏီက ဝန်ထမ်းကောင်မလေးတွေ ကိုယ်တိုင်က ပြောတာပဲ...၊ သူတို့ သူဌေးလေးရဲ့ တိတ်တိတ်ပုန်းတဲ့..."

"ဟင်..."

"သား...သိလို့လား"

"သူ့နာမည်က စောကမ္ဘာထင်တယ်"

"ဟုတ်မှာပေါ့...ဆရာမတော့ နာမည်မသိပါဘူး...ဆရာမလည်း အဲဒါမျိုး ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်လို့ကွယ်၊ တသွင်သွင်ကို မျက်နှာချင်းဆိုင်ဆုံရင် ပြုံးပြရမှာတောင် ဝန်လေးပြီး သိပ်မခေါ်မပြောဖြစ်ပါဘူး"

"သူက...အဲဒီလို စရိုက်မရှိပါဘူး...သူက ကျွန်တော့် သူငယ်ချင်းပါ"

"အေးလေ...သားမယုံရင်လည်း မယုံသလိုပဲ ထားထားလိုက်ပေါ့...ဒါပေမယ့် ဆရာမကတော့ ဝတ္တရားအရ ကိုယ့်တပည့်ရင်းချာမို့ တတ်နိုင်သလောက် သတိပေးရတာကွယ်"

ထိပ်သည် ဇဝေဇဝါဖြစ်၍ ငေးနေမိသည်။


www.burmeseclassic.com

www.burmeseclassic.com


သူတို့မဆုံဖြစ်ကြသော လပိုင်းလေးအတွင်းမှာ သွင်က အဲဒါမျိုးတွေ ပြောင်းလဲသွားနိုင်သလား။

သွင် ဒီလိုမလုပ်ဘူး။

ထိပ် အဲဒီစကားကို ရေရွတ်ကြည့်သည်။ သို့သော် အသိစိတ်မှာသာ ပဲ့တင်ထပ်နေပြီး မသိစိတ်ကတော့ လက်မခံပါ။

ဘယ်ဟုတ်မလဲ...လုပ်ရင်လုပ်နိုင်တာပဲ။ ငါတောင်...။ ထိပ်သည် အဲဒီလိုဖျတ်ခနဲ အတွေးဝင်လာလျှင် သူ့ကိုယ်သူလန့်ပြီးအတွေးတွေကို ရပ်တန့်ပစ်လိုက်မိပါသည်။

ထိပ်သည် အဆောင်ထဲမှ ထွက်လာသောအခါ သွင့်ကိုအရင်ကထက်ပိုပြီး တွေ့ချင်စိတ်တွေ ဖြစ်လာပါသည်။

သွင့်ကို ထုတ်ပြောပြီး မေးလိုက်ချင်ပါသည်။

ဟုတ်နေရင်တော့ ဒီလိုမလုပ်သင့်ဘူး သွင်ရဲ့ဟု သူကဖျောင်းဖျရမှာလား။

အဲဒီလို ဖျောင်းဖျလို့ သွင်က မလုပ်တော့ပါဘူးဆိုကာ သူ့လက်ကို ပြန်တွဲလိုလာလျှင်...။

ဟင့်အင်း...မဟုတ်သေးဘူး။

သွင့်ကို ချစ်တော့ချစ်ပေမယ့် ကိုယ့်ရင်ခွင်ထဲကို ခြေဆွဲဆင်း


www.burmeseclassic.com

www.burmeseclassic.com


လာမယ့် ပန်းတစ်ပွင့်ဟာ အပြစ်အနာအဆာ ကင်းစေချင်တယ်။

ခက်တယ်...သွင်ရယ်။

ဘာတွေ ဖြစ်ကုန်တာလဲ။ လောကကြီးထဲမှာ ကိုယ်တို့နှစ်ယောက် လုံးဝ မမျှော်လင့်ခဲ့တဲ့ အနာဂတ်တစ်ခုတည်းကို ကိုယ်တို့နှစ်ယောက် ရောက်နေကြရပြီ။

* * *


www.burmeseclassic.com

www.burmeseclassic.com


စောကမ္ဘာကို တွေ့ဖို့ ထိပ် ဆုံးဖြတ်လိုက်ပါသည်။

သူ့ဖုန်းနံပါတ်ကို အရင်ကတည်းက မေပျို့ဆီက ရထားပြီး သားဖြစ်ပေမယ့်၊ ဆက်ရမှာ ဝန်လေးပြီး မဆက်ဖြစ်ခဲ့ပါ။

ရွက်နုက စုံစမ်းပြီး သိလာသော အဆောင်မှာလည်း သွင် မရှိတော့ဘူး။ သွင်နဲ့ပဲ ဘာလိုလိုတွေ သတင်းထွက်ပြီး ကျန်ရစ်ခဲ့ တယ်။

ဒါကြောင့် ငါ ဒီကောင့်ကို ဆက်သွယ်ပြီး ဖြေရှင်းမှ ဖြစ် တော့မယ်။

ရုံးခန်းဖုန်းကို ဆက်လိုက်တော့ စောကမ္ဘာမရှိကြောင်း ဖုန်း အော်ပရေတာ ဝန်ထမ်းကောင်မလေးမှ ပြန်ဖြေပါသည်။

"အရေးကြီးတယ်ဆိုရင် သူ့ရဲ့ **Hand Phone** ကို ဆက် လို့ရပါတယ်ရှင်...ဖုန်းနံပါတ် ပေးရမလား"

"နေပါစေ...ရတယ်၊ ကျွန်တော့်မှာ ရှိပါတယ်...သူဘယ် သွားနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com


"သူ့အမျိုး မင်္ဂလာဆောင်မှာ သွားကူညီနေရလို့ပါ"

ထိပ်သည် ထိုအကြောင်းအရာကို သိပ်စိတ်မဝင်စားဖြစ်ရာ ဘယ်မှာ၊ ဘယ်သူဘယ်ဝါဟု မမေးခဲ့မိတော့ပါ။

အကယ်၍များ မေးမိခဲ့ရင် အဲဒီနေရာမှာ သူ့ရဲ့သွင်ကလေးလည်း ရှိနေခဲ့မယ်ဆိုတာ သူ သိရပါလိမ့်မည်။

သို့သော် သူ မမေးဖြစ်ခဲ့ရာ သူတို့ချင်းတွေ့ဖို့ လွဲသွားရပြန်သည်။

ထိပ်သည် စောကမ္ဘာ၏ ဟန်းဖုန်းကိုပင် ထပ်ဆက်လိုက်ပါသည်။

ထိုအချိန်တွင် စောကမ္ဘာသည် မင်္ဂလာဆောင်ကျင်းပမည့် ဟိုတယ်ကြီးထဲတွင် ဟိုကူ ဒီကူနှင့် အလုပ်ရှုပ်နေပါသည်။

ပြီးတော့ အမျိုးသမီးအလှပြင်ခန်းထဲမှာအလှပြင်ဆင်ပြီး ဆံထုံးပုံ့ပုံ့လေးနှင့် လက်စွပ်ဘူးလေးတင်ထားသော ကလပ်လေးကိုကိုင်ကာ ဣန္ဒြေရရ လှလှပပ ထိုင်နေပြီဖြစ်သည့် သွင်ကိုလည်း မကြာခဏ ပြေး၍ ငေးရမောရ၊ သူ့ကိုယ်ပိုင် ဓာတ်ပုံကင်မရာ ဗီဒီယိုကင်မရာတွေနှင့် သွင့်တစ်ယောက်တည်းကိုပဲ ရွေး၍ ရိုက်ရနှင့် တော်တော်ပျော်ကာ တော်တော်လည်း အလုပ်ရှုပ်နေပါသည်။

ဖုန်းလာချိန်တွင် သူသည် သွင့်ကို ဓာတ်ပုံရိုက်ပြီးစဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


သူ မမြင်ဖူးသော ဖုန်းနံပါတ်ပေါ်လာသော ဟန်းဖုန်းကိုကြည့်ရင်း ဖုန်းကို လက်ခံပြီး စကားပြောလိုက်ပါသည်။

"ဟဲလို...စောကမှာ စကားပြောနေပါတယ်"

"ကျွန်တော်...ထိပ်ပါ"

"သြော်...ဟုတ်ကဲ့...ကျွန်တော် အဲဒီနာမည်ကို မှတ်မိပါတယ်...ပြောပါ ကျွန်တော် ဘာကူညီရမလဲ"

"ကျွန်တော် ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

"အိုကေ"

"ဘယ်တော့လောက် တွေ့ကြမလဲ"

"ရပါတယ်... မနက်ဖြန်ဆိုရင် အားပါတယ်...ဘယ်မှာတွေ့ချင်လဲ"

"**Cafe Latte** ကို လာခဲ့ပါ"

ထိပ်သည် ရွက်နုနှင့် ကြိမ်ဖန်များစွာ ရောက်နေကျဖြစ်သော ဆိုင်ကိုသာ ခေါင်းထဲမှာစဉ်းစားလို့ရသည်ဖြစ်ရာ ထိုဆိုင်ကိုပဲ ညွှန်းလိုက်မိပါသည်။

"ဟုတ်ပြီ...နေ့လယ် နှစ်နာရီပေါ့...ကျွန်တော် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ကျွန်တော်လည်း စောင့်နေမယ်...ဒါပဲ...ကျွန်တော် ဖုန်းချလိုက်ပြီ"

စောကမ္ဘာသည် ရှိခနဲ လေတစ်ချက်ချွန်ပြီး ခပ်ပြုံးပြုံးလေးဖြင့် ဖုန်းခလုတ်ကို နှိပ်လိုက်သည်။ ထိပ်ဟာ ဘာကြောင့် သူ့ကို စကားပြောချင်တာရှိမလဲ။ သွင့်ကြောင့်ပေါ့။

သွင်ကလေး...။

စောကမ္ဘာသည် သွင့်ဆီ ချက်ချင်း စိတ်ပြန်ရောက်သွားပါသည်။ သွင်က ဟိုငေး ဒီငေးလုပ်နေရာမှ သူ့ကို မျက်လုံးချင်းဆုံတော့ ပြုံးပြလေသည်။

အင်း...ဒီကိစ္စ သွင့်ကို မပြောဘူးကွာ...ဘာဖြစ်မလဲ၊ အခုဆိုရင် သွင်က ငါ့ဘက်ကို ရာခိုင်နှုန်း တော်တော်များများပါနေပြီ၊ ငါ ဘာကြောင့် လူမိုက်လုပ်ပြီး သွင့်ကို တခြားဘက်ပြန်ပို့တော့မလဲ။

သွင် မသိစေနဲ့။

သွင်မသိအောင် ဖုံးကွယ်ထားရလိမ့်မယ်။

အချစ်နဲ့ စစ်မှာ မတရားတာမရှိဘူးတဲ့ သွင်။

ကိုယ်ချစ်တဲ့သူကို ကိုယ်ပိုင်ဆိုင်ချင်တဲ့စိတ်ဟာAbnormal မဟုတ်ဘူး။ ဘာမှ လိပ်ပြာမလုံစရာမရှိဘူး။

* * *


www.burmeseclassic.com

www.burmeseclassic.com


စောကမ္ဘာ ဆိုင်ထဲဝင်လိုက်ချိန်တွင် ထိပ်သည်လည်း ဆိုင်ရှေ့ရောက်နေပြီဖြစ်သော အချိန်ဖြစ်သည်။

စောကမ္ဘာ၏ နောက်ကျောကို မြင်ပေမယ့် သူလှမ်းမခေါ်ခဲ့ပါ။

ထိုသူ့ဘာသာ ဝင်ထိုင်လိုက်သော စားပွဲကို သူနောက်က လိုက်ဝင်လာပြီး အသာရပ်ငေးနေရာ...

"ထိပ်...လာလေ ဒီမှာ ကျွန်တော် နေရာရွေးထားလိုက်တယ်"

ဟု စောကမ္ဘာက အရင်လှမ်းခေါ်ပါသည်။

ထိပ်ဝင်ထိုင်ပြီး မိမိကြိုက်ရာမှာပြီးမှ စကားစပြောဖို့ စဉ်းစားသည်။

"မတွေ့တာတောင် ကြာပြီ ထိပ်...အရင် ကုမ္ပဏီမှာပဲလား"


www.burmeseclassic.com

www.burmeseclassic.com


သူစ မပြောခင်မှာပင် စောကမ္ဘာက အရင်စကားစလေရာ ထိပ်သည် အပိုစကားတွေ မပြောချင်ပေမယ့် ပြန်ပြောလိုက်ရသည်။

"ဟုတ်တယ်…ကျွန်တော် လုပ်နေတဲ့နေရာမှာပါပဲ…လခ ကောင်းတော့ မထွက်ဖြစ်ပါဘူး"

"ကျွန်တော်က မိဘဝင်လုပ်ခိုင်းလို့သာ လုပ်ရတာဗျ… ကုမ္ပဏီအလုပ်ကို သိပ်ဝါသနာမပါလှဘူး"

"ခင်ဗျားက ဘယ်လိုအလုပ်မျိုး လုပ်ချင်လို့လဲ"

"**Music production** တစ်ခုပေါ့…လုပ်ကြည့်ချင်တယ်၊ ကိုယ်ပိုင်အသံသွင်း စတူဒီယိုလည်း ထောင်မယ်၊ စီးရီးစ်တွေ ထုတ်မယ်…ဗွီစီဒီတွေ ရိုက်ပြီးထုတ်မယ်…အဲဒါမျိုး သိပ် လုပ်ချင်တာဗျ…၊ စဉ်းစားတော့ စဉ်းစားနေတာပဲလေ ဖြစ် လာဖို့ များပါတယ်…ကျွန်တော်က ဖြစ်ချင်တာဆိုမဖြစ်မနေ လုပ်တတ်တဲ့ အကျင့်ရှိတယ်ဗျ"

စောကမ္ဘာသည် သူ့အထာနှင့်သူ ပြောနေမိပါသည်။ လိုချင် တာကိုလည်း ရအောင်ယူတတ်တယ်…လို့ ထိပ်ကို ပြောလိုက်ချင် သေးသည်။

"ကဲ…ကျွန်တော် တွေ့ချင်တဲ့ အကြောင်းကို ပြောရအောင် လား"


www.burmeseclassic.com

www.burmeseclassic.com


"ပြောပါ...ပြောပါ...ကျွန်တော်က ထိပ်ပြောတာကို နားထောင်ပေးဖို့ လာခဲ့တာပဲ...ဟုတ်တာပေါ့...ပြောရမှာပေါ့လေ"

ထိပ်သည် စောကမ္ဘာကို တစ်ချက်အကဲခတ်လိုက်ပါသည်။

သူဌေးဟု ဆိုသော်လည်း ယောကျ်ားပီသစွာ ဘာလက်ဝတ်ရတနာမှ မဝတ်ထားပါ။ လက်ပတ်နာရီတစ်လုံးသာရှိသောလက်ဖျံမှာ မွေးညင်းနုများဖြင့်။ လက်ချောင်းတွေက ပြည့်ဖောင်းကာ ခပ်သွယ်သွယ်နှင့် လှနေသည်။

သူကား ရွှေငွေဘာညာ မဝတ်ထားပေမယ့်၊ မြင်လိုက်တာနှင့် သူဌေးမှန်း သိသာနေသော ရုပ်ရည်ကို ပိုင်ဆိုင်သူပင်။

ထိပ်နှင့် စောကမ္ဘာကို ယှဉ်လျှင် ရုပ်ရည်ချောမော ပြေပြစ်ကြခြင်း ညီသော်လည်း ထိပ်ကား... နည်းနည်း နုတ်နေသည်။

ထိုသို့သော မသိမသာ ကွာခြားချက်လေးကို ထိပ်သည် သူ့စိတ်ထဲမှာ ခံစားလို့ရသွားကာ မနာလိုချင်သလိုဖြစ်လာသည်။

"သွင့်အကြောင်း ပြောချင်တယ်"

"ဩော်...ဩော်..."

"သွင်...အခု ဘယ်မှာနေလဲ"

"ဆောရီး...အဲဒါ ကျွန်တော် မသိဘူးဗျ၊ ကျွန်တော်သူ့ရဲ့


www.burmeseclassic.com

www.burmeseclassic.com


အရင်အဆောင်ကိုတော့ လိုက်ပြောင်းပေးဖူးတယ်...အခု ထပ်ပြောင်းတဲ့အဆောင်ကိုတော့...မသိပါဘူး"

"ခင်ဗျား...ကျွန်တော်တို့ ကြားထဲမှာ ဘာကြောင့် ဝင်ပါနေရသလဲ"

"မဟုတ်သေးဘူး...ထိပ်ရ...ကျွန်တော် ဝင်မပါပါဘူး၊ သွင်က အကူအညီတောင်းလို့ ကူညီတာပါ"

"ကျွန်တော်တို့ ခုထိ ချစ်သူတွေပဲ..."

"ဟုတ်မှာပေါ့... အဲဒါကို ကျွန်တော် ဘာမှ စောဒက မတက်ပါဘူး"

"ခင်ဗျား...ခင်ဗျား...ဘာကြောင့် သွင့်ကို..."

ထိပ်သည် ပြောရန် စကားလုံးရှာမရဖြစ်ကာ ဆို့နင်နေသည်။ တကယ်များဖြစ်ခဲ့ရင် ဟူသော အတွေးနဲ့ တကယ်သိလိုက်ရမှာ ကြောက်ရသည်။

"သွင့်ကို ဘာကြောင့် အပျော်တွဲရသလဲ"

စောကမ္ဘာက ပြုံးပြီး ပခုံးတွန့်သည်။ ဒီစကားကို သူ ဘာမှ မဖြေရှင်းတော့ပါ။ သူက ချော်လဲတာနှင့်အတူတူ ရောထိုင်လိုက်ဖို့ စိတ်ကူးနေသူပင်။



www.burmeseclassic.com

www.burmeseclassic.com


"သွင့်အကြောင်းတွေ ကျွန်တော်ကြားလာရတယ်...ခင်ဗျား သူ့ကို သွားထားတဲ့ အဆောင်မှာ သတင်းတွေပျံ့ပြီး ကျန်ခဲ့တယ်...အဲဒါတွေကို ကျွန်တော် မယုံချင်ဘူးဗျာ...သွင်က အဲဒီလို မိန်းကလေးမျိုး မဟုတ်ဘူး"

"အဲဒီလို ယုံကြည်တယ်ဆိုရင် ကျွန်တော့်ကို လာမမေးနဲ့ ထိပ်ရ...သွင့်ကို တွေ့အောင်ရှာပြီး ညှိနှိုင်းရုံပဲ"

ထိပ်သည် ဘာပြန်ပြောရမှန်းမသိဘဲ၊ ပါးစပ်ပိတ်သွားပါသည်။

သွင်နဲ့ တွေ့လို့ တကယ်ဟုတ်နေရင် ဟူသော အကြောင်းအရာကို ရင်မဆိုင်လို၍ စောကမ္ဘာဆီမှာ သတင်း အရင်စုံစမ်းလိုတာလည်း ဖြစ်ပါသည်။

"ခင်ဗျားက သွင် ဝန်ခံလိုက်မှာကို စိုးရိမ်နေတယ် မဟုတ်လား"

"..."

ထိပ် ရုတ်တရက် အံ့သြသွားပြီး သူများ၏စိတ်ကို ဖတ်နိုင်သော စောကမ္ဘာကို တစ်ချက်ပြန်ကြည့်လိုက်မိ၏။

"ကျွန်တော် သွင့်ကို ချစ်တယ်ဗျ..."

"ဘာ..."


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်...စတွေ့ကတည်းက ချစ်နေတာလေ...ကျွန်တော့်ဘက်က မမှားပါဘူး...ယောကျ်ားရှိတဲ့ မိန်းကလေးကို ချစ်တာမမှ မဟုတ်တာ၊ ရည်းစားရှိနေတဲ့ မိန်းကလေးကို ချစ်မိတာပဲ၊ သူတို့ ချစ်သူရည်းစားချင်း ကွဲရပါစေရဲ့ ဆိုပြီး ကျွန်တော် ဘာမှ မကြိုးစားခဲ့ဘူး၊ ဘာမှ အနှောင့်အယှက် မပေးခဲ့ဘူးလေ...ကျွန်တော့်ဘက်က ဘာမှ မမှားခဲ့ပါဘူး၊ ကျွန်တော် ချစ်မိတဲ့ မိန်းကလေးက သူ့ဘာသာ အဆင်မပြေမှုတွေ စိတ်ဆင်းရဲသောကရောက်ရမှုတွေ ကြုံလာတော့ ကျွန်တော့်ကို အားကိုးပြီး အကူအညီတောင်းတယ်၊ ကျွန်တော် အဲဒါကို မငြင်းရက်ဘူး...ဘာအကြောင်းကြောင့်မှလည်း ငြင်းစရာမရှိဘူးလေ...ဒါကြောင့် သူ စိတ်ချမ်းသာသမျှတွေဖြစ်အောင် ကျွန်တော် လိုက်လုပ်ပေးတယ်...သူ ဝမ်းနည်းပြီး ငိုချင်တဲ့အခါတိုင်း ကျွန်တော် ဖေးမပြီး အားပေးတယ်...သူ့အနားမှာ ကျွန်တော် အမြဲရပ်တည်တယ်...အဲဒါဘာမှားသလဲ"

ထိပ်သည် တကယ့်တကယ်တော့ သူက စကားပြောဖို့လာခဲ့ပေမယ့်...ဓောကမ္ဘာကချည်း စကားတွေ ဆက်တိုက်ပြောသွားလေရာ


www.burmeseclassic.com

www.burmeseclassic.com


ဘာမှ ပြန်မပြောနိုင်သည့် သူ့ကိုယ်သူပဲ ဒေါသတွေ ဖြစ်နေတော့သည်။

"ခင်ဗျားတို့ ဘယ်အခြေအနေထိအောင် ရင်းနှီးခဲ့ကြသလဲ"

"**Personal** နဲ့ဆိုင်တဲ့မေးခွန်းဗျ…မဖြေဘူး…ကျွန်တော် ဘာကြောင့် ဖြေရမှာလဲ"

"ဘာဗျ…"

"ဒေါသမကြီးနဲ့လေ ထိပ်ရဲ့…ဘာသတင်းတွေပဲ ကြားကြား…ခင်ဗျားစိတ်က အရေးအကြီးဆုံး မဟုတ်လား၊ ဒါတွေဟာ တကယ်ဖြစ်တယ်လို့ ခင်ဗျားစိတ်က လက်ခံရင် ဟုတ်တာပဲ…တကယ်မဖြစ်နိုင်ပါဘူးလို့ စိတ်ထဲမှာထားရင်လည်း ဟုတ်တာပဲဗျ…ကျွန်တော့်ကို အဲဒီထိ လာမမေးနဲ့လေ…ကျွန်တော် ဖြေနိုင်တဲ့ အတိုင်းအတာကို ကျော်သွားပြီ"

"မဖြစ်နိုင်ဘူးဗျာ…သွင်က ဘယ်တော့မှ ကျွန်တော်က လွဲရင် တခြားယောကျ်ားတစ်ယောက်ကို လက်ခံရမှာလဲ… သူချစ်တဲ့သူဟာ ကျွန်တော်တစ်ယောက်ပဲ ရှိတယ်"

"ဒါဆိုလဲ ပြီးတာပဲလေ…သွင့်ကိုတွေ့ပြီး ဖြေရှင်းလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့်...ခင်ဗျားက"

"အိုး...ကျွန်တော် ဘာမှ ဝင်မရှုပ်ပါဘူး...ကျွန်တော်က သွင့်ကို ဘေးကနေ အားပေးကူညီတဲ့လူပါ"

"တောက်..."

ထိပ်သည် သူလိုချင်သော စကားမျိုးမကြားရ၍ ဘာကို ဒေါသဖြစ်ရမှန်းမသိဖြစ်ကာ ဒေါသဖြစ်နေပါသည်။

မထိတထိ ပြုံးနေသော စောကမ္ဘာကို လက်သီးနှင့် ဆွဲထိုးပစ်ချင်သည်။

ဒါမှမဟုတ် သွင့်ကို ရအောင်စုံစမ်းပြီး တွေ့မေးချင်သည်။

ဘာကိုမှ ဂရုမစိုက်တော့ဘဲ သွင့်ကို လက်ထပ်ရမလား။

လက်ထပ်တယ်ပဲထားဦး...။ ကိုယ့်စိတ်က ရှင်းပါဦးမလား။ စောကမ္ဘာနဲ့ မတော်တဆဆုံရင် ပြုံးပြီး အကြည့်ခံရမယ့် ဒဏ်ကို ခံနိုင်ရည်ရှိပါ့မလား။

"သွင့်ကို တွေ့ရရင် ခင်ဗျား သူ့ကို လက်ထပ်တော့မယ်လို့ ပြောမှာလား"

စောကမ္ဘာ၏ မေးခွန်းက သူ့ကို များစွာ တုန်လှုပ်ချောက်ခြားသွားစေပါသည်။

ဒါ...ဘာမေးခွန်းလဲ။ ဘာသဘောလဲ။ ငါ့ကို နှားကျွမ်းစေချင်


www.burmeseclassic.com

www.burmeseclassic.com


တာလား။ သူ…သုံးပြီးသား အကျပစ္စည်းကို ငါ့လက်ထဲ ထိုးထည့်ချင်တဲ့ မေးခွန်းလား။

"အဲဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး…ကိုစောကမ္ဘာ"

"ကျွန်တော်ကတော့ သွင့်ကို သူ စိတ်ချမ်းသာတာတွေ ဖြစ်စေချင်တယ်"

"ဒါဖြင့် ခင်ဗျားကရော ဒီမိန်းကလေးတစ်ယောက်ရဲ့ ယုံကြည်အားကိုးမှုကို ဘာကြောင့် အခွင့်အကောင်းယူနေသလဲ၊ ခင်ဗျား ပေါ်ပေါ်ထင်ထင် လက်ထပ်ရဲရင် လက်ထပ်လိုက်ပါလား"

"ကျွန်တော်က လက်ထပ်ချင်ပါတယ်…သွင်က သူ့ချစ်သူကို စောင့်နေသေးလို့လေ…သွင်သာ ဒီနေ့ ခေါင်းညိတ်ရင် မနက်ဖြန် လက်ထပ်ဖို့ အဆင်သင့်ပဲ…ဘာမှ နောက်မတွန့်ပါဘူး"

ခင်ဗျားတို့ ဘယ်အခြေအနေထိ ဖြစ်သွားကြသလဲ။ ဘာကြောင့် သွင့်ကို ညအိပ်ညနေတွေ ခေါ်ခေါ်သွားရသလဲ။

ထိပ်သည် ထိုစကားကို ထုတ်မမေးဘဲ၊ စောကမ္ဘာ၏ မျက်ဝန်းထဲကိုပင် စိုက်ကြည့်နေခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုလူ၏ မျက်ဝန်းထဲတွင် လောကကြီးကို အနိုင်ရနေသော လူတစ်ယောက်၏ အရိပ်တွေ ပြည့်လျှံနေသည်။

ထိပ်သည် ဒီနေ့လာ စကားပြောလိုက်တာဟာ ကိုယ့်ကိုယ်ကို ရှုံးတယ်လို့ လာကြေညာလိုက်တာနဲ့ အတူတူပဲဟု တွေးလိုက်မိသည်။ သူကတော့ သူနိုင်သွားကြောင်း ကျေကျေနပ်နပ်ကြီး ခံစားပြလိုက်နိုင်တယ်။

ငါ…လာတွေ့ခဲ့တာ မှားသွားပြီ။

"ကျွန်တော်တို့ စကားပြောတဲ့ ခေါင်းစဉ်က သွင့်အတွက်ပဲ မဟုတ်လား…ပြီးပြီလား…ထိပ်…ပြီးရင် ကျွန်တော် ပြန်မယ်"

"ပြီးပြီ…"

"သြော်…ကျွန်တော် မသွားခင် ထပ်မေးပါရစေဦး…သွင့်ကို ခင်ဗျားလက်ထပ်မှာလား"

ထိပ်သည် ထိုအဖြေကို မဖြေရဲဘဲ၊ အတွင်း နှုတ်ခမ်းသားကို အသာ ဖိကိုက်ကာ ဒေါသကို မျိုချနေပါသည်။

သူ…မဖြေသောအခါ စောကမှာသည်…

"အိုကေ"


www.burmeseclassic.com

www.burmeseclassic.com


ဟု တစ်ချက်ပြောပြီး အမိပွာယ်ဖော်ရခက်သော အပြုံးဖြင့် နှုတ်ဆက်သွားပါသည်။

ထိပ်သည် စောကမ္ဘာထွက်သွားပြီးမှ လေးကန်သော ခြေလှမ်းတွေဖြင့် လျှောက်လာခဲ့မိသည်။

မိုးကောင်ကြီးတစ်ခုလုံး သူ့ခေါင်းပေါ် ပြိုကျလာသလိုပဲ ခံစားနေရသည်။ မယ်မယ်ရရ မရှိလှသော အတွေးတွေးဖြင့် လောကကြီးကို မုန်းနေမိပြန်သည်။

*　　*　　*


www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း(၄)

# နေခြည်သစ်နှင့် စတင်ခြင်း


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


(၁၀)

"သွင်..."

သွင့်လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ရင်း ခေါ်လိုက်သော အသံသည် ဘယ်အချိန်ကြားကြား မေ့လို့ရမည် မထင်သော အသံရှင်ပဲ ဖြစ်ပါသည်။

သွင်သည် ကိုယ်က စိတ်ကြိုက်ရှောင်ပုန်းခွင့် ရပြီးဖြစ်ရာ သူနဲ့ ပြန်ဆုံတော့လည်း ဘာမှ ထွက်ပြေးစရာ မရှိတော့ပါ။ သွင် ခပ်ဖြည်းဖြည်း နောက်လှည့်ကြည့်လိုက်ပါသည်။

"သွင်...ဘယ်ပျောက်နေတာလဲ"

မြင်ရသော မြင်ကွင်းကို သွင် ရင်မဆိုင်ချင်တော့သလိုဖြစ်ပြီး ခုနက ပြေလုလု စိတ်တွေ ပြန်လည် တင်းကျပ်လာပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သွင်က ရှင့်ကို တစ်ယောက်တည်း မြင်ရမယ် ထင်တာကို ထိပ်ရယ်...။

ကိုထိပ်နံဘေးမှာ...။

ပြီးတော့ သူ့လက်မောင်းကို ခပ်ရဲရဲ ပိုင်နိုင်စွာ ဆုပ်ကိုင်ထားသော...

လောကကြီးတစ်ခုလုံးကို ကျေနပ်ပျော်ရွှင်နေသောအပြုံးတစ်ခု၊ မျက်ဝန်းလဲ့လဲ့ တစ်စုံနှင့် ရွက်နုက မိမိကိုယ်ကို ယုံကြည်စိတ်ချပြီးသော ခြေလှမ်းတွေဖြင့် ရပ်တန့်နေသည်။

"သွင့်ကို ကိုယ် တော်တော်ကြာကြာလိုက်ရှာနေခဲ့တယ်... ရွက်နုကလည်း ကူရှာပေးတယ်"

"သြော်..."

"ကိုယ်... ကိုစောကမ္ဘာနဲ့တောင် စကားပြောဖြစ်သေးတယ်"

"သူ ပြန်ပြောတယ်"

"သွင် သိရက်သားနဲ့...ကိုယ့်ကို လာတွေ့ဖို့ သင့်တယ်"

"အို...သွင်က ပုန်းနေတဲ့လူပဲ...မတွေ့ချင်လို့ ရှောင်နေတဲ့လူပဲ...ဘာကြောင့် လာတွေ့ရမှာလဲ...ရှင် တွေ့အောင်ရှာသင့်တယ်"


www.burmeseclassic.com

www.burmeseclassic.com


သွင်သည် ဘေးမှာ ရွက်နုကို ထားပြီးတော့တောင် လိုက်ရှာခြင်း မရှာခြင်းကိစ္စတွေ သူကိုယ်တိုင် အရင်ပြောနေသဖြင့် သူမကပါ ဒီအကြောင်းကို ပြောရတော့သည်။

တကယ်တော့ သူ့ကို ဒီမိန်းမနဲ့တွဲတွေ့လိုက်ရကတည်းက သွင်ဘာမှ မပြောလိုတော့တာ အမှန်ပင်။

"ကဲ ...အခု...မတော်တဆ တွေ့ပြီလေ...သွင့်ကို တွေ့ရပြီ...ရှင် ဘာပြောစရာရှိလို့ လိုက်ရှာနေသလဲ...ပြောပါ"

"သွင်က ရုတ်တရက်ကြီး လမ်းခွဲသွားတာလေ"

"ဟား...ဟား...ဟား...သွင်ကတဲ့...သွင်က အရင်တဲ့... မဟုတ်တာတွေ ပြောမနေပါနဲ့တော့ ကိုထိပ်ရယ်...ရှင့်လက်မောင်းကို အားကိုးတကြီး ကိုင်ထားတဲ့ရွက်နုကို အားနာပါဦး...ပြီးတော့ ဘယ်သူက အရင်ဖောက်ပြန်ပါတယ် ဘာညာတွေလဲ...မစွပ်စွဲချင်တော့ပါဘူး...သွင် အားလုံးကို စိတ်ဖြတ်လိုက်ပြီးပြီ"

"ရွက်နုက ကိုထိပ်ကို ပြောပါတယ်...သူ့သဘောပါလို့... ဒါပေမဲ့ သူက သွင့်ကို စုံစမ်းနေရာက ဘယ်လိုဖြစ်တယ် မသိပါဘူး...ရွက်နုကို လက်ထပ်ခွင့်တောင်းတယ်လေ"

ထိပ်က ရွက်နု ခပ်တင်းတင်းဝင်ပြောတာကို မကြားပါ။


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပြီလေ...ဒါသူ့သဘောပဲ...သွင် နားလည်ပါတယ်... ရွက်နုကိုလည်း သွင့် စိတ်ထဲမှာ ဘယ်လိုမှ သဘောမထား ပါဘူး...သွင် အားလုံးကို ကျေနပ်တယ်...ဒီတော့ ရှင် ဘာကြောင့် သွင့်ကို အပြစ်ပုံချတာတွေ...လိုက်ရှာပါတယ် တွေ အပိုလုပ်ပြီးပြောနေတော့တာလဲ"

"သွင့် သတင်းတွေ ကြားရတော့ ကိုယ် စိတ်မကောင်းဖြစ် နေမိလို့ပါ...သွင့်ကိုလည်း အကြံပေးချင်လို့ပါ"

"သွင့်သတင်း...ဟုတ်လား...ဘာသတင်းလဲ"

ထိပ်သည် ပြောရမှာ အားနာနေပြန်သည်။ သွင့်ကို ဆက်မရှာ တော့တာ...လက်ထပ်ဖို့ မဆုံးဖြတ်တော့ဘဲ ရွက်နုကိုပဲ ရွေးလိုက်တာ ဟာ မမှားဘူးလို့ သူ့ကိုယ်သူ ဆုံးဖြတ်နေပါသည်။

"သွင့် သတင်း...ဘာလဲ...ပြောလေ"

"သွင် ပြောင်းသွားတဲ့ အဆောင်မှာ ကျန်ခဲ့တဲ့ သတင်းတချို့ ကို ကိုယ်ပြန်ကြားရတယ်...ကိုယ် အဲဒီ သွင် ပြောင်း သွားတဲ့ အဆောင်ကို ရောက်ခဲ့တယ်...ဒါပေမဲ့ သွင်က တခြားကို ထပ်ပြောင်းသွားပြီလို့ သိရတယ်...အဲဒါနဲ့အတူ ကိုယ့်အသိဆရာမတစ်ယောက်ဆီက ကြားလာတဲ့သတင်းတွေ ကြောင့်..."


www.burmeseclassic.com

www.burmeseclassic.com


"သြော်...သြော်...အဲဒီလောက်တောင် ဖြစ်သွားတယ်ပေါ့"

"ကိုယ် စောကမ္ဘာကို မေးတော့လည်း..."

"အင်း...ပြောပါဦး...သူက ဘာပြန်ဖြေလို့လဲ"

"သူက...အင်း...သူက..."

ထိပ်သည် စောကမ္ဘာက ဘာအဖြေမှ သေသေချာချာ ရေရေရာရာ မပေးခဲ့သည်ကို သတိရနေဆဲဖြစ်ရာ အဲဒါအတွက်လည်း သွင်ကို ပြန်ပြောရခက်နေပါသည်။

"ကိုကမ္ဘာက သူ ဘာမှ ပြန်မဖြေခဲ့ပါဘူးတဲ့...ဒီသတင်းကို ဟုတ်တယ်လို့ရော...မဟုတ်ပါဘူးလို့ရော သူ့ပါးစပ်က ထုတ်မပြောခဲ့ပါဘူးတဲ့...အဲဒါ ဟုတ်သလား ကိုထိပ်"

"......"

"ဟုတ်နေတယ် မဟုတ်လား"

"သူ မပြောဘူး...ဒါပေမဲ့..."

"အို... သူ မပြောဘူးဆို ပြီးတာပဲ...ဘာ...ဒါပေမယ့် လုပ်နေတာလဲ"

"ကိုယ်...မယုံလို့..."

"ဘာ..."

သွင်သည် အကျယ်ကြီး အော်ဆူလိုက်မိပြီးမှ လမ်းကြီးမှာ


www.burmeseclassic.com

www.burmeseclassic.com


ရပ်စကားပြောနေသော အဖြစ်ကို ပြန်သတိရသွားပါသည်။

ရှက်နုက သူတို့၏ဆွေးနွေးပွဲကို စိတ်မပါသလိုဖြင့် ရပ်ထားသော သူမ၏ကားပေါ် သွားထိုင်စောင့်နေတော့သည်။

လူတချို့က သွင့်မျက်ဝန်းက မျက်ရည်ဝဲဝဲဖြင့် စကားပြောနေခြင်းကို လေ့လာသွားကြသည်။

ထိပ်သည် သွင့်ကို ခပ်တည်တည် ပြန်ကြည့်ပြီး သူ့ကိုယ်သူ မှန်ကန်သေချာသော အသံဖြင့် တစ်လုံးချင်း အေးဆေးစွာ ပြောလိုက်ပါသည်။

"ကိုယ် ဘာကို မယုံမှန်းမသိ...မယုံဘူး...သွင့်ကို ချစ်ပေမယ့် ကိုယ် လက်မထပ်ရဲတော့ဘူး...လက်မထပ်ချင်တော့ဘူး...လူတစ်ယောက်နဲ့ဘာလိုလို အပြောခံထားရတာကို ကိုယ်မေ့လို မရသေးသမျှ သွင့်ကို လက်မထပ်တော့တာဘဲ ကောင်းတယ်လို့ ကိုယ်ဆုံးဖြတ်လိုက်တယ်"

သွင်သည် ချစ်သူ၏ စိတ်သဘောထားကို အခုမှ အသေအချာ သိခွင့်ရတော့တာ ဖြစ်ပါသည်။

"ကိုယ်...အကောင်းဆုံးကိုပဲ ရွေးပြီး ဆုံးဖြတ်လိုက်တာပါ၊ ကိုယ် သွင့်ကို ချစ်လို့ လက်ထပ်မိတာပဲ ထားဦး...တစ်ချိန်ချိန်ကျရင် ဒီလိုဖြစ်ဖူးတယ်ဆိုတာဟာ ကိုယ်တို့ရဲ့အိမ်ထောင်


www.burmeseclassic.com

www.burmeseclassic.com


ရေးမှာ အဖုအထစ် ဖြစ်လာလိမ့်မယ်...ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် မုန်းကြရလိမ့်မယ်...စိတ်ဆင်းရဲမှုတွေကို တစ်သက်လုံး ခံစားကြရလိမ့်မယ်...ကိုယ့်သားသမီးလေးတွေ ရှိလာရင် သူတို့ဟာ တစ်နေ့ကျရင် မတော်တဆ အမေ့သတင်းကို သိခဲ့ရရင် သူတို့ အရှက်ရကြလိမ့်မယ်... အဲဒါတွေ ကိုယ်တွေးမိပါတယ်...ပြီးတော့ အမှန်ဆုံးတစ်ခု ပြောမယ်...သွင်...ကိုယ်က ကိုယ်ကိုယ်တိုင်လည်း မရုပ်ဘူး...ဒီတော့ ကိုယ်လက်ထပ်တဲ့ မိန်းကလေးဟာလည်း အရုပ်အရှင်းကင်းစေချင်တယ်...အပျိုစင်ပဲဖြစ်စေချင်တယ်... အဲဒါ ကိုယ်ရဲ့ယောကျ်ားအဆန်ဆုံး စိတ်ဓာတ်ပဲသွင်...ကိုယ်ဒါကြောင့် သွင့်ကို ဆက်မရှာတော့ဘဲ ရွက်နုကိုပဲ ရွေးလိုက်တာပါ...သွင်ပြီးရင် ရွက်နုဟာ ကိုယ့်ဘဝမှာ သံယောဇဉ်အဖြစ်မိဆုံးပဲ...ကိုယ့်ကိုလည်း သူက သိပ်ချစ်တယ် သွင်"

သွင်သည် သူ့ကို ပါးရိုက်ရတော့မလားဟု တွေးပြီး လက်တော့ ပြင်လိုက်မိမလို ဖြစ်သွားသေးသည်။

သို့သော် သွင် ရိုက်ဖို့အထိ မဆုံးဖြတ်မိတော့ပါ။ သွင့်အသားနဲ့ထိဖို့ မထိုက်တန်တော့ဘူး။ သွင့်အပေါ် အယုံအကြည်နည်းခြင်း၊ သွင့်ရဲ့ ကိုယ်ကျင့်တရားနဲ့သိက္ခာကို အလေးအနက် မထားခြင်း၊ နိုး



www.burmeseclassic.com

www.burmeseclassic.com


စပ်သော သံယောဇဉ်အပေါ် တိမ်းညွှတ်လွယ်သော ယောကျာ်းလေး တစ်ယောက်ဖြစ်ခြင်း...စသည့် ပြစ်ချက်တွေကြောင့် သွင်သည် ကိုထိပ်ကို အမုန်းကြီး မုန်းမိတော့လေသည်။

သူ့ကို တော်တော် ချစ်ခဲ့ရတာ...။

ငယ်သူငယ်ချင်းသံယောဇဉ်... ချစ်သူ့ သံယောဇဉ်တွေနဲ့ သံယောဇဉ်ကြီးခဲ့ရတာ...။

အဲဒါတွေရဲ့ ဇာတ်သိမ်းကတော့ သူ့ကို နာကြည်းအမျက်ထွက် ရဖို့ပဲ ဖြစ်လာခဲ့သတဲ့။

"ကိုယ်တို့ နောက်အပတ်ထဲမှာ မင်္ဂလာပွဲလုပ်တော့မယ်... ဒီနေ့မနက်ပဲ လက်မှတ်ထိုး လက်ထပ်ပြီးပြီ။

ဩော်...ဒါကြောင့် ရွက်နုက သိပ်ကို ယုံကြည်ပိုင်နိုင်နေခဲ့တာ ကိုး။

"သွင်...ကိုယ့် မင်္ဂလာပွဲကို လာခဲ့ပါ...ကိုယ် ဖိတ်ပါ တယ်...ဖိတ်စာကို ကိုယ် စောကမှာကတစ်ဆင့် ပေးလိုက် မယ်နော်"

"ကောင်းတာပေါ့...ကြားရတာ အားလုံးဝမ်းသာစရာပါပဲ... ကိုထိပ်...၊ ဘာဖြစ်လို့ ဝမ်းသာလဲဆိုတော့ သွင့်အပေါ်


www.burmeseclassic.com

www.burmeseclassic.com


ချစ်တဲ့အချစ် မစစ်မှန်ခဲ့တဲ့ ယောက်ျားတစ်ယောက်ကို ယောင်မှားပြီး လက်မထပ်မိခဲ့တဲ့အတွက် ဝမ်းသာတာပါ”

ထိပ်သည် ဒီမိန်းကလေးအပေါ် သံယောဇဉ်တွေ ရှိခဲ့ဖြစ်သော်လည်း သူက အမှန်ကန်ဆုံးကို ဆုံးဖြတ်ပြီးလေရာ ဘာမှ ဖျောင်းဖျနှစ်သိမ့်စရာ စကားမရှိတော့ပါ။

သူ နှုတ်ဆက်ပြီး သွားရန်ခြေလှမ်းပြင်ပါသည်။

“သြော်...သွင့်ကို ကိုယ်မသွားခင် တစ်ခုတော့ အကြံပေးခဲ့ချင်တယ်”

သွင်က အမျက်ကြီးနေသော မျက်ဝန်းစိမ်းစိမ်းတွေဖြင့် ပြန်စိုက်ကြည့်နေခဲ့သည်။

“သွင် ဒီလိုဘဝမျိုးနဲ့သာ ဆက်နေရင် သွင့်ရဲ့အနာဂတ်ဟာ...”

“တော်စမ်း...ရှင်...ဘာမှ ဆက်မပြောပါနဲ့တော့...ဒီလောက်ထိ စိတ်ကြိုက်ပြောပြီးနေပြီလေ...၊ တော်ပါတော့...ဘာစကားနဲ့မှ သွင့်ကို ဒုက္ခမပေးပါနဲ့တော့...သွင် ရှင့်ကို သေတဲ့အထိ မုန်းတယ်”

* * *


www.burmeseclassic.com

www.burmeseclassic.com


အချစ်ဆိုတာဟာ ဘာကို ခေါ်သလဲဆိုတာ အခုမှ သေသေချာချာပင် စဉ်းစားမိလာပါသည်။

သွင် ရရှိခဲ့ဖူးသော အချစ်ကား မည်ကဲ့သို့သော အချစ်မျိုးနည်း။

သွင် သူ့ကို ပေးခဲ့ဖူးသော အချစ်ကရော ဘယ်လို အချစ်မျိုး ဖြစ်ခဲ့သလဲ။

ချစ်သူအတွက် အသက်ပေးစွန့်လွှတ်ခဲ့တာတွေ...အနစ်နာခံခဲ့တာတွေ...မျက်ကန်းအချစ်နဲ့ချစ်ခဲ့တာတွေဟာ...

တကယ်ရောရှိခဲ့ဖူးရဲ့လား...။

ပုံပြင်မို့လို့၊ ဒဏ္ဍာရီမို့လို့ပဲ အဲဒီလောက်စစ်မှန်ပြီး ပြောင်မြောက်တဲ့ အချစ်လှလှတွေ ကြားဖူးနေခဲ့သလား။

သွင်သည် အသိရခက်၍ နက်နဲသော အချစ်ဆိုသည့် ဒဿနကြီးကို ဘယ်လိုမှ ကောက်ချက်ချ၍ မရခဲ့တော့ပါ။

*　*　*


www.burmeseclassic.com

www.burmeseclassic.com


နောက်...နှစ်နှစ်မျှ ကြာသောအခါ


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


သွင်သည် ကားပေါ်မှ စိတ်မြန်လက်မြန် ဆင်းတော့မလို ပြင်ပေမယ့်...

"အို...မရဘူးလေ...မဆင်းနဲ့ဦး...ကိုယ့်ကို တွဲရမယ်"

ဟု သူက ကားတံခါးကိုဖွင့်ရင်း အနားရောက်လာပြီး ဖြစ်သဖြင့် လက်ကမ်းကာ ပြောလိုက်ပါသည်။

သွင်က ပြုံးရင်း သူ့လက်မောင်းကို အသာ တွဲချိတ်လိုက်ပါသည်။

"ကိုယ် အရမ်းပျော်နေတယ်...သိလား"

"ဒါပါနဲ့ဆို ဒီစကားကို ပြောတာ အကြိမ်တစ်ရာ့ငါးဆယ် ရှိပြီ"

"ဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



သွင်က သူမ၏ သတို့သားကို ငေးကာ ငါရော အပြည့်အဝ သူ့လောက်ပျော်ရဲ့လားဟု ကိုယ့်ကိုယ်ကို သံသယစိတ်တွေနှင့် ပြန်မေးနေမိပါသည်။

လူတွေအားလုံးရဲ့မျက်နှာက အပြုံးတွေဟာ အတုတွေရော၊ အစစ်တွေရော အစုံရောနှောနေပါလိမ့်မည်။

ဒါပေမဲ့ သူ့မျက်နှာက အပြုံးကတော့ စစ်မှန်သော အပြုံးသာ ဖြစ်ပါသည်။

သူ့ဆီက ရရှိသော အချစ်ကရော...

အို...နေပါဦး...ငါ အချစ်ဆိုတာကို အယုံအကြည်မှ မရှိတော့တာ၊ အဲဒါကို မတွေးနဲ့ပေါ့။

ဒါဆို ငါ့မျက်နှာပေါ်က အပြုံးကရော ဒါလည်း မသေချာ။ စစ်မှန်သလား၊ အတုလား၊ ကိုယ့်အပြုံးပင် ကိုယ် အဖြေမထုတ်နိုင်။

မှန်ကို အကြိမ်ကြိမ်ကြည့်ရင်း ဒီအဖြေကို ထုတ်နေမိတာ ခဏခဏပဲနော်...။ ဒါပေမဲ့ အဖြေမရှိခဲ့ဘူး။

သွင်သည် စောကမှာကို လက်ထပ်ဖို့ ဘာကြောင့် ခေါင်းညိတ်မိသည်ပင် သူမကိုယ် သူမ အဖြေမသိခဲ့သူ ဖြစ်ပါသည်။

အခုတော့ ဒီနေ့ လက်ထပ်ပွဲ ကျင်းပပြီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ပြီးတော့ သွင်တို့အတွက် စောကမ္ဘာ၏မိဘတွေ လက်ဖွဲ့သော အိမ်ကိုပင် ရောက်နေခဲ့ပြီ။

သွင်ဟာ ဒီအဖြစ်အပျက်ကို အိပ်မက်ထင်ပြီး ဟိုငေး ဒီငေး ဖြစ်နေသည်။

စောကမ္ဘာက သွင့် ပခုံးကို ခပ်ဖွဖွလာဖက်ကာ...

"သွင် မပျော်တော့ဘူးလား"

ဟု တိုးတိုး လာမေးပါသည်။

"သွင် မသိဘူး ကမ္ဘာ"

"ဒါပေမဲ့ ဝမ်းတော့မနည်းဘူး မဟုတ်လား"

"ဟင့်အင်း...ဝမ်းနည်းပါဘူး...သွင် ဒီလို အခြေအနေ ဖြစ်ရတာကို လက်ခံပါတယ်"

"အကယ်၍ သတင်းတစ်ခုခု ကြားရင် သွင်ဘာဖြစ်သွား မလဲ...ဥပမာ...စိတ်လှုပ်ရှားရတဲ့သတင်းမျိုးပေါ့"

"သွင်...စိတ်မလှုပ်ရှားတတ်အောင် ကိုယ့်စိတ်ကို လေ့ ကျင့်ထားခဲ့တာ ကြာပါပြီ...ကမ္ဘာရယ်"

"ဒါဆို ဒီမှာ ကြည့်စမ်း"

စောကမ္ဘာက သတင်းစာကို ဆွဲယူလာပြပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သမီးဦးရတနာ ဖွားမြင်ခြင်းဟူသောသတင်းတစ်ခုကိုလက်ညှိုး ဖြင့် ထောက်ပြပါသည်။

သွင် သေချာစွာ ဖတ်လိုက်၏။

ဩော်...သွင်သည် အာမေဋိတ်သံကို စိတ်ထဲမှ ရေရွတ်လိုက်မိ ပါသည်။

"သူတို့ သမီးဦးလေး မနေ့က မွေးတယ်...သွင်၊ ထိပ်ဆို တဲ့နာမည်...ရွက်နုစိမ်းဆိုတဲ့နာမည်တွေကို သွင် ရင်ဆိုင်နိုင် မယ် ထင်ပြီး ကိုယ်လာပြတာပါ"

"အို...ရပါတယ်...သွင်နဲ့ဘာမှ မသက်ဆိုင်တော့ဘူးလို့ သွင့်စိတ်ထဲမှာ ထည့်ထားခဲ့တာ နှစ်နှစ်တောင် ကျော်သွား ပြီလေ...သူတို့ရဲ့ ကောင်းသတင်းပဲဖြစ်ဖြစ်...မကောင်း သတင်းပဲဖြစ်ဖြစ် သွင့်အတွက် ကိုယ်နဲ့မဆိုင်တဲ့ သတင်း တစ်ပုဒ်လိုပဲ ခံစားရတယ်"

စောကမ္ဘာသည် သွင့်လက်ဖဝါးတွေကို နှစ်သိမ့်သလို ဆုပ် ကိုင်ရင်း တိုးတိုးကလေး ဝန်ခံလိုက်ပါသည်။

"သွင့်ကို တစ်ခုမေးမယ်"

"မေးလေ"


www.burmeseclassic.com

www.burmeseclassic.com


"သူ...ကိုယ့်ကို သွင်နဲ့ကိုယ့်အကြောင်း ဟိုလိုလို သတင်း ထွက်တုန်းက လာမေးတော့ ကိုယ်တို့ဘာမှ မဖြစ်ပါဘူး... မိတ်ဆွေတွေပါလို့ ကိုယ်ရှင်းရှင်းလင်းလင်း ပြန်မဖြေမိခဲ့မိ ဘူး သွင်"

"အင်း..."

"အဲဒါ...သွင် စိတ်ဆိုးလား"

"စိတ်ဆိုးရမလား...စိတ်မဆိုးရမလားဆိုတာ အခုထိ သွင် မသိသေးဘူး"

"အမှန်တော့ ကိုယ့်ကို စိတ်ဆိုးရမှာပါ...ကိုယ်က သွင့်ကို ချစ်နေတော့ သူ ထင်ချင်သလို ထင်ပါစေဆိုပြီး သူ့ကို မရှင်းပြခဲ့မိဘူး"

"အဲဒါ ရှင်က **guilty** ဖြစ်နေလား"

"မဖြစ်ဘူး...ကိုယ် သွင့်ကို ချစ်တယ်လေ...ကိုယ် ချစ်တဲ့ မိန်းကလေးကို ကိုယ့်ဘက်ရောက်အောင် ဖန်တီးတဲ့ လုပ် ရပ်အတွက် ဘယ်တော့မှ မမှားဘူးလို့ ထင်တယ်...သွင်၊ ဒါပေမဲ့ ကိုယ် သွင့်ကိုတော့ အမှန်အတိုင်း ဝန်ခံချင်လာလို့ ပါ"


www.burmeseclassic.com

www.burmeseclassic.com


သွင်က ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"အခုအချိန်ကျမှ ကမ္ဘာရယ်...ဒါတွေကို ပြန်မြေလှန်ဦးမလို့လား"

စောကမ္ဘာက ဘာမှ မဖြေဘဲ ပြုံးလေသည်။

"အသစ်က ပြန်စလို့လည်း မရတော့ဘူး ရှင်...သူလည်း သမီးတစ်ယောက် မွေးသွားပြီး...သွင်လည်း ရှင်နဲ့လက်ထပ်ပြီးပြီ...စိတ်ကူးယဉ်ဆန်တဲ့ စကားတွေပြောဖို့ အချိန်မဟုတ်တော့ဘူး...ကိုယ် ရပ်နေတဲ့နေရာမှာပဲ ကျေနပ်ပြီး ရှေ့ဆက်ဖို့ပဲ ရှိတော့တယ်...နောင်တ ရစရာတွေ ဘာတွေလည်း ခေါင်းထဲ မထည့်တော့ဘူး...ဖြစ်သင့် ဖြစ်ထိုက်လို့ ဒီလိုဖြစ်ရတာကို ကျေနပ်တယ် ကမ္ဘာ...ဒီနေ့ကစပြီး တသွင်သွင်မှာ ထိပ်လည်း မရှိဘူး...ရှက်နုလည်း မရှိဘူး...ဘာမှ မရှိတော့ဘူး"

သွင်သည် ပြောပြော ပြုံးပြုံး ထသွားပါသည်။

စောကမ္ဘာက သွင့်နောက်မှ မပါလာပေမယ့် သွင်ကြားအောင်တော့ အော်ပြောလိုက်ပါသေးသည်။

"ဟော့...ဟော့...အဲဒီလို မပြောနဲ့လေ...တသွင်သွင်မှာ


www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူမှ မရှိတာ မဟုတ်ဘူး...ရှိသေးတယ်...တစ်ယောက်
ရှိသေးတယ်...အဲဒီလူက စောကမ္ဘာတဲ့ကွ”

စောကမ္ဘာ၏ အသံကို သွင်ကတော့ ပြန်မတုံ့ပြန်ဖြစ်တော့ပါ။

သွင်သည် ဝရန်တာကို ထွက်လာခဲ့လေပြီ။ ခပ်လှမ်းလှမ်းမှာတော့ နေလုံးနီနီရဲရဲကြီးက အနောက်ဘက် မိုးကုပ်စက်ဝိုင်းထဲသို့ ဝင်စပြုနေတာ တွေ့ရပါသည်။

နေ့တစ်နေ့ ကုန်ဆုံးခဲ့လျှင် နောက်ထပ် နေ့သစ်တစ်နေ့စဖို့ နေရောင်ခြည်သစ်တစ်ခုကတော့ အဆင်သင့် ရှိနေဦးမှာပါ။

အဲဒီလိုပဲ သွင့်ဘဝလည်း နေရောင်ခြည်သစ်တစ်ခုနှင့်အတူ စတင်ဖို့သာ ရှိတော့လေသည်။

သွင် ငေးပြီး နှုတ်ဆက်မိနေသော နေလုံးကြီးကတော့ မည်သူတစ်ဦးတစ်ယောက်ကိုမှ သတိပြုမိဘဲ အေးဆေးတိတ်ဆိတ်သာယာစွာပင် ဝင်သွားခဲ့တော့သည်။

ထို့အတူ...

နောက်ထပ် နေရောင်ခြည်သစ်တစ်ခုကလည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ သတိမထားမိဘဲ သူ့ဝတ္တရားအတိုင်း ထွက်ကိုထွက်လာခဲ့ဦးမည်။

* * *

www.burmeseclassic.com



နေရောင်ခြည် အသစ်တစ်ခုနှင့်အတူ

စတင်ပေါ်ပေါက်လာမယ့်

ချစ်ခြင်းမေတ္တာတစ်ခုလောက်များ

သူမထံမှာ ထပ်မံဖြစ်ပေါ်လာဦးမလား

လို့တော့ သူမကိုယ်တိုင်ကပဲ

ကျေကျေနပ်နပ် မျှော်လင့်နေချင်ခဲ့ပါသည်...။

**ရွှင်မိုး[ဆေးတက္ကသိုလ်]**

**13th August**

**Tuesday,**

**2002,**



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com